# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)



၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၁၈ ရက်၊ သောကြာနေ့ အတွဲ (၅၉)၊ အမှတ် (၃၅၁)


# ဗီယက်နမ်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ဗီယက်နမ်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၅၆ ဦးအား မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှုခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။ **(ဓာတ်ပုံ)**



ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက် နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ကယ်ဆယ်ရေးလေယာဉ်/ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၅၄၅၃ ဦး ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကုသမှုအပိုင်းနဲ့ပတ်သက်ပြီး နိုင်ငံတကာ Guide Line တွေရော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ Guide Line တွေအတိုင်း ဆောင်ရွက်နေပါတယ်

**ပါမောက္ခ ဒေါက်တာကျော်ကျော်ဦး**

**နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ကုသမှုခံယူနေကြသည့် ကိုဗစ် –၁၉ ဓာတ်ခွဲအတည်ပြုလူနာများ၊ သံသယလူနာများ၏ ကျန်းမာရေး အခြေအနေ၊ ဆေးဝါးကုသ စောင့်ရှောက်ပေးနေမှုနှင့် နေပြည်တော်အတွင်း ကိုဗစ်–၁၉ ကုသရေး၊ ထိန်းချုပ်ရေးလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ထားမှုများနှင့်စပ်လျဉ်းပြီး တာဝန်ရှိသူများ၏ ပြောကြားချက်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**ဒေါက်တာပပ**

**(ကျွမ်းကျင်သူ၊ နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး)**

အရေးပေါ်ဌာနကို လာရောက်ပြသတဲ့ လူနာတွေကတော့ မျိုးစုံရှိပါတယ်။ ခရီးသွားတဲ့ ရာဇဝင်၊ ရောဂါလက္ခဏာ၊ ရောဂါရှိတဲ့သူတွေနဲ့ ထိတွေ့မှုရှိတဲ့ အခြေအနေတွေကို ကြည့်ရှုစစ်ဆေးပါတယ်။ ဒီလို စစ်ဆေးပြီးတော့ ဆေးရုံရဲ့ ကိုဗစ်ကာကွယ်ထိန်းချုပ်ကုသရေးအဖွဲ့ရဲ့ ဆုံးဖြတ်ချက်နဲ့ သံသယလူနာတွေကို သီးခြားထားတဲ့ အထူးသီးသန့်ဆောင်ကိုပို့ပြီး ကုသမှုပေးပါတယ်။ အရိုး၊ ဦးနှောက်၊ အာရုံကြောနဲ့ ပတ်သက်ပြီး ခွဲစိတ်ဖို့လိုအပ်တဲ့ လူနာတွေနဲ့ ပုံမှန်ခွဲစိတ်ဖို့လိုအပ်တဲ့ လူနာတွေကိုတော့ သီးခြားထားပြီး အခန်းတစ်ခုနဲ့ သတ်သတ်ခွဲခြားထားရှိပါတယ်။ ပြီးရင် သူ့ကို ကိုဗစ်–၁၉ ထပ်မံစစ်ဆေးပါတယ်။ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံမှာ ကိုဗစ် ရောဂါ ရှိ၊ မရှိ စစ်ဆေးပေးတဲ့ လူနာပေါင်း အခုဆိုရင် ၅၀၀ နီးပါးရှိသွားပြီ ဖြစ်ပါတယ်။ Positive ပိုးတွေ့တဲ့ လူနာတွေကို သီးသန့်ထားရှိတဲ့ အထူးသီးသန့် ကုသဆောင် (၁)ကို ပြောင်းရွှေ့ကုသပါတယ်။ အထူးသီးသန့်ကုသဆောင် (၁) ကတော့ အားလုံး Positive လူနာတွေကို ထားရှိတဲ့ အခန်းဖြစ်ပါတယ်။

ဆေးရုံကို လာရောက်ပြသတဲ့ လူနာတွေကို ခွဲခြားပါတယ်။ Positive တွေ့တဲ့ လူတွေကို ခွဲခြားထားသလို ပြည်သူတွေထဲမှာ ထိတွေ့မှုရှိတဲ့သူတွေ၊ Quarantine ထားတဲ့သူတွေထဲက Positive တွေ့ခဲ့ရင်လည်း ဒီဘက်ကိုလွှဲပြောင်းပြီးတော့ လက်ခံကုသပေးရပါတယ်။ ဒီလူတွေကိုတော့ အရေးပေါ်ဌာနကို ဝင်ရောက်ခြင်းမပြုတော့ဘဲ အထူးသီးသန့်ဆောင်(၁)ကို တိုက်ရိုက်သွားခိုင်းပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပိုးရှိတဲ့သူတွေထိတွေ့မှုကို တတ်နိုင်သမျှ လျော့ပါးစေဖို့အတွက် ဖြစ်ပါတယ်။ စက်တင်ဘာ ၂ ရက်ကစပြီး ပိုးတွေ့လူနာ အခုထိဆေးရုံမှာဆိုရင် ၄၉ ဦး ကုသပေးခဲ့တာ ဖြစ်ပါတယ်။ ဒီ ၄၉ ဦးမှာ ဝန်ထမ်းက ၁၆ ဦးရှိပြီး ကျန်တဲ့လူနာတွေကတော့ ပြင်ပက Quarantine စင်တာက လာတဲ့သူတွေ၊ အခြားရောဂါရှိလို့ လာရောက်ပြသရင်းနဲ့ ဆေးရုံမှာတွေ့တဲ့ လူနာတွေဖြစ်ပါတယ်။ ပိုးတွေ့လူနာတွေ ထားရှိဖို့အတွက် အထူးသီးသန့်ဆောင် (၁)မှာ ၃၄ ဦး ထားရှိဖို့စီစဉ်ပြီး နောက်ထပ်တိုးချဲ့တဲ့ အထူးသီးသန့်ဆောင် (၃)မှာ နောက်ထပ် ၃၄ ဦး ထားရှိကုသနိုင်မှာ ဖြစ်ပါတယ်။ ဆေးရုံဆင်းနိုင်ခဲ့တာက နှစ်ဦးဖြစ်ပါတယ်။ လာမယ့်နှစ်ရက်အတွင်း ဆေးရုံက ဆင်းမှာကတော့ ခုနစ်ဦး ဖြစ်ပါတယ်။ ကိုဗစ်–၁၉ရဲ့ ကုသမှုမှာ အောက်ဆီဂျင်က အဓိကအရေးကြီးတဲ့ကဏ္ဍက ပါဝင်တဲ့အတွက် ICU က ကိုးခုတင် တင်မကဘဲ အထူးသီးသန့်ဆောင်(၁) ထဲမှာလည်း ICU ခုတင် လေးခုတင် ပြင်ဆင်ပြီး အောက်ဆီဂျင်ပိုက်လိုင်းတွေနဲ့ ပေးနိုင်အောင် စီစဉ်ထားရှိပါတယ်။


*စာမျက်နှာ ၄ ကော်လံ ၁* ❏


**အိန္ဒိယနှင့် ပါကစ္စတန်တို့တွင် လအတန်ကြာ ပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်ဖွင့်**


နိုင်ငံတကာသတင်း စာ ၁၃


**အစ္စရေးနှင့် ပုံမှန်ဆက်ဆံရေး ထူထောင်နိုင်သည့်အတွက် ယူအေအီးနှင့် ဘာရိန်းနိုင်ငံတို့ကို အီရန်ရှုတ်ချ**


နိုင်ငံတကာသတင်း စာ ၁၄



KBZ BANK

BEST BANK IN MYANMAR

Awarded by
World Finance

Awarded by
Euromoney

Awarded by
The FinanceAsia

# အပြုသဘောထားဖြင့် တစ်တပ်တစ်အား ဝိုင်းဝန်းကူညီ

ဩဂုတ်လလယ်ပိုင်းတွင် စတင်ခဲ့သည့် ကိုဗစ်-၁၉ ဒုတိယအကျော့ ဝင်ရောက်မှုက ရိုက်ခတ်မှုပြင်းထန်လှသည်။ ရောဂါပိုးကူးစက်ပျံ့နှံ့မှုက မြန်ဆန်လှသလို ခတ်ခွဲအတည်ပြုလူနာ အရေအတွက်နှင့် ရောဂါကြောင့် သေဆုံးမှုအရေအတွက်တို့က တစ်လခန့် အချိန်ကာလအတွင်းမှာပင် ရုတ်တရက် မြင့်တက်သွားခဲ့သည်။ နိုင်ငံတွင် လူဦးရေအထူထပ်ဆုံး ဒေသဖြစ်ပြီး စီးပွားရေးအချက်အချာလည်းဖြစ်သည့် ရန်ကုန်သည် ကိုဗစ်-၁၉ နှင့် အဓိကရင်ဆိုင်ရသည့် ဗဟိုချက်မ သဖွယ်လည်း ဖြစ်လာသည်။ ကယားပြည်နယ်မှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ယခင်နှင့် နှိုင်းယှဉ်ပါက ပိုးတွေ့လူနာအရေအတွက်တိုးလာသည်။

ကိုဗစ်-၁၉ ရောဂါလက္ခဏာမပြသည့် လူနာများမှ အဆင့်ဆင့် ပြန့်ပွားခဲ့သည့် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကိုဗစ်-၁၉ မြန်မာနိုင်ငံသို့ ဝင်ရောက်မှုစတင်ခဲ့ပြီးနောက် ခြောက်လခန့်ကြာမြင့်သည်အထိ အတည်ပြုလူနာအရေအတွက် ရာဂဏန်း အနည်းငယ်မျှသာ တွေ့ရှိခဲ့ရခြင်းနှင့် ရောဂါနှင့် ဆက်နွယ်၍ သေဆုံးသူ ခြောက်ဦးမျှသာရှိခဲ့ခြင်းတို့ကြောင့် ကိုဗစ်-၁၉ ရောဂါအပေါ် ပေါ့ပေါ့ဆဆသဘောထား ရှုမြင်ကြသူများလာပြီး နယူးနော်မယ်ကိုပါ လျစ်လျူရှုလာခဲ့ခြင်းကြောင့် ယခုလို ပြင်းထန်ခဲ့ရခြင်းလည်းဖြစ်သည်။ လက်ရှိအခြေအနေတွင် ရန်ကုန်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့ရွာဒေသအသီးသီးတွင် အသွားအလာကန့်သတ်ထိန်းချုပ်ခြင်းနှင့် ကိုဗစ်- ၁၉ ကာကွယ်တားဆီးရေး စည်းမျဉ်း စည်းကမ်းများကို အလေးအနက် ပြန်လည်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ရာ ရက်သတ္တပတ် အနည်းငယ်မျှကြာလျှင် ပြန်လည်ထိန်းချုပ်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာမည်ဖြစ်သည်။

ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှုနှင့် ရင်ဆိုင်နေကြရသည့် အခြေအနေ၊ အချိန်အခါတွင် ပြည်သူလူထုအတွင်း အပြုသဘောဆောင်သည့် သဘောထားများ အားကောင်းစွာ ပျံ့နှံ့ထွန်းကားနေစေရန်မှာ လွန်စွာအရေးပါလှသည်။ အရင်းအမြစ်အားနည်းလှသည့် မိမိတို့နိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများ၊ အခြားဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များ စသည့်အင်အားများဖြင့် ကူးစက်မြန်ကပ်ရောဂါကို တိုက်ပွဲဝင်ကြရာတွင် စိတ်ဓာတ်အင်အားက အဓိကကျသည်။ တစ်ဦးတစ်ယောက်၏ အလိုမကျမှု အတ္တနောမတိဖြင့် အဆိုးမြင်ပုံဖော် ပြောဆိုရေးသားဖြန့်ဝေမှု ပြုလုပ်ခြင်းထက် အားနည်းချက်များ၊ လစ်ဟာနေမှုများကို တွေ့မြင်သိရှိပါက ဝိုင်းဝန်းကူညီဖြည့်ဆည်းပေးခြင်းကသာ အပေါင်းလက္ခဏာဆောင်ပြီး လက်တွေ့လည်းကျမည်ဖြစ်သည်။ ပြည်သူအများ တစ်တပ်တစ်အား ပါဝင်ကူညီမှုကိုလည်း အလေးထား၍ ဖိတ်ခေါ်လျက်ရှိသည်။

"ကျန်းမာရေးဝန်ထမ်းတွေ ကြားထဲမှာရော၊ တခြားဝန်ထမ်းတွေကြားထဲမှာရော ရောဂါပြန့်ပွားလာတာ အတိုင်းအတာတစ်ခုထိရှိပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ရဲ့ စေတနာ့ဝန်ထမ်းတွေ ဝိုင်းဝန်းကူညီနေတာ ကျွန်မတို့ရဲ့ အားသာချက်တစ်ခုက ဒါပါပဲ။ ကျွန်မတို့ ပြည်သူတွေက တကယ်အရေးကြီးပြီဆိုရင် သွေးစည်းကြပါတယ်။ တတ်နိုင်သမျှ ဝိုင်းဝန်းကူညီကြပါတယ်။ ဒီအကူအညီတွေအတွက်လည်း ကျွန်မတို့ ကျေးဇူးတင်ကြောင်း ပြောချင်တယ်။ ထပ်လည်း ဖိတ်ခေါ်ချင်ပါတယ်။ ကျွန်မတို့ စေတနာ့ဝန်ထမ်းတွေ၊ ပညာရှင်တွေ နိုင်ငံတော်အစိုးရရဲ့ လုံးပန်းမှုတွေကို ဝိုင်းဝန်းကူညီပေးကြပါ"ဟူ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် ပြောကြားထားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ မြန်နိုင်သမျှမြန်စွာ ချုပ်ငြိမ်းအဆုံးသတ်သွားရန်မှာ ပြည်သူများက အဓိကဖြစ်သည်။ ရောဂါကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီနေထိုင်၍ မိမိကိုယ်ကိုယ်ကာကွယ်ရေးနှင့် အခြားသူများကိုပါ ကာကွယ်ရေး၊ ကပ်ရောဂါတိုက်ဖျက်ရေး ဆောင်ရွက်မှုလုပ်ငန်းများတွင် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကူညီရေးတို့ကို လက်တွေ့ကျကျ ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ့သားကောင်း သမီးကောင်းများအဖြစ် တာဝန်ကျေပွန်နိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဝင်းမော်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့်သဘာဝဓာတ်ငွေ့<br>စီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဒေါက်တာ အောင်ကျော်သင်<br>ဒုတိယပါမောက္ခချုပ်<br>ဗန်းမော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဗန်းမော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာ သိင်္ဂီရွှေ<br>ဒုတိယပါမောက္ခချုပ်<br>ထားဝယ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ထားဝယ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ Monitoring and Evaluation Framework အတွက် Indicator များ ဖော်ထုတ်ဆွေးနွေးနိုင်ရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ Monitoring and Evaluation Framework အတွက် Indicator များ ဖော်ထုတ် ဆွေးနွေးနိုင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက Virtual Workshop အနေဖြင့် ကျင်းပသည်။ (ယာပုံ)



အဆိုပါ Virtual Workshop သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဦးစီးဌာနများမှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၊ UNICEF မှ Country Representative နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ နှစ်ဆန်းပိုင်းမှစ၍ Monitoring & Evaluation လုပ်ငန်းများအတွက် ဌာနအလိုက် တာဝန်ရှိသူအဆင့်ဆင့်နှင့် တွေ့ဆုံဆွေးနွေးမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်မှုအပေါ် အခြေခံ၍ Ministry-Wide Monitoring & Evaluation Roadmap (မူကြမ်း) ပြုစုပြီးဖြစ်ကာ အသေးစိတ်ဆွေးနွေးအတည်ပြုပြီးလျှင် စာအုပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်နေပါကြောင်း၊ ဝန်ကြီးဌာနတစ်ခုလုံးအတွက် ပြုစုထားသည့် M & E Roadmap ထွက်ရှိလာချိန်တွင် အသေးစိတ် Indicators များ ဖော်ထုတ်ရရှိရန်အတွက် လိုအပ်ပါကြောင်း၊ သို့မှသာ မိမိတို့၏ ရည်မှန်းချက်နှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ ကိုက်ညီဆီလျော်မှုရှိမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ တာဝန်ပေးအပ်ခံရသူများအနေဖြင့် လုပ်ငန်းအလိုက် မည်သည့် Indicators များ ထားရှိသင့်သည်ကို ညှိနှိုင်း ဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ် စောင့်ရှောက်ရေးလွှမ်းခြုံမှု၊ Early Childhood Care and Development (ECCD)၊ Maternal and Child Cash Transfer Programme(MCCD)၊ Social Cash Transfer၊ ကျားမတန်းတူညီမျှမှု၊ အိမ်တွင်း အကြမ်းဖက်မှုဆိုင်ရာ ညွှန်းကိန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် သဘာဝဘေးလျော့ပါးရေး၊ သဘာဝဘေး အသိပညာပေးရေး၊ ကြိုတင်သတိပေးစနစ်၊ သဘာဝဘေးနှင့် ပဋိပက္ခကြောင့် သေဆုံးမှု၊ ဒဏ်ရာရမှု၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားမှုဆိုင်ရာ အညွှန်းကိန်းများ၊ ပြန်လည် ထူထောင်ရေးဦးစီးဌာနအနေဖြင့် မိုင်းအန္တရာယ်အသိပညာပေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ကလေးစစ်သားလျှော့ချရေး၊ ပြန်လည် ထူထောင်ရေးဆိုင်ရာ အညွှန်းကိန်းများအား စုစည်းပြုစု၍ ဗဟိုစာရင်းအင်းအဖွဲ့မှ ဆောင်ရွက်နေသည့် NIF Data စုစည်းမှုအတွက် ပေးပို့လျက်ရှိကြောင်း။

ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် M&E Framework သည် နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်နေသည့် မူဝါဒများ၊ လုပ်ဆောင်မှုများဖြစ်သည့် MSDP/ NIF တို့နှင့် လိုက်လျော ညီထွေဆောင်ရွက်နေသည်ကို သိရှိနားလည်ကြရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ တိုးတက်မှုအနေအထားများအား တိုင်းတာရန်အတွက် အညွှန်းကိန်းများအား စနစ်တကျ နှိုင်းယှဉ်သုံးသပ်နိုင်လျှင် ဦးစီးဌာန တစ်ခုချင်းစီအတွက် လုပ်ငန်းဆောင်ရွက်မှုများ၊ ရည်မှန်းချက်များ ပိုမိုပြည့်ဝအောင်မြင်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရှိမည် ဖြစ်ပါကြောင်း၊ M&E Framework လက်ရှိအချိန်ထိ ရောက်ရှိစေရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးကြသူများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းများကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် မျှော်လင့်ပါကြောင်း၊ ယခု အညွှန်းကိန်းများ ဖော်ထုတ်ရာတွင် ကြုံတွေ့ရနိုင်သည့် အခက်အခဲများအား ပွင့်ပွင့်လင်းလင်း အတွေ့အကြုံများဖလှယ်၍ ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ UNICEF မှ ပူးပေါင်းဆောင်ရွက်သူများအားလည်း ကျေးဇူးတင်ရှိပါကြောင်း၊ လက်ရှိ ကိုဗစ်-၁၉ ကာလအတွင်း စိန်ခေါ်မှုနှင့် အခက်အခဲများအား ကျော်လွှား၍ လုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။ ထို့နောက် UNICEF မှ Country Representative Ms. June Kunugi က လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် Monitoring and Evaluation Roadmap ရေးဆွဲမှုတွင် ပူးပေါင်း ဆောင်ရွက်ခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် M&E ကိစ္စရပ်များအတွက် ပံ့ပိုးပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် Virtual Workshop ကို ဆက်လက်ကျင်းပရာ ဗဟိုစာရင်းအင်းအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ Monitoring and Evaluation Framework နှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိဂုံးချုပ်အနေဖြင့် Monitoring and Evaluation Framework ကို စတင်ဆောင်ရွက်စဉ်ကတည်းကပင် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ ဦးစီးဌာနများကို ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါကြောင်း၊ Indicator များနှင့်ပတ်သက်၍ ရုံးချုပ်မှ တာဝန်ရှိသူများအပြင် တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့်လည်း သိရှိရန် လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏ ဦးတည်ချက်/ ရည်မှန်းချက်များနှင့်အညီ ဆောင်ရွက်နေမှုများဖြင့် လိုက်လျောညီထွေရှိမည်ဖြစ်ကြောင်း၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့၏ လုပ်ငန်းများကို ပြန်လည်ဆန်းစစ်သုံးသပ်နိုင်မှသာ လုပ်ငန်းများပိုမိုတိုးတက် အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် အရေးကြီးလုပ်ငန်းတစ်ခုပင် ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၃၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၃၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ က လယ်ယာမြေ နည်းဥပဒေအရ လျော်ကြေး၊ နစ်နာကြေးပေးချေနိုင်ရေး တွက်ချက်ဆောင်ရွက်ရာတွင် အဓိကအားဖြင့် လျော်ကြေး၊ နစ်နာကြေး ပေးချေရမည့်မြေသည် တည်ဆဲလယ်ယာမြေ ဥပဒေအရပေးလျော်ရမည့် မြေအမျိုးအစား မှန်ကန်မှုကို ဦးစွာအဓိကထားပြီး စိစစ်ရပါကြောင်း၊ ပေးလျော်ရမည့် မြေအမျိုးအစား မှန်ကန်ပါမှ ဥပဒေ၊ နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် အချက်များနှင့် ကိုက်ညီမည်ဖြစ်ပါကြောင်း၊ ပေးလျော်ရမည့် မြေအမျိုးအစား ကိုက်ညီမှန်ကန်မှုရှိသော မြေများပေါ်၌ စီမံကိန်းလုပ်ငန်း ဆောင်ရွက်စဉ်က ထိခိုက်ပျက်စီးသွားသည့် သီးနှံများနှင့် လယ်ယာမြေများအတွက် နည်းဥပဒေပါ ပြဋ္ဌာန်းချက်ပါအတိုင်း ဒေသကာလပေါက်ဈေးနှင့် သတ်မှတ်နှုန်းထားများဖြင့် ပေးလျော်နိုင်ရေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က လယ်ယာမြေ ပုံစံ - ၁၂ ဖြင့် စိစစ်တွက်ချက်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ သဘောထား မှတ်ချက်ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ တင်ပြလာခြင်းဖြစ်ကြောင်း။

မြေယာပိုင်ရှင်များကို လျော်ကြေး၊ နစ်နာကြေး လျင်မြန်စွာ ထုတ်ပေးနိုင်ခြင်းဖြင့် ပိုင်ရှင်များအတွက် ဥပဒေအရ ပေးအပ်သော ရပိုင်ခွင့်များ နှောင့်နှေးမှုမရှိဘဲ ခံစားရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ၊ ဒေသတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများ ကြန့်ကြာမှုမရှိစေဘဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ကိုဗစ်-၁၉ ကာလအတွင်း စိစစ်ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ ထို့အပြင် ယခုပေးအပ်ရန် ခွင့်ပြုမည့် လျော်ကြေးငွေများသည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သော ဘဏ္ဍာငွေများဖြစ်သည်နှင့်အညီ လျော်ကြေးပမာဏကို ထိုက်သင့်သည်ထက် ပိုမိုသွားခြင်း မဖြစ်စေရေး စိစစ်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးလှကျော်နှင့် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အသုံးပြုခဲ့သည့် လယ်ယာမြေများအတွက် လယ်ယာမြေပိုင်ရှင် တောင်သူများနှင့် မြေရှင်များ နစ်နာမှုမရှိစေရန် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် လျော်ကြေး၊ နစ်နာကြေးများကို အချိန်မီ ပေးလျော်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များက လျော်ကြေး၊ နစ်နာကြေး တွက်ချက်တင်ပြလာသော လုပ်ငန်းစာတွဲများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ လျော်ကြေး၊ နစ်နာကြေးစုစုပေါင်း ကျပ်သိန်းပေါင်း နှစ်သောင်းခြောက်ထောင်ခန့်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အချိန်မီပေးလျော်နိုင်ရေးနှင့် စတင်တော့မည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်းပေါင်း လေးသောင်းငါးထောင်ခန့် အလျင်အမြန် ပေးလျော်နိုင်ရေး စိစစ်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ကြပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်များအတွက် စုစုပေါင်း လျော်ကြေးပမာဏ ငွေကျပ်သိန်းပေါင်း ခုနစ်သောင်းကျော် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဆီမီယိုအဖွဲ့ဝင်နိုင်ငံများ၊ ဆီမီယိုတွဲဖက်အဖွဲ့ဝင်နိုင်ငံများရှိ အခြေခံပညာ အဆင့်မြင့်အရာရှိကြီးများ၏ (၉) ကြိမ်မြောက်ဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၇**

ဆီမီယိုအဖွဲ့ဝင်နိုင်ငံများ၊ ဆီမီယိုတွဲဖက်အဖွဲ့ဝင်နိုင်ငံများရှိ အခြေခံပညာအဆင့်မြင့်အရာရှိကြီးများ၏ (၉) ကြိမ်မြောက်ဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် Video Conferencing ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ယနေ့ဆွေးနွေးပွဲခေါင်းစဉ်မှာ " ကိုဗစ်-၁၉ ကာလအတွင်း အရှေ့တောင်အာရှတွင် ကျောင်းများပြန်လည်ဖွင့်လှစ်ရေးနှင့် နည်းဗျူဟာရေးဆွဲပြန်လည်ထူထောင်ရေး" ဖြစ်သည့်အတွက် အခြေခံပညာကဏ္ဍရှိ အမျိုးမျိုးသောစိန်ခေါ်မှုများ၊ အခက်အခဲများအပေါ် နိုင်ငံအသီးသီး၏ အတွေ့အကြုံများကို ဖလှယ်နိုင်ကြမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ကြီးကြပ်ရေး ပူးတွဲအဖွဲ့များကို ဖွဲ့စည်းကာ အကဲဖြတ်အချက် ၈၀ ပါ စာရင်းဖြင့် အကဲဖြတ်ပြီး သတ်မှတ်ထားသော A အဆင့် ရရှိသည့် အထက်တန်းကျောင်းများကို ဖွင့်လှစ်ခွင့်ပြုခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း အပါအဝင် အထက်တန်းကျောင်းပေါင်း ၇၁၇၃ ကျောင်းရှိသည့်အနက် A အဆင့်ရရှိ၍ အဆင်သင့်ဖြစ်သည့် ၃၇၇၂ ကျောင်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ A အဆင့်ရရှိသည့် အထက်တန်းကျောင်းပေါင်း ၆၅၂၆ ကျောင်းအထိ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

သို့ရာတွင် ကိုဗစ်-၁၉ ဒေသတွင်း ကူးစက်ပျံ့နှံ့မှုကြောင့် ဩဂုတ်လ ၂၇ ရက်နေ့တွင် ကျောင်းများကို ပြန်လည်ပိတ်ခဲ့ရပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏မူဝါဒမှာ မည်သည့် ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး၊ ကျောင်းထွက်သူ ပပျောက်ရေးနှင့် သင်ယူမှုမဆုံးရှုံးစေရေးဖြစ်သည်နှင့်အညီ ကျောင်းသားများ၏ စဉ်ဆက်မပြတ် သင်ယူမှုအခွင့်အလမ်းများကို ပံ့ပိုးရန် နေအိမ်အခြေပြုသင်ယူမှုအတွက် လိုအပ်သော ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအကြိုသန်းခေါင်စာရင်း (၂၀၁၉) အရ အလယ်တန်းနှင့် အထက်တန်းကျောင်းအပ်နှံမှု သိသာစွာမြင့်တက်လာခဲ့ပြီး မူလတန်းကျောင်းထွက်နှုန်းမှာ ၁ ရာခိုင်နှုန်း၏ အောက်အထိ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများမှ ကလေးငယ်များ ကျောင်းနေနိုင်ရေး ပံ့ပိုးပေးမှု၊ ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းအားလုံးသို့ ကျောင်းဖွံ့ဖြိုးမှုရန်ပုံငွေများ တိုးမြှင့်ထောက်ပံ့ပေးမှုများ၏ ရလဒ်ပင်ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်မှစတင်၍ KG+12 သင်ရိုးသစ်ကျောင်းသုံးဖတ်စာအုပ်များအသုံးပြုခဲ့ပြီး အခြေခံပညာဆရာ ဆရာမများအတွက် သင်ကြားသင်ယူနည်း သင်တန်းများကို ပို့ချခဲ့ပါကြောင်း၊ ကျောင်းအဆောက်အအုံ၊ သင်ထောက်ကူပစ္စည်း၊ စာကြည့်တိုက်၊ သိပ္ပံခန်း၊ ရေနှင့် အိမ်သာ စသည်တို့ကို ကျောင်းများအား ပံ့ပိုးပေးခဲ့သည့်အပြင် အထက်တန်းကျောင်းအားလုံးသို့ ကွန်ပျူတာများ ဖြည့်ဆည်းပေးခဲ့ပါကြောင်း၊ Grade 1, 2, 3 တိုင်းရင်းသား ဘာသာစကားများကို ဒေသသင်ရိုးများအဖြစ် သတ်မှတ်၍ သင်ကြားပေးခဲ့ကာ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသား ဒေသခံ ဆရာ ဆရာမများ ပိုမိုခန့်ထားပေးခဲ့ပါကြောင်း။




ဆက်လက်၍ မူလတန်းစာဖတ်စွမ်းရည်နှင့် သင်္ချာစွမ်းရည်အကဲဖြတ်မှုများကို တိုးမြှင့်ဆောင်ရွက်ရန် ရှိပါကြောင်း၊ နှစ်နှစ်သင်ပညာရေးကောလိပ်များကို လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်တိုးမြှင့်ပေးလိုက်သဖြင့် ဆရာများ၏ လုပ်ငန်းခွင်ဆိုင်ရာ အခွင့်အလမ်းများ ပိုမိုရရှိလာသကဲ့သို့ မူလတန်းပညာရေးတွင် အရည်အသွေးနှင့် အတွေ့အကြုံရှိသော ဝါရင့်ဆရာများအတွက် အခွင့်အလမ်းများ ပိုမိုအားပေးလာနိုင်မည် ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် မြန်မာဒစ်ဂျစ်တယ်ပညာရေးအစီအစဉ် (Myanmar Digital Education Platform - MDEP) ကို တည်ဆောက်ကာ အခြေခံပညာဆရာများအား Grade 4,7,10 သင်ရိုးသစ် သင်တန်းများ အွန်လိုင်းမှပို့ချခဲ့ပါကြောင်း၊ Industry 4.0 ခေတ်တွင် အာဆီယံ ဒေသတွင်း နည်းပညာနှင့် အခြေခံအဆောက်အအုံများ ပိုမိုဖြည့်ဆည်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ၂၁ ရာစု စွမ်းရည် Soft Skills များကို အွန်လိုင်းသင်ယူမှုနှင့် ပေါင်းစပ်သင်ယူမှုများမှတစ်ဆင့် မြှင့်တင်ပေးသွားကြရမည်ဖြစ်ပြီး အလုပ်အကိုင်ကောင်းများ ရရှိရေးအတွက် ပြည်တွင်းပြည်ပ ယှဉ်ပြိုင်နိုင်စွမ်းရှိသော လူငယ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဘဝတစ်သက်တာ သင်ယူမှုတွင် High-tech Learning နှင့် High-touch Learning ကိုလည်း အားပေးဆောင်ရွက်သွားသင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဆီမီယို ရုံးချုပ် SEAMEO Secretariat မှ ညွှန်ကြားရေးမှူး Dr . Ethel Agnes P. Valenzuela က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် Keynote Presentations များကို UNESCO Bangkok မှ Dr . Libing Wang ၊ UNICEF EAPRO မှ Mr . Francisco Benavides နှင့် မြန်မာနိုင်ငံ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း တို့က တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ Panel Discussion ကျင်းပရာ Moderators များအဖြစ် အမျိုးသားပညာရေးမူဝါဒကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ပါမောက္ခ ဦးထွန်းအောင်ချိန်နှင့် ဒေါက်တာဦးဝင်းအောင်တို့ကဆောင်ရွက်ပြီး ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများက Country Paper များ တင်သွင်းကြ၍ ဩစတြေးလျနှင့် စပိန်နိုင်ငံတို့က Presentation ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

**ပါမောက္ခဒေါက်တာ ကျော်ကျော်ဦး
(ဆေးကုသဆောင်(၂)၊ တာဝန်ခံဆရာဝန်ကြီး
နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး)**

မြန်မာပြည်မှာ ကိုဗစ်ရောဂါနဲ့ ပတ်သက်ပြီးပြောရရင် ရောဂါစတင်တွေ့ရှိတဲ့အချိန်မှာ သေချာစွာထိန်းချုပ်နိုင်ခဲ့ပါတယ်။ အခုတစ်ကြိမ် ထပ်မံဖြစ်ပွားမှုကိုတော့ တိုက်ပွဲဝင်နေရတာ အားလုံးအသိဖြစ်ပါတယ်။ နေပြည်တော်မှာ စတင်တွေ့တာကတော့ စက်တင်ဘာ ၂ ရက်နေ့ ဖြစ်ပါတယ်။

နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကို လူနာတစ်ယောက်လာရင် ဒီလူနာက ကိုဗစ်သံသယလူနာ၊ စောင့်ကြည့်ရမယ့် လူနာမှန်းသိရှိနိုင်အောင် ပြင်ပလူနာဌာနက အထူးကုဆရာဝန်တွေနဲ့ လက်ထောက်ဆရာဝန်တွေကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ Guide Line တွေကို ကျွမ်းကျွမ်းကျင်ကျင် သိစေဖို့ ဆောင်ရွက်ထားပါတယ်။ လိုအပ်ရင် ဆေးကုသသမားတော်တွေနဲ့ တိုင်ပင်ဆွေးနွေးပြီး လူနာလာရင် ဘယ်လိုဆောင်ရွက်မယ်ဆိုတာကို အရင်ဆုံး သတ်မှတ်ပါတယ်။

လူနာတွေလာပြီဆိုရင် အရင်ဆုံး ဘယ်လိုလူနာမျိုးက သံသယလူနာလဲဆိုတာ မေးမြန်းပြီးတော့ သံသယရှိတယ်ဆိုရင် သံသယရှိ လူနာထားတဲ့အခန်း Fever Room ရှိပါတယ်။ အခုနောက်ပိုင်း Fever မှ မဟုတ်ဘူး၊ အနံ့မရတဲ့လူနာ၊ အောက်ဆီဂျင်ဓာတ်ကျတဲ့လူနာ၊ အကြောင်းမရှိဘဲ ရုတ်တရက်မောလာတဲ့လူနာတွေကိုလည်း ဒီအခန်းမှာထားပါတယ်။ ပြီးရင် အရေးပေါ်အထူးကုဆရာဝန်တွေကနေကြည့်ရှုပြီး ဒီလူနာဟာ သံသယလူနာအနေနဲ့ ဆေးရုံတက်ဖို့လိုတယ်ဆိုရင် Isolation Ward ကို ပို့ဖို့ စီစဉ်ပါတယ်။ စောင့်ကြည့်လူနာ၊ သံသယလူနာဆိုပြီး သတ်မှတ်တယ်ဆိုရင် သတ်မှတ်ထားတဲ့ Isolation Ward ကို ပို့ဖို့စီစဉ်ပါတယ်။

တစ်ခါတလေ လူနာက အိမ်မှာနေပေမယ့် သူ့ရဲ့လက္ခဏာဟာ သံသယလူနာရဲ့လက္ခဏာမျိုး တူလာတယ်ဆိုရင် အရေးပေါ်ဆေးကုသဌာနကို မဖြတ်ဘဲ Isolation Ward ကို တိုက်ရိုက်ပို့ပြီး ကုသနိုင်အောင် Network တွေ လုပ်ထားပါတယ်။ အဓိက သံသယလူနာနဲ့ ထိတွေ့မှု နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ထားပါတယ်။ ကိုဗစ်လူနာတွေ သီးသန့်ထားတဲ့အဆောင် လောလောဆယ်မှာ ငါးဆောင်ထားရှိပါတယ်။ စစချင်းလာတဲ့ စောင့်ကြည့်လူနာ၊ သံသယလူနာကိုတော့ Isolation Ward (2) မှာ ထားပါတယ်။ ဒီလူနာတွေကတော့ ဖျားပြီးလာတဲ့သူ၊ အနံ့မရတဲ့သူ၊ ချောင်းဆိုးပြီးလာတဲ့သူ၊ ရောဂါအခံနဲ့တွဲနေတဲ့သူကို Isolation Ward (2)မှာ ထားပါတယ်။ ပြီးရင် သူတို့ကို နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ယူပြီး လိုအပ်တဲ့စစ်ဆေးမှုတွေကို ဆက်လက်လုပ်ဆောင်ပါတယ်။ ယခင်ကတော့ ရန်ကုန်မှာရှိတဲ့ အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနကို ပို့ရတယ်။ အခုနောက်ပိုင်း ဆေးရုံမှာ ကိုဗစ်စစ်ဆေးတဲ့ စက်ရှိတဲ့အတွက် ဒီစက်နဲ့စစ်ပြီး အဖြေထုတ်တာလည်း လုပ်လို့ရပြီဖြစ်ပါတယ်။ အခုရှိတဲ့စက်နဲ့ အဖြေထုတ်ရာမှာတော့ နည်းနည်းအကန့်အသတ်ရှိပါတယ်။ ပြီးရင် သူတို့ Positive၊ Negative ထွက်တဲ့အပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်ပါတယ်။ Positive Confirm Case တွေအတွက် Isolation Ward (1) နဲ့ Isolation Ward (3) ဆိုပြီး အဆောင်နှစ်ခု စီစဉ်ထားပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေကူးစက်မှုမရှိအောင် သေချာအောင် ဆောင်ရွက်ပါတယ်။

Positive လူနာတွေကို လေးယောက်တစ်ခန်း၊ ငါးယောက်တစ်ခန်း အကန့်လိုက်ခွဲပြီး ထားပါတယ်။ အပြင်ကနေ CCTV နဲ့ ကြည့်လို့ရအောင်၊ လူနာတွေ ပြောချင်တာတွေရှိရင် အင်တာကွန်းနဲ့ ပြောလို့ရအောင် စီစဉ်ပေးထားတယ်။ အဲဒီအပြင် လူနာတွေရဲ့ Complaint တွေကို ဖုန်းနဲ့ဖြေရှင်းပေးတာ၊ လိုအပ်ရင် ကာကွယ်ရေးဝတ်စုံ အပြည့်ဝတ်ပြီး လူကိုယ်တိုင် ဝင်ကြည့်တာတွေ လုပ်ပါတယ်။ ရင်ဘတ်ဓာတ်မှန်ကိုလည်း အဲဒီ Ward ထဲမှာပဲ ရိုက်လို့ရအောင် စီစဉ်ထားရှိပါတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေကိုလည်း အချိန်နဲ့အညီ သတ်မှတ်ချက်အတိုင်းပြည့်အောင် လုပ်ဆောင်ပါတယ်။ အဲဒီအတွက် တာဝန်ကျ လက်ထောက်ဆရာဝန်တစ်ဦး၊ ကြီးကြပ်မယ့် အထူးကုလက်ထောက်ဆရာဝန်တစ်ဦး၊ တာဝန်ကျ ကျန်းမာရေးဝန်ထမ်းတွေနဲ့ အလုပ်သမားတွေက အချိန်နဲ့တစ်ပြေးညီ လိုအပ်တဲ့ ကုသမှုပေးနေပါတယ်။ Isolation Ward (1) မှာ ရောက်ပြီး ၈ ရက်ကနေ ၁၀ ရက်အတွင်း လူနာအခြေအနေကောင်းရင် Isolation Ward (3) ကို ပြောင်းပါတယ်။ ဆေးရုံရောက်တာ ၁၄ ရက်ပြည့်ပြီး ရောဂါလက္ခဏာတွေမရှိတော့ဘူးဆိုရင် ချမှတ်ထားတဲ့ စည်းကမ်းတွေနဲ့အညီ ဆင်းခွင့်ပေးပါတယ်။



ဒေါက်တာ ပပ
ကျွမ်းကျင်သူ



ပါမောက္ခ
ဒေါက်တာ ကျော်ကျော်ဦး



အထူးကုဆရာဝန်ကြီး
ဒေါက်တာ တင်မျိုးမျိုးအောင်



ပါမောက္ခ
ဒေါက်တာ တင့်တင့်ကြည်

Isolation Ward (2) က Negative ထွက်တဲ့ လူနာတွေကို Isolation Ward (4)ကို ပြောင်းပါတယ်။ လူနာကို ၄၈ နာရီ စောင့်ကြည့်ပါတယ်။ လူနာအတွက် လိုအပ်တဲ့ ကုသမှုတွေဆက်ပေးပါတယ်။ အဲဒီလူနာ ဆေးရုံမှာ ဆက်ထားမယ်ဆိုရင် ဘယ် Ward ကို ပြောင်းထားရမယ်။ ဒီကနေတန်းဆင်းရင်လည်း အိမ်မှာ နှစ်ပတ်နေပြီးတော့ အပြင်မထွက်ဖို့အတွက် ကျန်းမာရေးအသိပညာပေးတာတွေကို စီမံဆောင်ရွက်ပါတယ်။ ဒီလိုထားရင်းနဲ့ ကိုဗစ်နဲ့ပတ်သက်တဲ့လက္ခဏာတွေ ပေါ်လာရင် ပြန်ပြီး စစ်ဆေးဖို့အတွက်ထားတာလည်း ဖြစ်ပါတယ်။

Isolation Ward (5)ကတော့ နေပြည်တော်ရဲ့ အခြေအနေအရ ဖြစ်လာတဲ့အနေအထား ဖြစ်ပါတယ်။ နေပြည်တော် ပြင်ပကနေ နေပြည်တော်ကိုလာပြီး ကုသမှုယူမယ်ဆိုရင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်ထားချက်အရ စည်ပင်ဧည့်ရိပ်သာမှာ Quarantine ဝင်ရမယ်။ Swab Negative ဖြစ်မှသာ နေပြည်တော်ပြည်သူ့ဆေးရုံကို လာပြီးဆေးကုသခံယူလို့ရမယ်။ ဒါပေမယ့် တချို့လူနာတွေက အရေးပေါ်လူနာလည်းဖြစ်တယ်၊ နေပြည်တော် ရှစ်မြို့နယ် ပြင်ပကလည်းဖြစ်တယ်၊ သူတို့ရဲ့ တချို့လက္ခဏာတွေကလည်း Fever တွေပါလာတဲ့သူတွေကို Isolation Ward (5)မှာ ထားပါတယ်။ ပြီးမှ ဆေးရုံက Swab ယူပြီး Negative ဖြစ်မှ လိုအပ်တဲ့ ကုသမှုတွေကို ဆက်လက်ဆောင်ရွက်ပါတယ်။

စက်တင်ဘာ ၂ ရက်ကစပြီး Positive လူနာ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကို ရောက်ရှိတာဟာ အခုဆိုရင် ၄၉ ယောက် ရှိသွားပါပြီ။ သုံးယောက်က ဆေးရုံဆင်းသွားပြီဖြစ်ပါတယ်။ လောလောဆယ် ၄၆ ယောက်ရှိပြီး ဒီနေ့ ခြောက်ယောက် ဆင်းဖို့ရှိပါတယ်။ မနေ့ကစပြီး Quarantine ဘက်က Positive ဖြစ်တဲ့လူနာတွေမှာ ရောဂါကြီးကြီးမားမားတွဲနေခြင်းမရှိဘဲ လူနာကလည်း လက္ခဏာဘာမှမရှိဘူး။ အကောင်းအတိုင်းဖြစ်နေတယ်ဆိုရင် နေပြည်တော်ပြည်သူ့ဆေးရုံ ခုတင် (၃၀၀) ကို တင်ပို့ ကုသဖို့ဆောင်ရွက်ပါတယ်။ ဒါပေမယ့် နေပြည်တော်ပြည်သူ့ဆေးရုံ ခုတင်(၃၀၀)မှာ ထားတဲ့လူနာတွေထဲက အကယ်၍ ရောဂါဖောက်လာပြီး Medical Treatment သေချာပေးရမယ်ဆိုရင် ကျွန်တော်တို့ဘက်ကို ပြန်ရွှေ့ပြီး ကုသမှုလုပ်ဖို့လည်း စီစဉ်နေပါတယ်။ လောလောဆယ် ရောဂါလက္ခဏာပြင်းထန်တဲ့သူ နှစ်ဦးပဲ ရှိပါတယ်။ သူတို့ကို အောက်ဆီဂျင်ပေးထားပါတယ်။ တစ်ဦးက တော်တော်လေး ကောင်းနေပါပြီ။ နောက်တစ်ယောက်လည်း မဆိုးပါဘူး။ အသက်ရှူစက်တပ်ဖို့ လိုအပ်တဲ့လူနာတွေအတွက် ၁၇ ခုတင် ပြင်ဆင်စီမံထားပါတယ်။

ကုသမှုအပိုင်းနဲ့ပတ်သက်ပြီး နိုင်ငံတကာ Guide Line တွေရော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ Guide Line တွေအတိုင်း ဆောင်ရွက်နေပါတယ်။ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံအနေနဲ့ စောင့်ကြည့်၊ သံသယလူနာတွေရဲ့ Swab အဖြေကို ဓာတ်ခွဲအတည်ပြုဖို့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းကိုပို့ထားတာ ၅၀၀ နီးပါးရှိပါတယ်။ ကျွန်တော်တို့ ဆေးရုံမှာလည်း စစ်ဆေးတာ ၅၀၀ နီးပါးလောက်ရှိနေပါတယ်။ ကျွန်တော်တို့မှာ ကိုဗစ်ရောဂါစစ်ဆေးဖို့ Gene Expert စက်လေးလုံး ရှိပါတယ်။ ဒီစက်တွေ တစ်နေကုန်လည်ပတ်မယ်ဆိုရင် တစ်နေ့ကို ၁၀၀ လောက်အထိ စစ်ဆေးလို့ရပါတယ်။ ဒါပေမယ့် အဲဒီလောက်အထိ လုပ်ဖို့မလွယ်ပါဘူး။

**အထူးကုဆရာဝန်ကြီး ဒေါက်တာတင်မျိုးမျိုးအောင်
(စိတ်ကျန်းမာဌာန၊ နေပြည်တော် ခုတင် (၁၀၀၀)
ပြည်သူ့ဆေးရုံကြီး)**

ကျွန်မတို့ နေပြည်တော် ခုတင် (၁၀၀၀) ကို ရောက်ရှိလာတဲ့ ကိုဗစ်-၁၉ ကူးစက်ခံရတဲ့ လူနာတွေဆိုရင် ဆေးရုံရောက်ပြီဆိုတာနဲ့ စိုးရိမ်ပူပန်မှုတွေ၊ စိတ်ဖိစီးမှုတွေ ရှိကြပါတယ်။ သူတို့ ရောဂါအခြေအနေကို ကြောက်စိတ်တွေ၊ နောက်တစ်ခုက သူတို့ ဘယ်လိုအခြေအနေများ ရှိမလဲ၊ ပြန်ကောင်းပါ့မလားဆိုတဲ့ စိုးရိမ်စိတ်တွေ၊ စိတ်ဖိစီးမှုတွေရှိနေကြပါတယ်။ စိတ်ဖိစီးမှုကြောင့် တုံ့ပြန်တဲ့လက္ခဏာတွေဖြစ်တဲ့ ညအိပ်မပျော်တာတို့၊ မောပန်းသလိုခံစားရတာတွေ၊ အကြောတက်ခေါင်းကိုက်တာတွေ၊ ခြေတုန်လက်တုန်ဖြစ်တာတွေ ရှိတတ်ပါတယ်။

ကျွန်မတို့ စိတ်ကျန်းမာရေးဆရာဝန်တွေ အနေနဲ့ကတော့ သူတို့ခံစားနေရတဲ့ စိတ်ဖိစီးမှုတွေ၊ စိုးရိမ်ပူပန်မှုတွေ လျှော့ချဖို့အတွက် ဘယ်လိုပြုမူနေထိုင်ရမလဲဆိုတာ သူတို့ကို ပြောပြပေးတာဖြစ်ပါတယ်။ ကျွန်မတို့ ဒီခုတင် (၁၀၀၀) မှာ ရှိတဲ့ လူနာတွေထားတဲ့ အဆောင်တွေကို အုပ်စုလိုက်လည်း ပြောပြပေးပါတယ်။ တစ်ဦးချင်းစီကိုလည်း သူတို့ပြောချင်တဲ့ ဆန္ဒတွေရှိရင်၊ ဆွေးနွေးချင်တဲ့ ဆန္ဒလေးတွေရှိရင် ကျွန်မတို့က ဖုန်းနဲ့ အချိန်မရွေး လက်ခံပြီးတော့ ဆွေးနွေးနှစ်သိမ့်ပေးပါတယ်။ ကျွန်မတို့ ဆွေးနွေးပေးတဲ့အခါမှာဆိုရင် သူတို့ရဲ့ စိတ်ဖိစီးမှုတွေကို ဖြေလျှော့ဖို့အတွက် ခန္ဓာကိုယ်နဲ့စိတ်ဆိုပြီး နှစ်ပိုင်းခွဲပြီးတော့ ဘယ်လိုတွေ ပြုမူနေထိုင်ရမလဲဆိုတာကို အမြဲတမ်း ပြောပြပေးပါတယ်။ ခန္ဓာကိုယ်အတွက်ဆိုရင် အစာအာဟာရကို ပြည့်ပြည့်ဝဝစားပေးဖို့၊ ရေလည်း များများ သောက်ပေးဖို့၊ ကော်ဖီ၊ လက်ဖက်ရည်၊ အချိုရည် လျှော့သောက်ဖို့ ဆွေးနွေးပေးပါတယ်။ နောက်ပြီး အိပ်ရေးဝအောင် အိပ်စေတယ်၊ နေ့ခင်းဘက်တွေကို တစ်ရေးတမောအိပ်ပေးဖို့ ပြောပါတယ်။ သူတို့ ခုတင်ပေါ်မှာ ထိုင်လျက်ပဲဖြစ်ဖြစ်၊ အိပ်လျက်ပဲဖြစ်ဖြစ် အကြောလျှော့ လေ့ကျင့်ခန်းတွေလုပ်ပေးဖို့ ဘယ်လိုပုံစံလေးတွေ လုပ်ရတယ်ဆိုတာ ပြောပြပေးပါတယ်။

Physical Exercise အနေနဲ့ဆိုရင် လမ်းလျှောက်နိုင်တဲ့ လူနာတွေကို သူတို့ ခုတင်ဘေးမှာ လမ်းလျှောက်ဖို့အတွက် ကျွန်မတို့က အမြဲတမ်းသတိပေးပြီး ပြောပေးပါတယ်။ သူတို့ခန္ဓာကိုယ် ကျန်းမာရေးအတွက်ပါ။ စိတ်ကျန်းမာရေးအတွက်က သူတို့စိတ်တည်ငြိမ်အောင် ဘယ်လိုပြုမူရမလဲဆိုတာ ပြောပြပေးပါတယ်။ အသက်ရှူ လေ့ကျင့်ခန်း လုပ်ခိုင်းပါတယ်။ အသက်ကို ရင်ဘတ်ပြည့်ဖောင်းပြီး ဗိုက်ဖောင်းတဲ့အထိ နှာခေါင်းကနေ ဖြည်းဖြည်းလေး ရှူခိုင်းပါတယ်။ အဲဒီလို ရှူခိုင်းနေစဉ်အတွင်းမှာပဲ ငါ့စိတ်ကလေး တည်ငြိမ်နေတယ်ဆိုပြီး စိတ်ထဲကနေရွတ်ဆိုပြီး ရှူသွင်းခိုင်းပါတယ်။ ပြီးရင် အသက်ကို ဖြည်းဖြည်းလေးပြန်ရှူထုတ်ခိုင်းတယ်။ အဲဒီလို ပြန်ရှူထုတ်တဲ့ အချိန်မှာလည်း ငါ့ရဲ့တင်းကျပ်မှုတွေ လျော့သွားတယ်ဆိုပြီး အဲဒီလိုမျိုး စိတ်ထဲကနေ ပြောပြပြီးတော့၊ ပြောခိုင်းပြီးတော့ ရှူထုတ်ခိုင်းပါတယ်။

အဲဒီလိုမျိုး တစ်ခါလုပ်ရင် ငါးကြိမ် လုပ်ခိုင်းပါတယ်။ အချိန်ရရင် ရသလို လုပ်ဖို့လည်း ပြောပြပေးပါတယ်။ နောက်တစ်ခုကတော့ စိတ်နဲ့ကိုယ်နဲ့ကပ်ဖို့၊ သတိကပ်နေဖို့အတွက် သူတို့ကို အကျင့်လုပ်ပေးဖို့ ပြောပါတယ်။ အဲဒီအခါမှာ ဒီစိတ်ဖိစီးတာက လျော့သွားပါတယ်။

အားတဲ့အချိန်မှာ စာဖတ်ခိုင်းတယ်။ ကိုယ့်ရဲ့ စိတ်အေးချမ်းရာစာတွေ၊ ကိုယ့်စိတ်တက်ကြွစေတဲ့ စာမျိုးတွေ ဖတ်ခိုင်းပါတယ်။ ငြိမ့်ညောင်းသာယာတဲ့ သီချင်းတွေကိုလည်း နားထောင်ခိုင်းပါတယ်။ နောက်ပြီး ကိုယ့်မိသားစုဝင်တွေ၊ အပေါင်းအဖော်တွေနဲ့လည်း Viber၊ Online ကနေပြီးတော့ ကိုယ်နဲ့ ရင်ဘတ်ချင်းတူတဲ့ လူတွေ၊ ကိုယ့်ကို နားလည်ပေးတဲ့သူတွေနဲ့ စကားတွေ ပြောခိုင်းတယ်။ နောက်တစ်ခုကတော့ ကိုယ်ကိုးကွယ်တဲ့ ဘာသာအလိုက် ဘုရားရှိခိုးဖို့၊ တရားနာဖို့အတွက်ကိုလည်း သူတို့ကို အားပေးထားပါတယ်။ ညဘက်တွေလည်း ကောင်းကောင်းအိပ်မပျော်ဘူးဆိုရင် ကျွန်မတို့က ဆေးဝါးအကူအညီပေးဖို့အတွက် စီစဉ်ထားပါတယ်။ ဒါပေမယ့်လည်း အခုချိန်ထိကတော့ ဆေးဝါးအကူအညီပေးရတဲ့ လူနာတစ်ယောက်မှ မရှိသေးပါဘူး။

ကိုယ့်အပေါင်းအသင်းထဲမှာ ဒီရောဂါတွေ့မယ်ဆိုရင် ဒီရောဂါရဲ့ သဘောသဘာဝကို ပြောပြပေးရမှာပါ။ ဒီရောဂါကတော့ ၈၀ ရာခိုင်နှုန်းကတော့ ပြန်ကောင်းတယ်၊ ၅ ရာခိုင်နှုန်းလောက်ပဲ အဆုံးအရှုံးရှိတယ်။ ဒါပေမယ့် ဒီ ၅ ရာခိုင်နှုန်းဆိုတာလည်း အခံရောဂါရှိတဲ့ သူတွေမှာပဲ ဆုံးရှုံးတာများတယ်။ အဲဒီတော့ ကိုယ်ခံအားကောင်းနေရင် ဒီရောဂါကို အလွယ်တကူ တိုက်ထုတ်နိုင်မှာပဲ။ စိုးရိမ်စရာမလိုဘူး။ ကြောက်စရာမလိုဘူး။ ကိုယ်ခံအား ကောင်းအောင် ကြိုးစားရမယ်ဆိုပြီး ကျွန်မတို့ နှစ်သိမ့်ရတာပါ။

**ပါမောက္ခ ဒေါက်တာတင့်တင့်ကြည်
(ဆေးပညာဌာန၊ နေပြည်တော် ခုတင် (၁၀၀၀)
ပြည်သူ့ဆေးရုံကြီး)**

ကိုဗစ်ရောဂါပိုးရှိနေတဲ့သူ နှာချေ၊ ချောင်းဆိုးရင် ရောဂါပိုးတွေဟာ အပြင်ကို သိန်းဂဏန်းလောက်အထိ ထွက်ပြီး လေထဲမှာ ပျံ့လွင့်နေပါတယ်။ နောက်ပြီး ပစ္စည်းတွေပေါ်လည်း တင်မှာဖြစ်ပါတယ်။ ရောဂါပိုးတင်နေတဲ့ ပစ္စည်းတွေကို လက်နဲ့ကိုင်မိမယ်။ အဲဒီလက်နဲ့ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တွေ ကိုင်တွယ်မိခြင်းကနေတစ်ဆင့် ရောဂါပိုးဝင်ရောက်နိုင်ပါတယ်။ ပါးစပ်၊ မျက်စိ၊ နှာခေါင်းရဲ့ အတွင်းပိုင်းတို့ဟာ အရေပြားလို အကာမပါပါဘူး။ ပျော့ပါတယ်။ အဲဒါကြောင့် ရောဂါပိုးက တစ်ခါတည်း ဝင်သွားလို့ရပြီး ခန္ဓာကိုယ်ထဲကို ရောက်သွားတာ ဖြစ်ပါတယ်။ ချောင်းဆိုး၊ နှာချေခြင်းကနေ ရောဂါပိုးက လေထဲမှာပျံ့လွင့်ပြီး တိုက်ရိုက် နှာခေါင်း၊ ပါးစပ်ထဲကိုဝင်ခြင်း၊ ရောဂါပိုးကပ်တွယ်နေတဲ့ ပစ္စည်းတွေကို လက်နဲ့ကိုင်တွယ်မိပြီး လက်ကတစ်ဆင့် ဝင်ခြင်းတွေဖြစ်ပါတယ်။ လက်ကို အရက်ပြန် သို့မဟုတ် ဆပ်ပြာနဲ့ စက္ကန့် ၂၀ လောက် သေချာဆေးလိုက်မယ်ဆိုရင် လက်မှာရှိနေတဲ့ ရောဂါပိုးတွေဟာ သေသွားမှာဖြစ်ပါတယ်။ ရောဂါပိုး အလွယ်တကူဝင်ရောက်နိုင်တဲ့ နေရာတွေကတော့ အရေပြားလို အကာမပါတဲ့ မျက်စိ၊ နှာခေါင်း၊ ပါးစပ်လိုနေရာတွေ ဖြစ်ပါတယ်။

ရောဂါပိုးဝင်ရောက်ပြီဆိုရင် ခန္ဓာကိုယ်ရဲ့ Body Immune System တွေက သိပါတယ်။ Immune System ကောင်းတဲ့သူတွေဟာ ရောဂါဝင်ရောက်လာပြီဆိုရင် သိတဲ့အတွက်ကြောင့် ခန္ဓာကိုယ်ရဲ့ Immune System ဟာ Alert ဖြစ်နေပြီး ရောဂါပိုးကို နှိမ်နင်းနိုင်လိုက်တယ်ဆိုရင် အဲဒီလူဟာ ရောဂါပိုးခန္ဓာကိုယ်အတွင်း ဝင်ရောက်ပြီး ဖျားနာ၊ ချောင်းဆိုးဖြစ်ရင်လည်း ရောဂါလက္ခဏာ ကြီးကြီးမားမား မပြဘဲ ဆေးရုံက ပြန်ဆင်းနေသူတွေရှိပါတယ်။ ခန္ဓာကိုယ်ထဲမှာ ဘယ်လောက်အထိ ဒီရောဂါပိုးကို တုံ့ပြန်မလဲဆိုတဲ့ အနေအထားအပေါ်မူတည်ပြီး ရောဂါပြင်းထန်မှုဖြစ်ပါတယ်။

ပထမ လေးရက်လောက်ဟာ ရောဂါပိုးခန္ဓာကိုယ်ထဲမှာ ပွားတဲ့အဆင့်ရှိတယ်။ ပြီးရင် ရောင်ရမ်းမှုစတင်ပြီး ခန္ဓာကိုယ်က ကလီစာတွေကို ထိပါတယ်။ ထိပုံထိနည်းက သွေးကြောရဲ့နံရံမှာရှိတဲ့ သူပေါင်းရမယ့်ဟာနဲ့ သွားပေါင်းပြီး အောက်ခြေမှာ ခဲပြစ်၊ မာပြစ် လိုက်ပါတယ်။ အလုပ်လုပ်လို့မရအောင် မာသွားပြီး ပိတ်ပစ်ပါတယ်။ ဥပမာ နှလုံးသွေးကြောကိုသွားတဲ့ဟာ ပိတ်ပြီဆိုရင် နှလုံးက အလုပ်လုပ်လို့ မရဘူး။ Heart Attack လိုမျိုး၊ နှလုံးခုန်

*စာမျက်နှာ ၇ သို့*

# နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆိုင်ရာ Online အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆိုင်ရာ Online အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)





အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း/တံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေ/ သောက်သုံးရေရရှိရေး၊ မီးလင်းရေး စသည့် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်၊ လွှတ်တော်ကတိကဝတ်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသခံပြည်သူများ၏တင်ပြချက်၊ မိမိတို့၏နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများအရ လည်းကောင်း၊ MSDP နှင့် ချိတ်ဆက်၍ လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့်သာမက မိတ်ဖက်နိုင်ငံများ၏ ထောက်ပံ့ကူညီမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် လတ်တလော ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကပ်ရောဂါ အခြေအနေများအရ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနများက ထုတ်ပြန်ထားရှိသည့် ကြိုတင်ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ တုံ့ပြန်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို တိတိကျကျ လိုက်နာပြီး မိမိတို့၏ မူလရည်မှန်းချက် တာဝန်များကိုလည်း အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောလျင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ကိုဗစ်-၁၉ ဆိုသည့် ကန့်သတ်ချက်ရှိခဲ့သော်လည်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ ကို ခွင့်ပြုရန်ပုံငွေနှင့် အချိုးညီသည့် သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်း၊ သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

ထို့အတူ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ တင်ဒါလုပ်ငန်းစဉ်များကိုလည်း မကြာမီ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် စတင်သည်နှင့် တစ်ပြိုင်နက် လုပ်ငန်းဆောင်ရွက်ချိန် ပိုမိုရရှိရေး၊ ပွင့်လင်းရာသီအမီ ဆောင်ရွက်နိုင်ရေး စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများအနေဖြင့် ယခင်နှစ်လုပ်ငန်း အတွေ့အကြုံများအပေါ် အခြေခံ၍ တည်ဆောက်ရေးလုပ်ငန်းများ ပိုမိုကောင်းမွန်သည်ထက် ပြည့်စုံကောင်းမွန်စေရန် အကြံပြု တင်ပြချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုပါကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဒေသအသီးသီး၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း မည်သည့်အကန့်အသတ် အတားအဆီးမျိုးကိုမဆို ဥပမာ - ကိုဗစ်-၁၉၊ ရာသီဥတုဖောက်ပြန်မှု အစရှိသည့် အတားအဆီးများကို ကျော်လွှားဆောင်ရွက်သွားနိုင်ရေး၊ ခေတ်မီနည်းပညာများအပါအဝင် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ထားကြရန်ဖြစ်ကြောင်း၊ ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် တိုင်းဒေသကြီး/ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများ အနေဖြင့် မိမိအပါအဝင် မိမိကွပ်ကဲမှုအောက်ရှိ ဝန်ထမ်းအားလုံးကို နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဝန်ထမ်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာရေး၊ အဂတိတရားကင်းရှင်းရေး၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး၊ အသိ/သတိ ရှိစေရေး၊ လက်အောက်ငယ်သားများ၏ သက်သာချောင်ချိရေး၊ သာရေး၊ နာရေး ကိစ္စရပ်များကို တာဝန်ရှိသူများက မျက်ခြည်မပြတ် လေ့လာသုံးသပ်ပြီး အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးရန် လိုကြောင်း မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများက ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ် လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေး လုပ်ငန်းများအပေါ် စစ်ဆေးရေးအဖွဲ့ အဆင့်ဆင့်၏ စစ်ဆေးအကြံပြုချက်များ လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ကိုဗစ်-၁၉ ဆိုင်ရာလမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်နေမှုများ၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ဒေသအလိုက် ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများ ကြီးကြပ်စစ်ဆေးရန် အခက်အခဲရှိသော အချိန်များတွင် နယ်မြေတွင်ရှိသော ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူးများ အပါအဝင် ခရိုင်၊ မြို့နယ် အဆင့်ဆင့်မှ တာဝန်ရှိသူများက ပိုမိုအထူးဂရုပြု အပင်ပန်းခံ အလေးထား ကြီးကြပ်ဆောင်ရွက်သွားကြရန်၊ မိမိတာဝန်ယူထားသည့် အလုပ်ကို စိတ်အားထက်သန်စွာဖြင့် တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် လုပ်ငန်းများကို အရည်အသွေး ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အောင်မြင်အောင် ကြပ်ကြပ်မတ်မတ် တွန်းတွန်းတိုက်တိုက်ဆောင်ရွက်သွားကြရန်၊ ကိုဗစ်-၁၉ လက်ရှိအခြေအနေအရ ယခင်ပထမအကြိမ် ဖြစ်စဉ်တွေထက် ပိုးတွေ့ရှိသူ၊ သေဆုံးသူများ ပိုတိုးလာသဖြင့် ပိုမိုသတိထား ပိုမိုဂရုစိုက်ကြရန်၊ ဌာနတွင်းဝန်ထမ်းများအားလုံး အထက်/အောက် ရှိသေလေးစားမှု၊ တစ်ဦးနှင့် တစ်ဦး အပြန်အလှန်ယုံကြည်မှု၊ ကူညီရိုင်းပင်းမှု၊ ပွင့်လင်းမြင်သာမှု၊ နားလည်မှုများဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် မြေလမ်း ၂၂၅ မိုင် ၇ ဖာလုံ၊ ကျောက်လမ်း ၂၃၅ မိုင် ၂ ဖာလုံ၊ ကတ္တရာလမ်း ၂၂ မိုင် ၅ ဖာလုံ၊ ကွန်ကရစ်လမ်း ၅ မိုင် ၄ ဖာလုံ၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၁၅၅ မိုင် ၂ ဖာလုံ၊ ဂဝံ/ဖြုန်းကျောက်ခင်းလမ်း ၃၁ မိုင်၊ တံတား ၉၄၃ စင်းတို့ကို စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၈၅ ဒသမ ၄၄ ဘီလီယံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီများ၏ စည်းရုံးဟောပြောချက် ရိုက်ကူးထုတ်လွှင့်မှုများအပေါ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများက တည်းဖြတ်ပြင်ဆင်ခြင်း လုံးဝ မရှိကြောင်း သတင်းထုတ်ပြန်ချက်

လူမှုကွန်ရက်အချို့တွင် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် တည်းဖြတ်ပြင်ဆင်ပြီး ထုတ်လွှင့်ဖော်ပြလျက်ရှိကြောင်း ဝေဖန်ပြောကြားလျက်ရှိပါသည်။

၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၏ စည်းရုံးဟောပြောမှုများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတ်မှတ်ချက်နှင့်အညီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) နေပြည်တော်(တပ်ကုန်း)တွင် (၃၁) ပါတီနှင့် ရန်ကုန်(ပြည်လမ်း)တွင် (၅၄) ပါတီတို့အား (၆-၉-၂၀၂၀) ရက်နေ့မှ စတင် ရိုက်ကူးဆောင်ရွက်ပေးလျက်ရှိပါသည်။

ယင်းသို့ရိုက်ကူးဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နိုင်ငံရေးပါတီများအနေဖြင့် အစမ်းဟောပြောမှု တစ်ကြိမ်နှင့် ဖိုင်နယ်ရိုက်ကူးမှုတို့ကို ခွင့်ပြုသတ်မှတ်ချိန်အတွင်း ဝင်ရောက်မှုရှိစေရေးညှိနှိုင်း၍ ရိုက်ကူးပေးလျက်ရှိပါသည်။ ရိုက်ကူးမှုတစ်ကြိမ်ပြီးစီးတိုင်း သက်ဆိုင်ရာပါတီတာဝန်ခံများအား ပြန်လည်ပြသ၍ အတည်ပြုချက်ပေးထားသည့်အတိုင်း ထုတ်လွှင့်ခြင်းဖြစ်ပါသည်။

MRTV အနေဖြင့် နိုင်ငံရေးပါတီများ၏ စည်းရုံးဟောပြောချက် ရိုက်ကူးမှုအားလုံးအား Long take ( continuous shot) အဖြစ်သာ One Scene One Shot ရိုက်ကူးထုတ်လွှင့်ထားရှိပါသည်။ ဟောပြောစဉ် မှားယွင်းမှု၊ ချို့ယွင်းမှု တစ်စုံတစ်ရာ ဖြစ်ပွားပါကလည်း အစမှပြန်လည်၍ အစအဆုံး အသစ်တစ်ကြိမ် ရိုက်ကူးဆောင်ရွက်လျက်ရှိပါသည်။ သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၏ စည်းရုံးဟောပြောမှုအပေါ်တွင် တည်းဖြတ်ပြင်ဆင်ခြင်း လုံးဝ (လုံးဝ) မပြုလုပ်ပါ။ အလားတူ နေ့စဉ်ထုတ်သတင်းစာများတွင် အဆိုပါ ထုတ်လွှင့်ဖော်ပြသည့် စာသားအတိုင်း တည်းဖြတ်ပြင်ဆင်ခြင်း မပြုလုပ်ဘဲ ထည့်သွင်းဖော်ပြပေးလျက်ရှိပါသည်။

ၯင်းအပြင် နိုင်ငံရေးပါတီများ၏ စည်းရုံးဟောပြောချက် ရိုက်ကူးပြီးစီးမှုများအား စည်းရုံးဟောပြောသူက ပြန်လည်ကြည့်ရှု၍ အတည်ပြုချက်များကိုလည်း ဌာနတွင် Record ထားရှိဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံရေးပါတီများ၏ စည်းရုံးဟောပြောမှုများအား TV Channel များတွင် ထုတ်လွှင့်ပေးလျက်ရှိပြီး ပါတီတစ်ခုချင်းစီ၏ ဟောပြောမှုများကို MRTV Facebook Page တွင် ပြန်လည်လွှင့်တင်ပေးထားပါသည်။ ယင်းသို့ ဆောင်ရွက်ထားရှိမှုများအား MRTV Facebook Page တွင် လွှင့်တင်ထားရှိသည့် Recorded Video File များကို ဝင်ရောက်ကြည့်ရှု၍ ပြန်လည်စိစစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာနိုင်ငံရေးပါတီများ၏ စည်းရုံးဟောပြောချက် ရိုက်ကူးထုတ်လွှင့်မှုများအပေါ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများက တည်းဖြတ်ပြင်ဆင်ခြင်း လုံးဝ (လုံးဝ) မရှိပါကြောင်းနှင့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) ၏ စည်းရုံးဟောပြောချက်အား တည်းဖြတ်ပြင်ဆင်ခြင်း လုံးဝမရှိကြောင်း သတင်းထုတ်ပြန် အသိပေးအပ်ပါသည်။

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

## ပန်းရန်အထိမ်းအမှတ် အထူးထုတ် စာတံဆိပ်ခေါင်းသစ် ၂၀၀ ကျပ်တန် ရောင်းချပေးမည်

**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာ့ယဉ်ကျေးမှု သုခုမ အနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များအကြား ပိုမိုသိရှိ အလေးထားစေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သုခုမအနုပညာ ပန်းဆယ်မျိုးတွင် အပါအဝင်ဖြစ်သော ပန်းရန်အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်(၂၀၀ ကျပ်တန်) (၁)မျိုးအား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၁ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် (တနင်္လာနေ့)၊ နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့တော်စာတိုက်ကြီးများတွင် ရောင်းချပေးသွားမည်ဖြစ်သည်။




အထူးအစီအစဉ်တစ်ရပ် အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် စက်တင်ဘာ ၂၁ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

**နေပြည်တော် စက်တင်ဘာ ၁၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ကိုဗစ် - ၁၉ ခါတ်ခွဲအတည်ပြုလူနာများနှင့် ပြည်သူများအတွက် အသိပညာပေးအစီအစဉ်

## သတင်းအဖွဲ့

*ယမန်နေ့မှအဆက်*

ကိုဗစ် – ၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာများကို စောင့်ကြပ်ပေးနေမှုနှင့် စပ်လျဉ်းပြီး ဆေးတက္ကသိုလ် – ၁ (ရန်ကုန်) ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာဇော်လင်းအောင်က ယခုလို ပြောကြားသည် –

**ပါမောက္ခ ဒေါက်တာဇော်လင်းအောင်**
**(ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)၊ ဆေးပညာဌာန)**

ဆေးရုံတစ်ရုံကို ကိုဗစ် – ၁၉ သံသယရှိတဲ့လူနာတွေ ရောက်လာတဲ့အခါမှာ ကျွန်တော်တို့က အဲဒီကနေစပြီး သူတို့ကို ကုသတဲ့ ဖြစ်စဉ်လေးတွေ၊ နောက်ဆုံး ဆေးရုံကနေ ဆင်းတဲ့အထိတိုင်အောင် အကျဉ်းချုံးပြီး တင်ပြသွားပါမယ်။

လူတစ်ယောက်က ကိုဗစ် – ၁၉ ကို သံသယရှိတယ်ဆိုတဲ့ လက္ခဏာတွေ ပေါ်လာပြီဆိုရင် သူတို့က ဆေးရုံကို ရောက်လာကြပါတယ်။ အထူးသဖြင့် ချောင်းဆိုးတယ်၊ ဖျားတယ်၊ မောတယ်။ ယခု နောက်ပိုင်း ထူးခြားတဲ့ လက္ခဏာတွေက အနံ့ပျောက်တယ်၊ အရသာပျောက်တယ်၊ တချို့ဆိုရင် ပျို့အန်တယ်၊ ဝမ်းသွားတယ်၊ နောက်တချို့က စိတ်ပိုင်းဆိုင်ရာအပြောင်းအလဲတွေရှိတယ်။ ဒီလက္ခဏာမျိုးတွေပေါ်မှာ မူတည်ပြီး သူ့ကို သံသယလူနာလို့ သတ်မှတ်လိုက်တာနဲ့ သူတို့ကို ဆေးရုံမှာ တင်ပါတယ်။ ဆေးရုံတင်တဲ့အခါမှာ သူတို့ကို စောင့်ကြည့်လူနာနေရာမှာထားပါတယ်။ သူတို့ရဲ့ နှာခေါင်းတို့ဖတ်နမူနာ ယူဖို့ အတွက် စီစဉ်ပေးပါတယ်။ လူနာတစ်ယောက်က ဆေးရုံကို ရောက်လာရင် အဲဒီမှာစပြီး တက်ရောက်ရပါတယ်။ သံသယရှိတဲ့အတွက် အိမ်ပြန်လို့ မရပါဘူး။ အဲဒီနေရာမှာ စောင့်ကြည့်လူနာအဖြစ်သတ်မှတ်ပြီး နှာခေါင်းတို့ဖတ် နမူနာကို ယူပါတယ်။ ရောဂါစစ်ဆေးပေးနိုင်တဲ့ အားတွေကများတဲ့အတွက် ၂၄ နာရီ အတွင်းမှာ အဖြေရပါတယ်။

အဖြေရပြီဆိုရင် အဲဒီလူနာက ဘာလုပ်ရသလဲဆိုရင် Positive ထွက်တယ်လို့ သတ်မှတ်တဲ့ သူတွေကို ကိုဗစ် – ၁၉ ရောဂါ ခါတ်ခွဲအတည်ပြု လူနာတွေကို ထားရှိတဲ့ ဆေးရုံကို သွားရပါတယ်။ သက်ဆိုင်ရာဆေးရုံတွေကနေပြီး စီစဉ်ပေးတဲ့ အရေးပေါ်လူနာတင်ယာဉ်တွေနဲ့ အဲဒီဆေးရုံကို သွားရပါတယ်။ အဲဒီမှာလည်း လူနာရဲ့ အခြေအနေပေါ်မူတည်ပြီး ဆောင်ရွက်ရပါတယ်။ တချို့က ရောဂါလက္ခဏာတွေ လုံးဝမပြပါဘူး။

ဒီလူနာတွေရဲ့ ဆေးကုသရေး၊ ပြုစုစောင့်ရှောက်ရေး၊ စားသောက်ရေးတွေ အကုန်လုံးကို အဲဒီ ဆေးရုံတွေကနေ လူအင်အား၊ အစားအသောက်အင်အား စသဖြင့် ဖြည့်စွက်ထားပါတယ်။ အဲဒီဆေးရုံတွေမှာ မိမိတို့ရဲ့ မိသားစုဝင်တွေနဲ့ ဆက်သွယ်ဖို့အတွက် အင်တာနက်တွေ တပ်ဆင်ပေးထားပါတယ်။ ဒီအင်တာနက်တွေကနေပြီး မိမိတို့ရဲ့ သက်ဆိုင်ရာ တယ်လီဖုန်းတွေကနေ Video Call တွေ၊ Viber ၊ Messenger စသဖြင့် စကားပြောလို့ ရနေပါပြီ။ ဒါကိုအစိုးရအနေနဲ့ ဒီဆေးရုံကြီးတွေမှာ အင်တာနက် Connection တွေ




ဇဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကိုဗစ်–၁၉ ရောဂါကုသရေးဌာနရှိ အထူးကြပ်မတ်ကုသဆောင် ၁၊ ၂၊ ၃၊ ၄ အဆောက်အအုံများကို တွေ့ရစဉ်။



ဇဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကိုဗစ်–၁၉ ရောဂါကုသရေးဌာန သရဖီဆောင်ရှိ လူနာများ ဆေးကုသနေထိုင်မည့်အခန်းကို တွေ့ရစဉ်။

ကောင်းအောင် ဖန်တီးပေးထားတဲ့အတွက်ကြောင့်မို့၊ လူနာရှင်တွေ အနေနဲ့ လိုက်ပါပြီး ပြုစုစောင့်ရှောက်ရခြင်း မရှိသော်လည်း ဒီလူနာတွေနဲ့ မိသားစုဝင်တွေက ဆက်တိုက်အဆက်မပြတ် ထိတွေ့နိုင်အောင် ဖန်တီးပေးထားတာ ဖြစ်ပါတယ်။

ယခင်တုန်းက ဆေးရုံက မဆင်းမချင်း နှာခေါင်းတို့ဖတ် နမူနာယူပြီး Negative ဖြစ်အောင် စောင့်ရတယ်။ ဒီလိုစောင့်ရတဲ့အချိန်ကာလသည် သုံးပတ်သို့မဟုတ် လေးပတ် ဖြစ်နိုင်ပါတယ်။ အဲဒီကမှတစ်ဆင့် နှာခေါင်းတို့ဖတ်ကနေ ပိုးမတွေ့တော့ဘူးဆိုရင် နောက်ဆေးရုံတစ်ခုကို ပြောင်းရပါတယ်။ အဲဒီတုန်းက ဖောင်ကြီးဆေးရုံကြီးကို ပြောင်းရတာဖြစ်ပါတယ်။ ဖောင်ကြီးဆေးရုံမှာ နောက်ထပ် နှစ်ပတ်ထပ်နေပြီး ဆေးရုံကဆင်းရတဲ့အတွက် လူနာတစ်ယောက်က ဆေးရုံမှာ အကြမ်းဖျင်း လေးပတ်ကနေ ငါးပတ်အထိ နေရပါတယ်။

ယခုကမ္ဘာနဲ့တစ်ဝန်းက သုတေသနပြုချက်တွေအရ ဆေးရုံကနေ ဆင်းခွင့်ပြုနိုင်တဲ့ သတ်မှတ်ချက်တွေကို ပြောင်းလိုက်ပါတယ်။ ဒါတွေက ဘာလဲဆိုရင် ဆေးရုံကိုရောက်ပြီး အနည်းဆုံး ၁၄ ရက် နေရပါမယ်။ ဒီ ၁၄ ရက်အတွင်းမှာ တချို့က ရောဂါလက္ခဏာပြပါတယ်။ တချို့က မပြပါဘူး။ ရောဂါလက္ခဏာ မပြတဲ့သူတွေကို ၁၄ ရက်နေပြီးရင် ဆေးရုံကနေ ဆင်းခွင့်ပြုပါတယ်။

ရောဂါလက္ခဏာပြတဲ့သူတွေကို အနည်းဆုံး ၁၄ ရက်နေရမယ် ဆိုပေမယ့်၊ ရောဂါလက္ခဏာ မရှိတဲ့ရက် လေးရက်ရှိရမယ်ဆိုပြီး ထပ်ပြီးကန့်သတ်ထားပါတယ်။ ဥပမာ – လူနာတစ်ယောက်က ငါးရက် ဖျားပြီး နောက်ပိုင်းမှာ ရောဂါလက္ခဏာမပြတဲ့ လေးရက်အပါ ကိုးရက်ဖြစ်သွားပါမယ်။ ဆေးရုံမှာ ၁၄ ရက် နေရမယ့်အချက်နဲ့ ရောဂါလက္ခဏာမပြတဲ့ လေးရက်ဆက်တိုက်ဖြစ်ရမယ် ဆိုတဲ့ အချက်တွေ အကျုံးဝင်တဲ့ လူနာတွေကို သတ်မှတ်ရက်ပြည့်ရင် ဆေးရုံ



ဇဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကိုဗစ်– ၁၉ ရောဂါ ကုသရေးဌာနရှိ ဆေးစတိုး၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းက လုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ကနေ ပေးဆင်းလိုက်ပါတယ်။ ဒါက ဆေးရုံမှာနေရမယ့် ကာလတိုသွားတာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော် ပြောချင်တာက ဆေးရုံကို ရောက်ရှိလာတဲ့ လူနာတွေအားလုံးသည် ဒီဆေးရုံတွေမှာ ဂရုတစိုက်နဲ့ ဆောင်ရွက်ရမယ့် ဆောင်ရန်/ရှောင်ရန် အချက်တွေ ရှိပါတယ်။ အစားအသောက်တွေကို အစိုးရကနေ ပံ့ပိုးပေးထားတဲ့အတွက် ဒီဆေးရုံတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေက မနက် တစ်ကြိမ်၊ နေ့လယ် တစ်ကြိမ်နဲ့ ညနေ တစ်ကြိမ် ဖြန့်ဖြူးပေးပြီး စားသောက်ပြီးတဲ့ စွန့်ပစ်ပစ္စည်းတွေကို ပြန်သိမ်းပေးပါတယ်။ လူနာတွေအနေနဲ့ ဆေးရုံထဲမှာ စနစ်တကျ စားသောက်ပြီး စွန့်ပစ်ပစ္စည်းတွေ ပြန်စွန့်ပေးမယ့် အလုပ်သမားတွေနေရာအထိကို စုစည်းပြီး လာပေးရပါတယ်။ ဒါက နံပါတ် (၁) ပါ။

### စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပြီးနေကြရမှာဖြစ်

နံပါတ် (၂) က ဒီဆေးရုံတွေမှာ အောက်ဆီဂျင်ပိုက်လိုင်းတွေ ရှိပါတယ်။ အလွန်အရေးကြီးပါတယ်။ အောက်ဆီဂျင်ပိုက်လိုင်းတွေက မီးလောင်လွယ်တဲ့ အတွက်ကြောင့်မို့ ဒီထဲမှာ ဆေးလိပ်သောက်လို့ မရပါဘူး။ မီးခြစ်သုံးလို့ မရပါဘူး။ ဒါတွေက အရေးကြီးပါတယ်။ နောက်တစ်ခုက ဒီထဲကို မသယ်ရမယ့် ပစ္စည်းတွေရှိပါတယ်။ မူးယစ်ဆေးဝါးတွေ၊ အရက်သေစာတွေ မသယ်ရပါဘူး။ နောက် လူကို အန္တရာယ်ဖြစ်စေတတ်တဲ့ ချွန်ထက်တဲ့ လက်နက်ကိရိယာတွေ မသယ်ရဘူး။ အချင်းချင်းနေထိုင်တဲ့ အခါမှာလည်း သင့်တင့်မျှတစွာနဲ့ စိတ်ရှည်သည်းခံပြီး တစ်ယောက်နဲ့ တစ်ယောက် ရန်ဘက်မဖြစ်အောင် နေထိုင်ကြဖို့ လိုပါတယ်။ ဒ့ါအပြင် ကန့်သတ်ထားတဲ့ နေရာတွေကို ကျော်လွန်ပြီး ဘယ်မှ သွားလို့မရပါဘူး။ နေ့စဉ်နဲ့အမျှ ဆရာဝန်တွေကနေပြီး လိုအပ်တဲ့ အတိုင်းအတာကို မူတည်ပြီး စစ်ဆေးတာတွေကို ခံယူရပါမယ်။ ဒီလို စစ်ဆေးတဲ့နေရာမှာ သွေးဖောက်တာတွေ၊ ခါတ်မှန်ရိုက်တာတွေ ရှိနိုင်ပါတယ်။ လိုအပ်ရင် လိုအပ်သလို ကုသမှုပေးတာတွေကို ခံယူရမှာဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ အဆောင်တွေမှာလည်း တာဝန်ကျဆရာဝန်တွေ၊ ဆရာမတွေနဲ့ လုပ်သားတွေရဲ့ သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပြီး နေကြရမှာ ဖြစ်ပါတယ်။

သူတို့ကို ဆေးရုံကနေ ဆင်းချိန်တန်ရင် ဘယ်လိုဆင်းရမလဲဆိုတာ ရှိပါတယ်။ ဒီဆေးရုံတွေကနေ ဆင်းခွင့်ပေးလိုက်တဲ့ အနယ်နယ်အရပ်ရပ်ကနေ လာရောက်ကြသူတွေက အနယ်နယ်အရပ်ရပ်ကို ပြန်သွားကြတဲ့အခါ မိမိရဲ့ အိမ်မှာ နောက်ထပ်တစ်ပတ် အများကို မကူးစက်အောင်ဆိုပြီး ချမှတ်ထားတဲ့ Social Distancing အတိုင်း လိုက်နာရပါမယ်။ အိမ်မှာ တစ်ယောက်နဲ့ တစ်ယောက်ခွာပြီး နေတာတွေ၊ မလိုလားအပ်ဘဲနဲ့ စုစုဝေးဝေး နေတာတွေကို ရှောင်ကြဉ်ပြီး မကြာခဏ လက်ဆေးတာတွေ၊ Mask တပ်တာတွေကို ဆောင်ရွက်ပါ။ ဒါမှနောက်တစ်ယောက်ကို ကူးစက်နိုင်ဖို့ အခွင့်အလမ်းနည်းသွားမှာ ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ သုတေသနတွေအရ နှစ်ပတ်ကျော်ရင် ဒီလူနာကနေ နောက်တစ်ယောက်ကို ကူးစက်ဖို့ အခွင့်အလမ်း မရှိတော့ဘူးလို့ ပြောကြပေမယ့် ဆေးရုံမှာ နှစ်ပတ်နေပြီးတဲ့နောက်မှာ အိမ်မှာလည်း တစ်ပတ်နေဖို့ ဆိုပြီး ချမှတ်ထားတဲ့ စည်းကမ်းတွေဖြစ်ပါတယ်။

ဆေးရုံကဆင်းတဲ့ လူနာတွေသည် ဆေးရုံနဲ့ အစိုးရကနေ သတ်မှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေကို လိုက်နာခြင်းဖြင့် ကျွန်တော်တို့ကို တစ်ဖက်တစ်လမ်းက ကူညီရာရောက်ပါတယ်။ ဒီတော့ စေတနာ၊ မေတ္တာတွေနဲ့အတူ အစိုးရဘက်ကနေ လိုလေသေးမရှိအောင် အခမဲ့ ပြုစုကုသပေးနေတဲ့ ဆေးရုံကြီးတွေရဲ့ စည်းကမ်းတွေကိုလိုက်နာပြီး ဆေးရုံကဆင်းတဲ့အချိန်မှာ ကိုဗစ်ရောဂါ ကင်းစင်တဲ့ လူနာတွေအဖြစ် ဆင်းသက်သွားတဲ့ လူနာတွေအများကြီးရှိပါတယ်။ ဒီလို အသိလေးတွေနဲ့ အားလုံးလိုက်နာပြီး ပူးပေါင်းကူညီဆောင်ရွက်ပါလို့ ပြောချင်ပါတယ်။

ကိုဗစ်– ၁၉ ရောဂါခါတ်ခွဲအတည်ပြုလူနာများကို သက်ဆိုင်ရာ ဆေးရုံများသို့ ပို့ဆောင်ရာတွင် လူနာများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့် ပတ်သက်ပြီး ပါမောက္ခ ဒေါက်တာမော်မော်ဦးက ယခုလိုပြောကြားသည်။

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ၄ မှ

မမှန်ခြင်းမျိုး ဖြစ်တတ်ပါတယ်။ အဆုတ်ဆိုရင်လည်း အဆုတ်ရဲ့အတွင်းပိုင်း ကာဗွန်ဒိုင်အောက်ဆိုက်နဲ့ အောက်ဆီဂျင်လဲတဲ့နေရာ လေအိတ်လေးတွေမှာ ထိပါတယ်။ အဲဒီအပြင် လေအိတ်လေးတွေ ကြားထဲမှာရှိတဲ့ အဆုတ်အတွင်းသား သွေးကြောများပါ ထိပါတယ်။ အဲဒါကြောင့် အဲဒီအတွင်းသားတွေဟာခိုင်ပြီး ဘိလပ်မြေ ငုံလိုက်သလို ဖြစ်သွားပါတယ်။ အမှန်ဆို အဆုတ်က လေရှူတာဖြစ်တဲ့အတွက် ပွင့်လိုက်၊ ပိတ်လိုက် လုပ်ရမယ့်နေရာမှာ မပိတ်နိုင် မပွင့်နိုင် ဖြစ်တာမျိုး တွေ့ရပါတယ်။ အဆုတ်ဟာ တော်တော်မာသွားပြီး အလုပ်မလုပ်တော့ပါဘူး။ ဒီရောဂါပိုးဟာ တခြား နမိုးနီးယားတွေနဲ့ မတူပါဘူး။ ခန္ဓာကိုယ်တစ်ခုလုံးကို ထိပါတယ်။

ရောဂါပိုးဟာ ဆယ်ရက်နောက်ပိုင်းမှာ အခြားသူကို ကူးစက်နိုင်ခြေ မရှိတော့ပါဘူး။ ဒါကြောင့် လူနာတွေ ဆေးရုံဆင်းတော့မယ်ဆိုရင် ၁၀ ရက်၊ ၁၄ ရက် ဆေးရုံမှာ စောင့်ကြည့်မယ်။ အိမ်မှာပဲ တစ်ပတ်နေမယ်။ သုံးပတ်အတွင်းမှာ ပုံမှန်နေကောင်းတဲ့ လူတစ်ယောက်လို အလုပ်ပြန်လုပ်နိုင်ပြီဆိုတဲ့ ပုံစံမျိုးရှိပါတယ်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပြီးသားသူက နောက်တစ်ခါ ပြန်ဖြစ်လားဆိုတာကို စောင့်ကြည့်ကြပါတယ်။ စောင့်ကြည့်တော့ သိပ္ပံသတင်းစာတွေမှာ ဖြစ်ပြီးသားလူတွေထဲက လူနှစ်ယောက်ပြန်ဖြစ်တာတွေ့တယ်။ ဒီလို လူနှစ်ယောက်ဖြစ်တယ်ဆိုတာပဲရှိပြီး ဖြစ်ပြီးသားသူမှာ နောက်ထပ် များများစားစား ပြန်ဖြစ်တယ်ဆိုတာ မရှိပါဘူး။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပြီးသား ပြန်ဖြစ်တဲ့ ကိစ္စက ပြတ်တော့မပြတ်သေးဘူး။ ဒါပေမယ့် အများအားဖြင့် ရောဂါကူးစက်မှုအနေအထားက တိုသွားတယ်။ နောက်ပိုင်းမှာဆိုရင် တုပ်ကွေးလိုပဲ အားလုံးက ခံနိုင်ရည်ရှိသွားမှာပါ။

ကျွန်မတို့မှာ ကပ်ရောဂါဖြစ်ပြီဆိုရင် အဆင့်တွေရှိပါတယ်။ ကပ်ရောဂါဖြစ်ပွားမှု စတဲ့အချိန်မှာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ဦးဆောင်ပြီး ပြင်ဆင်စရာရှိတာတွေကို ဇန်နဝါရီလကတည်းက စပြီး ပြင်ဆင်တယ်။ ကျွန်မတို့ အချိန်အများကြီးရခဲ့တယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တစ်ခုလုံးကို Organize လုပ်တယ်။ ပြင်ဆင်တယ်။ တာဝန်ရှိသူတွေကို တင်ပြတယ်။ ပြည်ပက ပြန်လည်ဝင်ရောက်လာကြသူတွေကိုလည်း သေသေချာချာ Quarantine ထားပြီးတော့ စစ်ဆေးကုသတယ်။ Clinician တွေအနေနဲ့လည်း ရောဂါကုသဖို့အတွက် တုန်လှုပ်ချောက်ချားမှုမရှိဘဲ ယုံယုံကြည်ကြည်နဲ့ လုပ်စရာရှိတာကို လုပ်တယ်။

စောစောရှာ၊ စောစောသိ၊ စောစောထိန်းဆိုတဲ့ ကိစ္စက တကယ်အလုပ်ဖြစ်ခဲ့တယ်။ ဒါပေမယ့် လူတွေ စိတ်ပူနေကြတာ ပြည်တွင်းကူးစက်မှုပါ။ ဘယ်ကနေ ပေါ်လာမှန်းမသိဘူး။ ဘယ်ကို လိုက်ရမှန်းမသိဘူး။ ဒါကြောင့် ပြည်သူတွေက ထိတ်လန့်ကြပါတယ်။ ထိတ်လန့်ကြပေမယ့် တတ်နိုင်သလောက်တော့ ရှာပြီး ကုသတယ်၊ ထိန်းထားတယ်။ ဖောင်ကြီးမှာဆိုရင် လူနာ ၁၀၀၀ကျော်သွားပြီ။ ရန်ကုန်မှာ ကုသတဲ့ စင်တာတွေထားပြီ ဖြစ်ပါတယ်။ ဒါတွေက ထိန်းထားခြင်းပဲဖြစ်ပါတယ်။ ဒီလို ထိန်းထားလိုက်ရင် နောက်ထပ် ရာ၊ ထောင်ချီပြီးတော့ မပြန့်တော့ဘူး။ ဒါကို Containment Strategy လို့ ခေါ်ပါတယ်။

ဒီ Containment Strategy က ရခိုင်ပြည်နယ်မှာ အောင်မြင်ပါတယ်။ ရခိုင်ပြည်နယ်က လူတိုင်းက အိမ်ပြင်မထွက်ရဆိုတာနဲ့ လုံးဝမထွက်တော့ဘူး။ နှစ်ပတ်လောက်ကြာတဲ့အခါမှာ ရခိုင်ပြည်နယ်က ရာဂဏန်းဖြစ်ပွားရာကနေ အခုအချိန်မှာ ခုဂဏန်းပဲ ရှိပါတော့တယ်။ ဒီလိုမျိုးပဲ ရန်ကုန်ကို လုပ်ကြရမှာ ဖြစ်ပါတယ်။ ရန်ကုန်မှာက လူဦးရေသန်းချီရှိတယ်။ အိမ်ထဲမှာပဲ နေဖို့ဆိုတာ ဖြစ်နိုင်မလား။ ရောဂါရှိပြီးသား လူက တစ်နေရာရာမှာ သွားနေဖို့ မဖြစ်နိုင်ဘူးဆိုတာမျိုး Communication Gap က နည်းနည်းရှိနေတယ်။ ဆေးရုံသွားမပြဘဲ အိမ်မှာပဲနေပါဆိုတဲ့ အယူအဆတွေ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်မဟုတ်တဲ့ အယူအဆတွေလည်း ပေါ်လာတယ်။ ဒီအချိန်မှာ ခေါင်းဆောင်မှုတစ်ခုတည်းနောက်ကို Strategy ကောင်းကောင်းနဲ့ အားလုံးက ယုံယုံကြည်ကြည်လိုက်နာပြီး ညီညွတ်မယ်ဆိုရင် ရန်ကုန်မှာ စဖြစ်တဲ့ရက်ကနေ နောက်ထပ် နှစ်ပတ်အကြာမှာ ကူးစက်နေတဲ့ လူနာအရေအတွက်ကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ Containment Strategy က အရေးကြီးပါတယ်။ နိုင်ငံသား တစ်ဦးချင်း တစ်ဦးချင်း လိုက်နာကြဖို့လိုပါတယ်။

အခုအချိန်ဟာ Containment အဆင့်ဖြစ်တယ်။ အရေးအကြီးဆုံးအချိန်ဖြစ်တယ်။ ဘာမှ ဒွိဟမပွားဘဲ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက လုပ်နေတဲ့ ကိစ္စတွေကို တိတိကျကျ လိုက်နာဆောင်ရွက်ဖို့ပဲ လိုပါတယ်။ ဒီအချိန်မှာ တစ်ပြိုင်တည်း၊ တညီတညာတည်း အိမ်ထဲမှာနေကြပါ။ မိမိကနေစပြီး မကူးအောင်လုပ်ပါ။ လက်ဆေးပါ။ စကားပြောရင် mask တပ်ပါ။ Social Distancing နဲ့အလုပ်တွေ လုပ်ပါ။

အခုလိုကာလမှာ လူတွေက ချောက်ချားကြတယ်။ ဘယ်သူပဲဖြစ်ဖြစ် ဒီလိုကာလမှာ ကြောက်တာ၊ ချောက်ချားတာ ဖြစ်နိုင်ပါတယ်။ မိမိအနေနဲ့ လက်ဆေးခြင်း၊ နားနားနေနေနေခြင်း၊ အာဟာရပြည့်ဝအောင် စားခြင်း၊ ရေသောက်ခြင်း၊ မိမိခန္ဓာကိုယ်က ထွက်တဲ့ စွန့်ပစ်ပစ္စည်းတွေကို သူများတွေ မထိခိုက်အောင် ပြုလုပ်ခြင်း စတာတွေကို ဂရုစိုက်ပြီး ပြုလုပ်မယ်ဆိုရင် တစ်ယောက်ကနေ နောက်တစ်ယောက်ဆီကို ပြန့်ပွားဖို့ မရှိပါဘူး။ အများပြည်သူအနေနဲ့ ရောဂါတွေ့ရှိမှုဂဏန်းတွေ မြင့်တက်လာတာကြည့်ရင်း စိုးရိမ်ကြမှာပါ။

**မျိုးသွင်ကျော်၊ဓာတ်ပုံ-ကျော်ဇင်ထိုက်**

## သမိုင်းကြောင်းပေါ်တွင် မှတ်တမ်းတင်

ဒီအချိန်သည်
တိုင်းပြည်အတွက်
စေတနာလက်ကမ်း
နိုင်ငံတစ်ဝန်းလုံး
ကိုယ်စွမ်းနိုင်သမျှ
ဝိုင်းဝန်းကြရန်
အမှန်ပင်လိုအပ်
မြင့်မြတ်စိတ်ထား
နှလုံးသားဖြင့်
ငွေအား၊လူအား
ပညာအားတွေ
ပေးဆက်နေကြ
မြန်မာ့စိတ်ရင်း
အထင်းသားပေါ်
နိုင်ငံတော်ရဲ့
တကယ့်သူရဲကောင်း
သင်တို့အပေါင်းကို
သမိုင်းကြောင်းပေါ်တွင်၊ မှတ်တမ်း
တင်လိမ့်။ ။

**ဟသ်ာတမြင့်ငွေ**

စာမျက်နှာ ၆ မှ

**ပါမောက္ခ ဒေါက်တာမော်မော်ဦး**
**(အရေးပေါ်ဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)**

လူနာအမျိုးအစားတွေက သုံးမျိုးရှိပါတယ်။ နံပါတ် (၁) အထူးကြပ်မတ်ကုသဖို့ လိုအပ်တဲ့ အရေးပေါ်လူနာမျိုးတွေကို သယ်ယူပို့ဆောင်တာက တစ်မျိုးပါ။ နံပါတ် (၂) လူနာက သာမန်ရောဂါ လက္ခဏာပဲရှိတယ်။ ဖျားမယ်၊ နာမယ်၊ ချောင်းဆိုးမယ် ဒီလိုမျိုး ရောဂါလက္ခဏာရှိတာက နံပါတ် (၂) အမျိုးအစားဖြစ်ပါတယ်။ နံပါတ် (၃) အမျိုးအစားက အနံ့မရတာတို့၊ အရသာမသိတာတို့ ဒီလိုမျိုး လောက်ပဲရှိတဲ့ လူနာတွေကို အမျိုးအစား (၃) အနေနဲ့ ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။

**လူနာအမျိုးအစားပေါ်လိုက်၍ ကုသပေး**

ဒီတော့ အမျိုးအစား (၁)၊ (၂)၊ (၃) ဒီလူနာတွေကို သယ်ယူပို့ဆောင်ဖို့အတွက် လူနာတင်ယာဉ်ကလည်း အမျိုးစုံသုံးရပါတယ်။ အထူးကြပ်မတ်ကုသမှုကို လိုအပ်နေတဲ့ အလွန်ကို ရောဂါဝေဒနာ ဆိုးရွားနေတဲ့ လူနာတွေကို Advance Ambulance ခေါ်တဲ့ အဆင့်မြင့် အသက်ရှူစက်တွေပါတဲ့ လူနာတင်ယာဉ်ကို သုံးပါတယ်။ ဒီလို လူနာတင်ယာဉ်သုံးစီးနဲ့ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

နောက်တစ်ခုက သာမန်ရောဂါလက္ခဏာရှိပြီး လူနာဖျားနေမယ်ဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင် လူနာတင်ယာဉ်တွေနဲ့ သယ်ယူ ပို့ဆောင်ပေးလျက်ရှိပါတယ်။ အရေအတွက် ၁၀ စီးလောက်နဲ့ ကျွန်တော်တို့ အသုံးပြုနေပါတယ်။

ဒီထက်ပိုများတာက ၆၀ ရာခိုင်နှုန်းသော လူနာတွေက နှာခေါင်းကနေ အနံ့မရတာနဲ့ အရသာမသိတဲ့ လူနာမျိုးတွေကို ကျွန်တော်တို့က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကနေ ထောက်ပံ့ထားတဲ့ ဘတ်စ်ကားကြီးတွေရှိပါတယ်။ ယခင်တုန်းက လေဆိပ်ကို ပြေးဆွဲပေးနေတဲ့ YRTA ဘတ်စ်ကားကြီးတွေ ဖြစ်ပါတယ်။ ဒီဘတ်စ်ကားကြီး လေးစီး ကျွန်တော်တို့မှာ ရှိပါတယ်။ ဒီဘတ်စ်ကား လေးစီးနဲ့ ကျွန်တော်တို့က တစ်စီးကို ဓာတ်ခွဲအတည်ပြုလူနာ ၁၅ ယောက် တင်ဆောင်ပြီး သက်ဆိုင်ရာဆေးရုံတွေကို ပို့ဆောင်ပေးပါတယ်။

ဒီလိုပို့ဆောင်ပေးရတဲ့ လူနာတွေကို ကြည့်မယ်ဆိုရင် ပို့ဆောင်ပေးရတဲ့ ဆေးရုံအမျိုးအစား နှစ်မျိုးရှိပါတယ်။ နံပါတ် (၁) က ဆေးရုံတွေကနေထွက်တဲ့ Patient Under Investigation လို့ခေါ်တဲ့ PUI လူနာတွေကို ပို့ဆောင်ပေးရတာပါ။ နံပါတ် (၂) က Quarantine Center တွေက လူနာတွေကို ပို့ဆောင်ပေးရတာ ဖြစ်ပါတယ်။ ဒီလို နှစ်မျိုးရှိပါတယ်။




ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာနရှိ အထူးကြပ်မတ်ကုသဆောင်များ၌ လူနာများ ကုသမည့်စက်ပစ္စည်းများနှင့် ခုတင်များ ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

**"အရေးကြီးဆုံးက Positive ဖြစ်ပြီဆိုတဲ့ အဖြေကို ကိုယ်သိတာနဲ့ တစ်ပြိုင်နက်တည်း ကျန်တဲ့အိမ်သားတွေ၊ သူငယ်ချင်းတွေ၊ မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ ချက်ချင်းခွဲပြီးနေပါ။ ကျွန်တော်တို့ လာခေါ်မယ့်အချိန်အထိ တခြားသူတွေနဲ့ ထိတွေ့မှုကို လုံးဝ မပြုလုပ်ဖို့က အရေးကြီးပါတယ်"**

ဆေးရုံတွေမှာ သွားခေါ်တာက ကျွန်တော်တို့ လက်ထဲမှာရှိတဲ့ ကိုယ့်လူနာတွေဖြစ်တဲ့အတွက် သယ်ယူပို့ဆောင်ပေးရတာ အဆင်ပြေပါတယ်။ သက်ဆိုင်ရာ ဆေးရုံအုပ်တွေနဲ့ ဆက်သွယ်ပြီး ဆရာဝန်နဲ့ သူနာပြုလိုအပ်တဲ့ လူနာမျိုးဆိုရင်လည်း လိုက်ပါစောင့်ရှောက်ပြီး ပို့ဆောင်ပေးပါတယ်။ Quarantine Center တွေက နေရာအနှံ့ ရှိပါတယ်။ ရန်ကုန်မြို့ထဲမှာ Quarantine Center ၄၀ / ၅၀ ရှိပါတယ်။ ဒီလိုနေရာတွေက ပတ်ပြီးခေါ်တဲ့အခါမှာ တစ်ခါတလေ ကော့မှူးတို့၊ တွံတေးတို့ကနေ သွားခေါ်ရတဲ့ အခြေအနေမျိုးတွေ ရှိပါတယ်။

ဒီအင်တာဗျူးမှာ ထည့်ပြီးပြောချင်တာက လူနာတွေအနေနဲ့ လာရောက်ခေါ်ယူ ပို့ဆောင်ပေးတဲ့အဖွဲ့တွေအပေါ်မှာ လိုက်နာရမယ့် စည်းကမ်းချက်တွေကို ပြောချင်ပါတယ်။ Positive လူနာအဖြစ် အဖြေသိရပြီဆိုရင် ကျွန်တော်တို့က လာခေါ်မှာဖြစ်ပါတယ်။ အိမ်မှာနေလို့ မရတော့ပါဘူး။ သက်ဆိုင်ရာ Positive လူနာတွေကို စုပြီး ကုသပေးမယ့် ဆေးရုံတွေကို ပို့ဆောင်ပေးပါတယ်။ ဒီလို ဆေးရုံတွေကို ပို့ဆောင်ပေးမှာဖြစ်တဲ့အတွက် တချို့ကို အိမ်ကနေ၊ တချို့ကို Quarantine Center တွေကနေ၊ ဟိုတယ်တွေကနေ သွားခေါ်ပေးရပါတယ်။

ဒီလိုလာခေါ်ဖို့ နီးပြီဆိုတာကို သတင်းရပြီဆိုရင် Positive လူနာတွေ အနေနဲ့ ပြင်ဆင်ထားစေချင်တာက ကိုယ်ယူမယ့် ပစ္စည်းတွေ၊ ဖုန်းတွေ၊ လက်ပ်တော့၊ ကွန်ပျူတာတွေ၊ ကိုယ့်ရဲ့တစ်ကိုယ်ရေ အသုံးအဆောင်ပစ္စည်းတွေ၊ အင်္ကျီတွေကို ကြိုတင်ပြင်ဆင်ထားစေချင်ပါတယ်။ ကျွန်တော်တို့ ယခုအသစ်ထပ်မံထွက်ရှိလာတဲ့ စည်းကမ်းချက်အသစ်အရ Positive လူနာက အနည်းဆုံး ၁၄ ရက်နေရမယ့် အခြေအနေရှိပါတယ်။ ၁၄ ရက်စာ ကိုယ်အသုံးပြုချင်တဲ့ ပစ္စည်းတွေကို စနစ်တကျ ထုပ်ပိုးထားကြဖို့ ကျွန်တော်တို့က တိုက်တွန်းချင်ပါတယ် ဒါက နံပါတ် (၁) ပါ။

နံပါတ် (၂) က မိမိ အမြဲသောက်နေရတဲ့ ဆေးတွေကို ထည့်ထားဖို့ လိုပါတယ်။ ကျွန်တော်တို့ လာကြိုမယ့်အချိန်သည် ထမင်းစားချိန်ကျော်နေမယ်ဆိုရင် ထမင်းစားပြီးသား ဖြစ်နေရပါမယ်။ ကိုယ့်ရဲ့ တစ်ကိုယ်ရေကိစ္စတွေဖြစ်တဲ့ အပေ့ါသွားတာတွေကိုလည်း ဖြေရှင်းထားပါ။ ဖောင်ကြီးလို နေရာမျိုးအထိ သွားရမယ်ဆိုရင်နေရာက နည်းနည်းဝေးတဲ့အတွက် လမ်းမှာ ပြဿနာ ရှိနိုင်ပါတယ်။ Positive လူနာတွေကို သယ်ဆောင်လာတဲ့အခါ ကျွန်တော်တို့ အနေနဲ့ တခြားဘယ်နေရာမှ ရပ်ပေးလို့ မရပါဘူး။ တိုက်ရိုက်ဆေးရုံကို မောင်းနှင်ရမှာ ဖြစ်ပါတယ်။ ယခု ပြောပြပေးတဲ့ အချက်တွေကို လူနာတွေအနေနဲ့ ကြိုတင်ပြင်ဆင်ပေးထားရင် ကျွန်တော်တို့ကို ကူညီရာ ရောက်ပါတယ်။

ဒ့ါအပြင် လူနာတွေကို သွားရောက်ခေါ်ဆောင်တဲ့အခါမှာ အိမ်သားတွေက လူနာကို လိုက်ပါစောင့်ရှောက်ဖို့ တောင်းဆိုတာတွေကို မကြာခဏကြုံရပါတယ်။ ကျွန်တော်တို့က ကိုဗစ်ရောဂါ နောက်တစ်ယောက်ကို မကူးစက်နိုင်ရေး၊ နောက်တစ်ခုက ဆေးရုံမှာလည်း လူနာအစောင့်အနေနဲ့ လက်ခံနိုင်မှာ မဟုတ်ပါဘူး။ ဒီလို အခြေအနေမျိုးတွေကြောင့် မည်သူမှ လိုက်လို့မရပါဘူး။ ကျွန်တော်တို့ လူနာတင်ယာဉ်တွေအနေနဲ့ မည်သည့် မိသားစုဝင်မှ လိုက်ပါလို့ မရပါဘူးဆိုတာကို ပြည်သူလူထုကို ကြိုတင်ပြီး သိစေချင်ပါတယ်။

အရေးကြီးဆုံးက Positive ဖြစ်ပြီဆိုတဲ့ အဖြေကို ကိုယ်သိတာနဲ့ တစ်ပြိုင်နက်တည်း ကျန်တဲ့အိမ်သားတွေ၊ သူငယ်ချင်းတွေ၊ မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ ချက်ချင်းခွဲပြီးနေပါ။ ကျွန်တော်တို့ လာခေါ်မယ့်အချိန်အထိ တခြားသူတွေနဲ့ ထိတွေ့မှုကို လုံးဝမပြုလုပ်ဖို့က အရေးကြီးပါတယ်။ ယခု Positive လူနာအရေအတွက် အလွန်များတဲ့အတွက်ကြောင့် လူနာတွေကို သယ်ယူပို့ဆောင်ပေးဖို့ လမ်းကြောင်းတွေကို ရေးဆွဲရပါတယ်။ ဒီရေးဆွဲထားတဲ့ လမ်းကြောင်းအတိုင်း ဖယ်ရီကားပြေးဆွဲသလို တစ်ယောက်ပြီး တစ်ယောက်ကို ဘတ်စ်ကားနဲ့ တင်မှာဖြစ်ပါတယ်။ ဒါက ကောင်းနေတဲ့ လူနာတွေဖြစ်ပါတယ်။ ဆေးရုံပေါ်မှာတက်နေတဲ့ PUI လူနာတွေအတွက် ကျွန်တော်တို့မှာ သိပ်ပြီး အခက်အခဲ မရှိပါဘူး။ ဆိုးရွားနေတဲ့ လူနာတွေရှိတယ်။ ဆိုးရွားတယ်ဆိုတာ ရောဂါပြင်းထန်နေတဲ့ လူနာကို စောင့်ရှောက်ပေးဖို့ မိသားစုဝင်တွေက လိုက်ချင်တယ်ဆိုရင် ကျွန်တော်တို့က လူနာစောင့်ကို လုံးဝ ပေးမဝင်ပါဘူး။ လူနာတင်ယာဉ်နဲ့လည်း လိုက်ခွင့်မပေးပါဘူး။ တကယ်လို့ ကိုယ့်ကားနဲ့ ကိုယ်လိုက်လာမယ်ဆိုရင်လည်း လူနာဆောင်ကို ဝင်ခွင့်ရမှာ မဟုတ်ပါဘူး။ ဒါအများပြည်သူနဲ့ သက်ဆိုင်တဲ့ ရောဂါအမျိုးအစားဖြစ်တဲ့အတွက်ကြောင့် ဒါတွေကို သည်းခံပေးဖို့ လိုပါတယ်။

ကျေးဇူးတင်ပါတယ်။

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒါရိုက်တာကြည်စိုးထွန်းနှင့် မင်းသားကြီးမြင့်စိုး (ဒုတိယပိုင်း)

## ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

*စက်တင်ဘာ ၁၃ ရက်မှ အဆက်*

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော် ဒိုင်ယာလော့အရှည်ကြီးကို အဲဒီလို ပြောခဲ့ရတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။ အဲဒါ 'ဤရူပ'ပေါ့နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ 'ဤရူပ'ပါဆရာ။

**ကြည်စိုးထွန်း** ။ ။ 'ဤရူပ'မှာဘာပဲဖြစ်ဖြစ် တကယ့်သမ္မာရင့် ဝါရင့်ပေါ့လေ။ ဟာသပညာရှင်ကြီးနဲ့လည်း တွဲရတယ်။ နောက် တကယ့်သမိုင်းဝင်တဲ့ ဒါရိုက်တာ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)နဲ့လည်း ဆုံခဲ့ရတာပေါ့။ နောက် တစ်ခုကျတော့ ဗိုလ်ကလေးတင့်အောင်ရဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ပြီ။

**ကြည်စိုးထွန်း** ။ ။ musical musical မင်းသား၊ မင်းသားချော မင်းသားလှကို တစ်ခါတည်း အဲဒီမှာရိုက်တဲ့ကားက ဒီဟာ သိပ်နာမည်ကြီးတာပဲနော်။ နှောင်ကြိုးသီချင်းကို ရရင်ဆိုပါဦး။

**မင်းသားကြီးမြင့်စိုး** ။ ။ သီချင်းတော့ ကျွန်တော်မရတော့ဘူး။

**ကြည်စိုးထွန်း** ။ ။ ဟားဟားဟား။

**မင်းသားကြီးမြင့်စိုး** ။ ။ နှောင်ကြိုးကို ငင်ပွါမယ်လေ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ် ကောင်းလိုက်တဲ့ အဲဒီသီချင်း။

**မင်းသားကြီးမြင့်စိုး** ။ ။ ပြဇာတ်မှာတည်းကိုက အောင်မြင်တာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ပြဇာတ်တုန်းက ခင်မောင်မြင့်က။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ပြဇာတ်မှာအောင်မြင်တော့ သုခုမရုပ်ရှင်က ဒေါ်နန်းကနေပြီးတော့ မောင်တင့်အောင်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး ။ ။ မင်း နှောင်ကြိုးကို ငင်ပွါမယ် ပြန်ဆိုတော့ ဟာ ကောင်းတယ်ဆိုတော့။ ကျွန်တော်ကြားတာ ပြောမယ်နော်။ အဲဒီမှာ ကျွန်တော့်



ဗိုလ်ကလေး တင့်အောင်



ခင်မောင်မြင့်

ရဲ့ အဖေလုပ်မယ့် ပုဂ္ဂိုလ်က ဇာတ်လမ်းအရ ကျွန်တော်က သူတောင်းစားသား ဖြစ်မယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်။

**မင်းသားကြီးမြင့်စိုး** ။ ။ သူတောင်းစားကြီးရဲ့သား။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ သူတောင်းစားကြီးကလည်း သူတောင်းစားမျိုးရိုး မဟုတ်ဘူး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ သူကငယ်ငယ်တုန်းက အပျော်အပါး လိုက်စားပြီးတော့ ခြေတစ်ဖက်ဆာသွားပြီး ခြေတစ်ဖက်ဆွံ့သွားတဲ့အတွက် အလုပ်လုပ်ကိုင်လို့မရလို့ တောင်းစားနေတဲ့ဘဝ။

**ကြည်စိုးထွန်း** ။ ။ ဩော်။

**မင်းသားကြီးမြင့်စိုး** ။ ။ သူနဲ့ရတဲ့သား ကျွန်တော်ပေါ့။ သူတောင်းစားမျိုးရိုးတော့ မဟုတ်ဘူးပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး ။ ။ သူတောင်းစားရဲ့သား ဖြစ်သွားတယ်ပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီသူတောင်းစားရဲ့နေရာမှာ ပထမတုန်းက ဆရာဦးသုခနဲ့ ရိုက်ဖို့။

**ကြည်စိုးထွန်း** ။ ။ အဲဒါအစ်ကိုလေး ပြောတယ်။ တစ်သောင်းတောင်းတယ်ဆိုလား မသိဘူး။

**မင်းသားကြီးမြင့်စိုး** ။ ။ ဆရာဦးသုခကလည်းပဲ ဟိုမှာ 'ဂုဏ်ရည် မတူမှာ' သူတောင်းစား။ အောင်မြင်ထားပြီးသား။

**ကြည်စိုးထွန်း** ။ ။ ကန်ထရိုက်ရထားတာ။

**မင်းသားကြီးမြင့်စိုး** ။ ။ အောင်မြင်ထားပြီးသားသူတောင်းစား။ဘိုကယ်ကို ရထားပြီးသား သူတောင်းစား။ certificate ရပြီးသား အဲဒီတော့ ရိုက်မယ်ဆိုတော့ တကယ့်တကယ်ရိုက်တော့ ဆရာဦးသုခကလည်း မကျန်းမာလို့လား။ အလုပ်များလို့လား ငါမရိုက်တော့ဘူးပေါ့။ မောင်တင့်အောင် မင်းပဲလုပ်ပါတော့ ဆိုတော့။ ဗိုလ်ကလေးတင့်အောင်က သူကိုယ်တိုင်လုပ်တယ်။ သူကအဖေ၊ ကျွန်တော်ကသားဆိုတော့ ကျွန်တော့်ကို ဟိုကနေပြီးတော့ တင်တင်မူတို့အဖေက ဦးကျော်သောင်း။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဦးကျော်သောင်းကြီးက သူက ဇာတ်ထုပ်အရ ဇာတ်လမ်းအရ သူကနူနာစွဲကပ်နေပြီ။ နူနာစွဲကပ်နေတော့ အိမ်ထဲက အိမ်ပြင်မထွက်ရဲဘူး။ မထွက်ရဲတော့ တင်တင်မူက တက္ကသိုလ်ကျောင်းသူ။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်က တက္ကသိုလ်ကျောင်းနေတယ်။ သူတောင်းစားသားပေမယ့် တက္ကသိုလ်ကျောင်းနေတယ်ပေါ့ဗျာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျောင်းနေတော့ လူငယ်ချင်းချစ်ကြကြိုက်ကြတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီတော့ သူတို့က သူတောင်းစားသားဆိုပြီးတော့ ခွဲတယ်ပေါ့။

**ကြည်စိုးထွန်း** ။ ။ သူတောင်းစားသားနဲ့ လက်ပရိုဇီ (Leprosy) သမီးနဲ့ သွားတွေ့တာ ဟားဟားဟား။

**မင်းသားကြီးမြင့်စိုး** ။ ။ လက်ပရိုဇီသမီးနဲ့ ခွဲတာပေါ့ဗျာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ လက်ပရိုဇီသမီးကလည်းပဲ အပျော်အပါး ဇာတ်လမ်းရည်ရွယ်ချက်ကောင်းတယ်။ အပျော်အပါးလိုက်လို့ လက်ပရိုဇီဖြစ်သွားတာ။

**ကြည်စိုးထွန်း** ။ ။ ဩော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဦးကျော်သောင်းကြီးက ဟိုကလည်း သူတောင်းစားဖြစ်ရတာလည်း အလုပ်ကိုမလုပ်ဘဲနဲ့ပျင်းကြီး၊ ဖျင်းကြီးဖြစ်ပြီးတော့ တေပြတ်ပြီးတော့ အရှုးအမူးအရက်တွေသောက် ဘာတွေသောက်ပြီးတော့နေတဲ့အတွက် သူတောင်းစားဖြစ်တာ။

**ကြည်စိုးထွန်း** ။ ။ သူတောင်းစားဖြစ်ရတာ။



ဦးသုခ



ဦးကျော်သောင်း

**မင်းသားကြီးမြင့်စိုး** ။ ။ သူ့ရည်ရွယ်ချက်ကဒီလို။ အဲဒီမှာ လက်ပရိုဇီသမီးဖြစ်ပေမယ့် တင်တင်မူနဲ့ သဘောမတူဘူးတဲ့ ဆွေမျိုးအသိုင်းအဝိုင်းက။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်နဲ့ခွဲတာ။ ခွဲတော့ မင်္ဂလာဆောင်ခါနီးကျမှ ခွဲတော့ ကျွန်တော်ကရင်ကွဲတာပေါ့ ဆရာရယ်။ ရင်ကွဲတော့ ကျွန်တော်ကလွမ်းတာပေါ့။ အဲဒါလေးတော့ သတိရတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်။

**မင်းသားကြီးမြင့်စိုး** ။ ။ xx သောက်တော်ဘူးရယ်က အိုမကွာ အိုမကွာ xx ဆိုပြီးတော့ သီချင်းလေးနဲ့ ဆိုပြီးတော့ လွမ်းတယ်။ လွမ်းတော့ ကျွန်တော့်အလွမ်းကို ရိုက်နေတော့ ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်လည်း ဘေးကကြည့်ပြီးတော့ အလွမ်းနဲ့ သူတို့ရိုက်တယ်။ တော်တော် Subject က ပြတ်နေပြီ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကဒ်လုပ်ဖို့ ဆရာမေ့နေတယ်။

**ကြည်စိုးထွန်း** ။ ။ အလွမ်းထဲကို မျောသွားတာ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဆရာမျောလွင့်ပြီးတော့။

**ကြည်စိုးထွန်း** ။ ။ မျောသွားတာ။

**မင်းသားကြီးမြင့်စိုး** ။ ။ ကင်မရာမန်းက ဦးကြိုင်။

**ကြည်စိုးထွန်း** ။ ။ ဦးခိုင်ရဲ့ အစ်ကိုထင်တယ်။ ရုပ်ရှင်မင်းသမီး တင်တင်လှရဲ့အဖေ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဦးကြိုင်ကနေပြီးတော့ ရပ်တော့မလားဆိုတော့ ရပ်လည်းရပ်ကော ဟာကွာတဲ့ ကျုပ်လည်းဗျာတဲ့ မောင်မြင့်စိုးငိုတာကိုကြည့်ပြီးတော့ ကျုပ်က မျက်ရည်ကျတယ်။ ဒါရိုက်တာ မျက်ရည်ကျတဲ့ ဇာတ်ထုပ်ဒါပဲ။

**ကြည်စိုးထွန်း** ။ ။ ဩော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဘေးကနေ ကျွန်တော့်အလွမ်းကိုကြည့်ပြီး၊ ကျွန်တော့်ကို သနားပြီး မျက်ရည်ကျတယ်။

**ကြည်စိုးထွန်း** ။ ။ သူ့ဇာတ်ထုပ်ကို။

**မင်းသားကြီးမြင့်စိုး** ။ ။ သူ့ဇာတ်ထုပ်ကို သူကိုယ်တိုင် ခံစားပြီးတော့၊ မျက်ရည်တွေ ဘာတွေကျပြီးတော့၊ အေးကွာတဲ့ ဒီကောင်မြင့်စိုးကို ကြည့်ပြီးတော့ ငါတောင် သနားတယ်ပေါ့။

**ကြည်စိုးထွန်း** ။ ။ ကိုယ့်ဆေးနဲ့ကိုယ် ဒုက္ခရောက်သွားတယ်။ ကိုယ့်ဆေး ကိုယ်ဖော်စားပြီးတော့ ဟားဟားဟား။

**မင်းသားကြီးမြင့်စိုး** ။ ။ ဇာတ်ထုပ်က အလွန်ပဲသိပ်ကောင်းတယ်ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ပြောတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီဇာတ်လမ်းက 'နှောင်ကြိုးကိုငင်ပွါမယ်' သုခုမရုပ်ရှင်က။

**ကြည်စိုးထွန်း** ။ ။ သီချင်းလည်း သိပ်ကောင်းတာပဲ နှောင်ကြိုးကို ငင်ပွါမယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ မအောင်မြင်တဲ့ရုပ်ရှင်မှာမအောင်မြင်တဲ့အကြောင်း တစ်ခုကျွန်တော်သွားတွေ့တယ်။ အဲဒီဇာတ်ထုပ်တင်တဲ့အချိန်မှာ အခုလိုပေါ့ အခုခေတ်လိုဆို ဂလုပ်မှာရုံတင်တယ်။ ဟိုတုန်းက ဂလုပ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဂုဏ်ရုံပေါ့ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ သိပါတယ်ခင်ဗျ။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီမှာတင်တော့ ရုပ်ရှင်တင်တဲ့ ခေတ်တုန်းက ရန်ကုန်တစ်မြို့လုံး တုပ်ကွေးဖြစ်နေတယ် ဆရာရေ။

**ကြည်စိုးထွန်း** ။ ။ အင်း ကံပေါ့နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကံပေါ့ ဆရာ။

**ကြည်စိုးထွန်း** ။ ။ သုခုမ သုခုမ။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီအချက်နှစ်ချက်သွားတွေ့တယ်။ တုပ်ကွေးဖြစ်နေတော့ လူတွေမလာ၊ အအေးခန်းမဟုတ်လား ဆရာရဲ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ လာမကြည့်ရဲကြဘူး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ရုပ်ရှင်ရုံသွားဖို့ အပြင်မထွက်ကြဘူး။ အခုလိုပေါ့၊ အခုခေတ်လိုပေါ့၊ ဝက်တုပ်ကွေးလိုပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပါတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ အပြင်သိပ်မထွက်ကြဘူး။

**ကြည်စိုးထွန်း** ။ ။ အမှန်က ပြဇာတ်တုန်းက မေရီမြင့်နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ပြဇာတ်တုန်းက မေရီမြင့်။

**ကြည်စိုးထွန်း** ။ ။ မေရီမြင့် သူ့အသံလေးနဲ့ဆိုထားတာ နှောင်ကြိုးကို ငင်ပွါမယ် သူ့အသံလေးနဲ့ကောင်းတယ်နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ကြည်ကြည်ဌေးအသံနဲ့လည်း ကောင်းတာပဲ၊ အဲဒီသီချင်းလေးကတော့ တော်တော်လေးကို ဒီနေ့အထိလည်း ပြန်ပြန်ဆိုနေကြတာပေါ့လေ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ တကယ့်ကို ဟိုဒင်းဖြစ်တဲ့နာမည်လေးပါပဲ။ သီချင်းလေးပါပဲ၊ popular တော်တော်ဖြစ်ခဲ့တယ်။ လူတိုင်း ကြိုက်ခဲ့ပါတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်က အဲဒီမှာ သတိရတာက မအောင်မြင်တဲ့ အကြောင်းလေးတစ်ခု သွားသတိရတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီတုပ်ကွေးဖြစ်တဲ့ အကြောင်းရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။



**မင်းသားကြီးမြင့်စိုး** ။ ။ ဒါကျွန်တော့်အမြင်ပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီတုန်းက အစိုးရကနေပြီးတော့ ကယ်ပါတွေကို ကယ်တဲ့ဇာတ်ထုပ်။ ကယ်ပါတွေကို တကယ့်ကယ်ပါတွေနဲ့ ရိုက်တာ။

**ကြည်စိုးထွန်း** ။ ။ ဩော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကယ်ပါအခန်းပေါ့လေ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

**မင်းသားကြီးမြင့်စိုး** ။ ။ ကယ်ပါတွေနဲ့ရိုက်တော့ အဲဒီဟိုဒင်း ညောင်ဦးတို့ ဘာတို့လား။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီကယ်ပါတွေရှိတဲ့နေရာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီမှာသွားရိုက်တော့ တချို့ကလည်း ကယ်ပါတွေ အစစ်နဲ့ ရိုက်ထားတယ်ဆိုတော့ သိပ်ပြီးတော့ မကြည့်ချင်တဲ့ ပရိသတ်။

**ကြည်စိုးထွန်း** ။ ။ ဪ အနိဋ္ဌာရုံကို မကြည့်ချင်တဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အနိဋ္ဌာရုံ အဲဒါမျိုးပေါ့ ဆရာရယ်။ ဒါရိုက်တာ တစ်ယောက် ရိုက်သွားတဲ့ဇာတ်ထုပ်တစ်ထုပ် အနိဋ္ဌာရုံတစ်ခုနဲ့ ပြခဲ့တဲ့အတွက် အောင်မြင်သင့်သလောက် မအောင်မြင်တာ ကျွန်တော်သွားတွေ့တယ်။

**ကြည်စိုးထွန်း** ။ ။ ဒီလိုလည်း ရှိတတ်ပါတယ်ဆိုတာ။

မင်းသားကြီးမြင့်စိုး ။ ။ အဲဒါတော့ ကျွန်တော် ထုတ်ဖော်မပြောတော့ဘူး နော် အဲဒါတွေရှိတယ်။

**ကြည်စိုးထွန်း** ။ ။ ရှိတတ်တာပေါ့နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်တို့ ရုပ်ရှင်က မိတ်ကပ်ပဲဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ မှန်တာပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။တကယ့်တကယ် real အတိုင်း လုပ်လို့မရဘူးဆရာ။

**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ်။ တစ်ခါတလေ အစစ်နဲ့လုပ်လို့မရတာတွေ ရှိပါတယ်။ သဘာဝကျဖို့ဆို သဘာဝအတိုင်းရိုက်ရင် ဘယ်လိုလုပ်ဖြစ်မလဲနော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ ဒီဟာလည်း မှတ်မှတ်သားသား ရှိပါတယ်။ 'နှောင်ကြိုးကိုငင်ပွဲမယ်'ထဲက နောက်တစ်ခုက ဒါရိုက်တာအကယ်ဒမီ ရသွားတဲ့ကား။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ဒါရိုက်တာ အကယ်ဒမီရသွားတယ်။ အဲဒီဒါရိုက်တာလည်း ကျွန်တော်သိပ်သဘောကျတယ်။ ဘာလို့သဘောကျလဲဆိုတော့ ကျွန်တော်တို့ သံစုံသွင်းခေတ်ကတည်းက သူက တက္ကသိုလ်ဝင်းဖေဆိုပြီးတော့ နာမည်ကြီးတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း** ။ ။ သံစုံသွင်း ခေတ်ကတည်းက ကျွန်တော်တို့ ကျော်ဆွေနှစ်ကိုယ်ခွဲ၊ မြင့်မြင့်ခင်နဲ့ 'စောရစ်ရှား'။

**မင်းသားကြီးမြင့်စိုး** ။ ။ 'စောရ သက်ပြင်း'လား။

**ကြည်စိုးထွန်း** ။ ။ 'စောရ သက်ပြင်း'လား ကောင်းကောင်း မမှတ်မိတော့ဘူး။ 'စောရသက်ပြင်း'ထင်တယ်။ 'စောရစ်ရှား' က ရှေးတုန်းကကား။

**မင်းသားကြီးမြင့်စိုး** ။ ။ တင်ဖေနဲ့ ကျော်ဆွေတို့ရဲ့ စောရစ်ရှား။

**ကြည်စိုးထွန်း** ။ ။ ကျော်ရွှေခေတ်က 'စောရစ်ရှား'၊ အခုက စောရ သက်ပြင်းနဲ့ စောရလား မမှတ်မိတော့ဘူး။ အဲဒါကတော့ တက္ကသိုလ်ဝင်းဖေပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း** ။ ။ အခုတက္ကသိုလ်ဝင်းဖေက အဲဒီလိုရိုက်ရိုက်လာတာ၊ တကယ်လည်း ဒါရိုက်တာပညာမှာ တကယ်တော်တဲ့ပုဂ္ဂိုလ်ပါပဲ။ အဲဒီတော့ မင်းသားကြီးတို့နဲ့ရိုက်တဲ့ 'ပြည်တန်တဲ့ကျည်ဆံ'မှာ။

**မင်းသားကြီးမြင့်စိုး** ။ ။ 'ပြည်တန်ကျည်ဆံ'။

**ကြည်စိုးထွန်း** ။ ။ သူ အကယ်ဒမီရသွားတယ်။ သူကတော့ ကျွန်တော် လေးစားတဲ့ဒါရိုက်တာထဲမှာ သူတစ်ယောက်ပါပါတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း** ။ ။ ငယ်ငယ်လေးကတည်းကလည်း သဘောကျတဲ့ ဒါရိုက်တာကြီးပေါ့။ သူလည်းငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားတာ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ တော်တော်ငယ်ငယ်နဲ့ ဆုံးသွားရှာတယ်။ တက္ကသိုလ်ဝင်းဖေပါ။ အဲဒါကတော့ မင်းသားကြီးတို့နဲ့ ရိုက်သွားတဲ့ 'ပြည်တန်တဲ့ကျည်ဆံ'၊ နောက်တစ်ခုက 'ဘဝကြင်ဖော်'။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း** ။ ။ ရီရီစံနဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ 'ပြည်တန်တဲ့ကျည်ဆံ' မှာ ဒါရိုက်တာက အကယ်ဒမီ ရတယ်လေဆရာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ် ရတယ်လေ။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီမှာလည်း ပြောပြဦးမယ်ဆရာ။

**ကြည်စိုးထွန်း** ။ ။ ပြောပါဦး။

**မင်းသားကြီးမြင့်စိုး** ။ ။ အကယ်ဒမီပွဲမှာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟိုကနေပြီးတော့ ဒါရိုက်တာတက္ကသိုလ်ဝင်းဖေလို့ ကြေညာလည်း ကြေညာရော သူက ကျွန်တော့်ကို လာပြေးပြီးတော့ အတင်း လာဖက်တာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား။

**မင်းသားကြီးမြင့်စိုး** ။ ။ မင်းသားကြီးရယ် မောင်မြင့်စိုး မင်းကောင်းလွန်းလို့ ငါရတာပါကွာ ကျွန်တော်မမေ့နိုင်ဘူး။

**ကြည်စိုးထွန်း** ။ ။ ဪ ဟုတ်ပြီ။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီလိုပဲ ကျွန်တော်လွဲခဲ့ရတဲ့ဥစ္စာတွေ ရှိတာပေါ့။ အဲဒီ 'ပြည်တန်တဲ့ကျည်ဆံ' မှာ ကျွန်တော်လွဲခဲ့ရတာ။ နောက် ခုနက ကျွန်တော် ပြောဖူးတဲ့ ကြည်ကြည်ဌေးနဲ့ ' မိမိကြီး'မှာ။

**ကြည်စိုးထွန်း** ။ ။ ဪ။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်ချစ်မောင်က မင်းသား မောင်ရင် မင်း အကယ်ဒမီပဲ အကယ်ဒမီပဲတဲ့။

**ကြည်စိုးထွန်း** ။ ။ ဪ သူက။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်က ကျော်ဇောကြီးရဲ့သား၊ မြင်းလှည်း သမားလုပ်ရတယ်။ ချစ်လှသိပ်ကောင်းတယ် ဆရာရယ်။ အဲဒီမှာ ဘာသွား သတိရလဲဆိုတော့ ကျွန်တော်က 'မာယာကြာခြည်'တုန်းက ကြည်ကြည်ဌေးနဲ့ ကျွန်တော်က သူဌေးသား။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း** ။ ။ ကိုယ့်ရဲ့ဆရာဖြစ်တဲ့ ဦးချင်းစိန်ကတော့ ကြီးကြပ်။

မင်းသားကြီးမြင့်စိုး ။ ။ ဦးချင်းစိန် ကျွန်တော့်ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော့်ကို ကြီးကြပ်ခိုင်းပြီးတော့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဆရာကိုယ်တိုင် အဲဒီဟာရိုက်တော့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ခင်ယုမေနဲ့ပေါ့ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီမှာ အကြောင်းလေးနှစ်ခု သွားသတိရတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။



တင်တင်လှ



ရီရီစံ



ကျော်ဇောကြီး



ကျွန်တော်ချစ်မောင်

**မင်းသားကြီးမြင့်စိုး** ။ ။ သူက ကချေသည်ဆိုတော့ ကျွန်တော့်ကို သူက ဇာတ်လမ်းဇာတ်ကွက်ထဲမှာ ဟိုပေါ့လေ နာမည်တော့ မေ့နေပြီပေါ့။ ကိုကျော်တင့်လား ဘာလား ထားပါတော့ ဆရာရယ်။ မောင်တို့ကတော့ သူဌေးသားပါ။ သူကတော့ ကချေသည်ပဲ ဖြစ်တဲ့အတွက် သူ့ကိုပစ်သွားမှာလား၊ မပစ်ပါဘူးကွယ်။ တကယ်လားလို့မေးတော့ ဒါရိုက်တာက ကျွန်တော့်ကို မသင်ပေးထားပေမယ့် ကျွန်တော်က တကယ်မဟုတ်ဘူး၊ နှစ်ကယ်နှစ်ကယ်လို့ ပြောလိုက်တယ်၊ ဟာ မင်းသားမောင်ရင်က တယ်တော်ပါလားတဲ့။ တစ်ခါ ချီးကျူးတယ်၊ ဒီလိုဖြစ်ရမှာပေါ့တဲ့။ နောက်တစ်ခါကျ အဲဒီ 'မိမိကြီး' ကျတော့ ကျွန်တော်က မြင်းလှည်းသမား သားဆိုတော့ ကျွန်တော်က သိမ်ငယ်တဲ့ဘဝနဲ့ လုပ်ရတာပေါ့။ အဲဒီတော့ သိမ်သိမ်ငယ်ငယ်လေးပြောတော့ဟာ မင်းကလည်း အပြောင်းအလွဲ တယ်တော်ပါလားဆို။ ကြည်ကြည်ဌေးက ချီးကျူးတာပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီတော့ နာမည်ကျော်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ချီးကျူးခြင်း ခံရတော့။

**ကြည်စိုးထွန်း** ။ ။ ဒါပေါ့လေ။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော် ပီတိဖြစ်ရတာပေါ့။

**ကြည်စိုးထွန်း** ။ ။ တကယ့်ဆုလာဘ်ပါပဲ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဒါဆုလာဘ်ပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒါလေး ပြောပြချင်လို့ပါ။

**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ် ဆုလာဘ်ပါပဲ၊ ပီတိဖြစ်ရတာပေါ့နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ကောင်းပါတယ်ခင်ဗျာ။ နောက်ကျတော့ 'ဘဝကြင်ဖော်'နော်။ 'ဘဝကြင်ဖော်' ပြီးတော့ နောက် 'မဟာဗောဓိ' ဦးသက်ရှည်တို့နဲ့ တစ်ခါတစ်ကား ရိုက်သေးတယ်နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ 'ပွင့်သောပန်းတိုင်း'



**မင်းသားကြီးမြင့်စိုး** ။ ။ 'ပွင့်သောပန်းတိုင်း မွှေးပါစေ'။

**ကြည်စိုးထွန်း** ။ ။ အဲဒါကတော့ ကျွန်တော်တို့အခုထိ ရုပ်ရှင်ထဲမှာ ဇာတ်ရံအဖြစ် ဇာတ်ပို့ဇာတ်ရံအဖြစ်ကျင်လည်လှုပ်ရှားနေတဲ့ ဒေါ်စန်းစန်းနွဲ့တို့ ဘာတို့လည်း ပါတာပေါ့နော် အဲဒီကားထဲမှာ။ နောက်တစ်ခုက အဓိကပြောချင်တာက မင်းသားကြီးကိုယ်တိုင်ပဲ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့ ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဒါရိုက်တာလုပ်ရိုက်ခဲ့တဲ့ ကားပေါ့နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဒါပေမယ့် ကြီးကြပ်ကတော့ ကိုယ့်ရဲ့ဆရာပါပဲ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ခင်ယုမေကို ကျွန်တော်က ဇာတ်လမ်းနဂိုတည်းက ပြောပြတယ်၊ မေရေ ဇာတ်လမ်းထဲမှာ အငြိမ့်မင်းသမီးလေးလို ကရမယ်ဆိုတဲ့ အခန်းတစ်ခန်းပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ပါဆယ်ဂိမ်းပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ပါဆယ်ဂိမ်းနှိုက်လိုက်တော့ ကျွန်တော်က ဝန်ကြီးလို ကပြရတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ သူကအငြိမ့်မင်းသမီးလို ကပြရတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ သူ့ပြောတော့ သူကသိပြီးသား။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ရိုက်လည်းရိုက်ရော Scene ပေါ် on scene လည်း ရောက်ရော ဘာပြောလဲဆိုတော့ ခင်ယုမေက အစ်ကိုတဲ့၊ မေ ညီမ မကတတ်ဘူးတဲ့။

**ကြည်စိုးထွန်း** ။ ။ ဟားဟား။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟာ ညီမရေ စည်းဝါးနားလည်တယ်ဟုတ်လား။

**ကြည်စိုးထွန်း** ။ ။ ဒါပေါ့ အဆိုတော်ဆိုတော့။

**မင်းသားကြီးမြင့်စိုး** ။ ။ စည်းဝါးနားလည်ပေမယ့် ညီမမှ မကတတ်ပဲတဲ့။ ကျွန်တော်ကဆရာလုပ်တယ်ပေါ့ ဆရာရယ်၊ သရုပ်ဆောင်က ဉာဏ်ရှိရတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဖြတ်ထိုးဉာဏ်ပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဖြတ်ထိုးဉာဏ် ဒီဇာတ်ထုပ်ထဲမှာ ညီမမေက အငြိမ့်မင်းသမီးအစစ်မဟုတ်ဘူး။

**ကြည်စိုးထွန်း** ။ ။ မှန်တာပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဇာတ်လမ်းအရ အငြိမ့်မင်းသမီးလို ကပြတာ pretend ပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီတော့ ကပြပါဆိုတော့ မင်းသမီးလိုပဲ ကပြပါ မင်းသမီးမှအစစ်မှမဟုတ်ပဲ။

**ကြည်စိုးထွန်း** ။ ။ မှန်တာပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟန်ပဲပေါ့ မင်းသမီးပုံစံဖြစ် ပြီးတာပဲ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဆိုတော့ သဘောပေါက် နည်းနည်းပြုံးသွားတယ်။ ဟုတ်ပြီတဲ့၊ အဲဒီလိုဆိုရင် အစ်ကိုရှေ့က ကပြလေတဲ့။ ခုနကပြောသလိုပေါ့၊ အဲဒီအက ဝမ်းစာ၊ ရုပ်ရှင်ဝမ်းစာ၊ စေတနာဝမ်းစာဟုတ်လား။ ဂီတဝမ်းစာတွေ တတ်ထားတဲ့အတွက် ကျွန်တော်က ဒါရိုက်တာ ဘောင်းဘီကြီးနဲ့ ရိုက်လည်း ရိုက်၊ မင်းသားလည်း မင်းသား၊ ဒါရိုက်တာလည်း ဒါရိုက်တာဆိုတော့ ကျွန်တော် ပထမကပြတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်ကပြတော့မှ ကျွန်တော်ကသလို သူကလိုက်ပြန်ကတယ်။

**ကြည်စိုးထွန်း** ။ ။ ဪ အဲဒီလိုလည်း လုပ်ရတယ်နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ဒုက္ခပဲနော်။

**မင်းသားကြီးမြင့်စိုး** ။ ။ နောက်တစ်ခုပြောပြဦးမယ်၊ ဆရာပြောဖူးပါတယ် ဆရာနဲ့ကြုံတုန်းက။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

*(ဆက်လက်ဖော်ပြပါမည်)*

# စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပြီး ပူးပေါင်းဆောင်ရွက်



အခု ရန်ကုန်မှာ အများဆုံးဖြစ်နေတယ်ဆိုတာကိုလည်း ပြည်သူပြည်သားတွေ အားလုံးသိပြီးသားဖြစ်မှာပါ။ ရန်ကုန်မှာ အများဆုံးဖြစ်ရတယ်ဆိုတာက ရန်ကုန်က လူဦးရေလည်း ထူထပ်တယ်။ အသွားအလာလည်း များတယ်။ အဝင်အထွက်လည်း များတယ်။ အဝင်အထွက်ဆိုတာက ပြည်ပကရောပြည်တွင်းကရော။ အဲဒီတော့ နည်းနည်းလည်း စည်းကမ်းလိုက်နာမှုက အားနည်းချက်လေးတွေရှိခဲ့တယ်လို့ ပြောရမှာပါ။ အဖြစ်ကိုတော့ အဖြစ်တိုင်း ရင်ဆိုင်မှဖြစ်ပါလိမ့်မယ်။ အခုကနေစပြီးတော့ အားလုံးကနေ တိတိကျကျ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပြီးတော့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ရန်ကုန်မှာလည်း အခြေအနေကို မကြာခင်ကာလမှာ ထိန်းချုပ်သွားနိုင်မှာပါ။

**(Coronavirus Disease 2019 (COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံအတွင်း COVID–19 ရောဂါပြန့်ပွားမှု အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၂၂၁ ဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၄၀၄၃ ဦး ရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၁၇**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၂၂၁ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၄၀၄၃ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၄၀၄၃ ဦးအနက် သေဆုံးသူ ၆၀ ၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၉၄၄ ဦးနှင့် စက်တင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၃၀၅ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၉၁၆၉၆ | ၄၀၄၃ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၉၄၄ | ၆၀ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၉၁၆၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၉၄၄ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

- ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၇– ၉–၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## COVID–19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် စက်တင်ဘာ ၁၇**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

## ၁၇-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၈၂၉၄၇ | ၄၁၂၀၁၃၃ | ၂၀၁၄၀၃ |
| ၂။ | အိန္ဒိယ | ၅၁၂၈၉၁၈ | ၄၀၂၉၅၂၅ | ၈၃၃၃၈ |
| ၃။ | ဘရာဇီး | ၄၄၂၁၆၈၆ | ၃၇၂၀၃၁၂ | ၁၃၄၁၇၄ |
| ၄။ | ရုရှား | ၁၀၈၅၂၈၁ | ၈၉၈၅၆၈ | ၁၉၀၆၁ |
| ၅။ | ပီရူး | ၇၄၄၄၀၀ | ၅၈၇၇၁၇ | ၃၁၀၅၁ |
| ၆။ | ကိုလံဘီယာ | ၇၃၆၃၇၇ | ၆၁၀၀၇၈ | ၂၃၄၇၈ |
| ၇။ | မက္ကဆီကို | ၆၈၀၉၃၁ | ၄၈၅၀၂၄ | ၇၁၉၇၈ |
| ၈။ | တောင်အာဖရိက | ၆၅၃၄၄၄ | ၅၈၄၁၉၅ | ၁၅၇၀၅ |
| ၉။ | စပိန် | ၆၁၄၃၆၀ | စိစစ်ဆဲ | ၃၀၂၄၃ |
| ၁၀။ | အာဂျင်တီးနား | ၅၈၉၀၁၂ | ၄၄၈၂၆၃ | ၁၂၁၁၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၇ – ၉ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၇၆၂၈၉ | ၂၀၈၀၉၆ | ၄၇၈၅ |
| အင်ဒိုနီးရှား | ၂၃၂၆၂၈ | ၁၆၆၆၈၆ | ၉၂၂၂ |
| စင်ကာပူ | ၅၇၅၃၂ | ၅၆၉၅၅ | ၂၇ |
| မလေးရှား | ၁၀၀၅၂ | ၉၂၅၀ | ၁၂၈ |
| မြန်မာ | ၄၀၄၃ | ၉၄၄ | ၆၀ |
| ထိုင်း | ၃၄၉၀ | ၃၃၂၅ | ၅၈ |
| ဗီယက်နမ် | ၁၀၆၆ | ၉၄၀ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၅ | ၂၇၄ | ၀ |
| ဘရူနိုင်း | ၁၄၅ | ၁၄၁ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

◆*ကျောဖုံးမှ*

"ကျွန်တော်တို့အနေနဲ့ ယာဉ်တွေရဲ့တာဝန်ထမ်းဆောင်ရမယ့် အခြေအနေတွေအပေါ်မူတည်ပြီးတော့ ယာဉ်အစီးရေ အနည်းအများကို ဆောင်ရွက်ပေးပါတယ်။ ဒီယာဉ်တွေနဲ့ ကြို/ပို့လုပ်ငန်းကို ဆောင်ရွက်ပေးတဲ့အပြင် တခြားပစ္စည်းတွေကို သယ်ယူပို့ဆောင်ပေးနေရတာတွေလည်း ရှိပါတယ်" ဟု YRTA အဖွဲ့ဝင် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ညီညီမော်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ပါဝင်ဆောင်ရွက်နေကြသော ယာဉ်နှင့်ယာဉ်မောင်းများကို ပုဇွန်တောင် မြို့နယ်အတွင်းရှိ ယာဉ်ရပ်နားကွင်းအတွင်းထားရှိကာ နေ့စဉ် ယာဉ်အစီးရေ ၉၀ ခန့်ဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ပြန်လည်ရောက်ရှိလာသော နိုင်ငံသားများအား လေဆိပ်မှ သယ်ယူပို့ဆောင်ရာတွင်လည်း YRTA က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

# မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ခေါ်ယူ၍ နယ်စပ်လုံခြုံရေးနှင့်ပတ်သက်၍ သတိထောက်လှမ်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၇

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ခေါ်ယူတွေ့ဆုံသည်။**

ယင်းသို့တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအား စက်တင်ဘာ ၁၃ ရက်က ခေါ်ယူတွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်အနီး မြန်မာ့တပ်မတော်၏ လှုပ်ရှားမှုများနှင့်ပတ်သက်၍ ပြောကြားခဲ့မှုနှင့် သတိထောက်လှမ်းပေးအပ်ခဲ့မှုအပေါ် မြန်မာဘက်က ဖြစ်စဉ်အခြေအနေမှန်ကို တုံ့ပြန်ရှင်းလင်းပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်က ဘင်္ဂလားဒေ့ရှ်ဘက်မှ သတိထောက်လှမ်းတွင် ဖော်ပြထားသော မကြာသေးမီက နှစ်နိုင်ငံနယ်စပ်အနီး မြန်မာဘက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ လှုပ်ရှားမှုများသည် ရဲတပ်ဖွဲ့ဝင်များ၏ ပုံမှန်တာဝန်လဲလှယ်မှုသာဖြစ်ပြီး ၎င်းတို့နှင့်အတူ မိသားစုဝင်များလည်း လိုက်ပါပြောင်းရွှေ့ကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ ရွှေ့ပြောင်းလှုပ်ရှားမှုများသည် ရခိုင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအရ တရားဥပဒေစိုးမိုးရေးနှင့် ရခိုင်ပြည်နယ်တွင်းရှိ ဒေသခံအသိုက်အဝန်းအားလုံး၏ လူမှုဘဝလုံခြုံမှုရှိရေးကာကွယ်စောင့်ရှောက်ရန်အတွက် ပုံမှန်တာဝန်ထမ်းဆောင်မှု၏ တစ်စိတ်တစ်ဒေသ လှုပ်ရှားဆောင်ရွက်မှုသာဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ တာဝန်ရွှေ့ပြောင်းရာတွင်လည်း မြန်မာပိုင်နက်နယ်နိမိတ်အတွင်းတွင်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ် ခြိမ်းခြောက်မှုပြုစေရန် ရည်ရွယ်ခြင်း အလျဉ်းမရှိကြောင်း တုံ့ပြန်ပြောကြားသည်။

ထို့ပြင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားဆက်ဆံရေးရုံးများ (BLOs) ထူထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၄ ရက်က နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့ပြီး မြန်မာဘက်က နယ်ခြားဆက်ဆံရေးရုံးကို မောင်တောမြို့၌ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၅ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ နှစ်နိုင်ငံ နယ်ခြားဆက်ဆံရေးရုံးများအကြား ညှိနှိုင်းအစည်းအဝေးကျင်းပရန် မြန်မာဘက်မှ (၃) ကြိမ်တိုင် အဆိုပြုခဲ့သော်လည်း ပထမနှစ်ကြိမ် အဆိုပြုမှုများအပေါ် ဘင်္ဂလားဒေ့ရှ်ဘက်မှ အကြောင်းပြန်ကြားမှုမရှိခဲ့ကြောင်း၊ မြန်မာဘက်မှ တတိယအကြိမ် အဆိုပြုမှုအပေါ် ကိုဗစ်-၁၉ ရောဂါအခြေအနေအပေါ် အကြောင်းပြု၍ အဆင်ပြေမှုမရှိသေးဟု ဘင်္ဂလားဒေ့ရှ်ဘက်က ပြောကြားထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား ထူထောင်ထားသည့် နယ်ခြားဆက်ဆံရေးရုံးအချင်းချင်း ဆက်သွယ်ဆောင်ရွက်သည့် ယန္တရားမှတစ်ဆင့် ဆွေးနွေးညှိနှိုင်းဖြေရှင်းသွားရန် အသင့်ရှိကြောင်း ထပ်လောင်းပြောကြားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား သတိထောက်လှမ်းတစ်စောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဦးဂါကျေးရွာတွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ကျူးလွန်သူတပ်မတော်သား ၃ ဦးအား ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၇**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ဦးဂါကျေးရွာတွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်၍ ကျူးလွန်သူ တပ်မတော်သား ၃ ဦးအား ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် ရသေ့တောင်မြို့နယ်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေသော စစ်ကြောင်းတစ်ခုသည် ဇွန် ၃၀ ရက်တွင် ရသေ့တောင်မြို့နယ် ဦးဂါကျေးရွာအနီး အခြေပြုရာမှ ဦးဂါကျေးရွာနေ ဒေါ်----အားစစ်သည် ၃ ဦးက သားမယားအဖြစ် အဓမ္မပြုကျင့်ခဲ့ကြောင်း ဒေါ်---- က စစ်တွေမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် တိုင်ကြားမှုနှင့် ပတ်သက်၍ ဖြစ်စဉ်မှန်ပေါ်ပေါက်စေရေးအတွက် စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရသည့် နယ်မြေဖြစ်ခြင်း၊ စစ်ဆေးရမည့်သံသယရှိသူများအနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်နေရာဒေသတွင် ရောက်ရှိနေခြင်းတို့ကြောင့် အချိန်အနည်းငယ် ကြန့်ကြာပြီးမှသာ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း စစ်စည်းကမ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်း၍ သံသယရှိသူများအား နှစ်ဖက်သက်သေများဖြင့် စနစ်တကျ စစ်ဆေးဖော်ထုတ်ခဲ့ရာ ပထမအကြိမ် စစ်မေးရာတွင် ပြစ်မှုကျူးလွန်သူ ၃ ဦးမှာ ပြစ်မှုကျူးလွန်ခဲ့မှု မရှိကြောင်း လိမ်လည်ထွက်ဆိုသော်လည်း နှစ်ဖက်သက်သေထွက်ဆိုချက်များမှာ ကွဲလွဲမှုများပြားနေသဖြင့် စက်တင်ဘာလဆန်း၌ ပိုမိုတိကျသည့် စစ်ဆေးချက်များနှင့် ဒုတိယအကြိမ် ထပ်မံစစ်ဆေးမှသာ အဆိုပါပြစ်မှုကျူးလွန်သူ ၃ ဦးမှာ ပြစ်မှုကျူးလွန်သည်ဟု ဝန်ခံထွက်ဆို ဖြောင့်ချက်ပေးခဲ့ကြောင်း။

သို့ဖြစ်၍ ပြစ်မှုကျူးလွန်သူ တပ်မတော်သား ၃ ဦးအား စစ်တရားရုံးဖွဲ့စည်း၍ ပွင့်လင်းမြင်သာစွာ စစ်ဆေးသွားမည်ဖြစ်ပြီး ဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာအရေးယူနိုင်ရေးနှင့် ကျန်တာဝန်ရှိသူများအားလည်း စစ်စည်းကမ်းအရအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သတင်းစဉ်

## ပြင်ဦးလွင်၊ လှိုင်သာယာ(အနောက်ပိုင်း)နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၆ ရက် ညနေ ၃ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် လားရှိုး-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၅၄ နှင့် ၅၄/၁ ကြား ဝက်ဝံကျေးရွာအုပ်စု ဝက်ဝံကျေးရွာအနီးတွင် ဇော်မင်းဦး မောင်းနှင်ပြီး ရဲနိုင်လိုက်ပါလာသောတွဲယာဉ်အား ရပ်တန့်ရှာဖွေရာ ကော်ပုံးများဖြင့် ထည့်ထားသည့် ဆာလဖျူရစ်အက်စစ် ၁၁၉၈၈ လီတာကို သိမ်းဆည်းရမိသည်။

**အရေးယူထား**

အလားတူ စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် BOC အဝိုင်း လှိုင်သာယာ-ကော့မှူး ကားဂိတ်အနီးတွင် အောင်ကျော်(ခ)ပါကျဲ အားတွေ့ရှိရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ပုဆိုးခါးကြားမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ် ၁၆ ရပ်ကွက် ရမည်းသင်းလမ်း အမှတ်-၁၂၇၀ ရှိ ၎င်း၏ နေအိမ်ကိုရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀ ၊ ဆေးခြောက် သုည ဒသမ ၀၆ ကီလိုတို့ကို လည်းကောင်း၊ စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလုကျေးရွာအနီး တာချီလိတ်- မိုင်းဆတ်သွား ကားလမ်းတွင် အားဆာ(ခ) အားဘော မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ် တူးဘောက်အတွင်းမှ ဆာလာအိတ်ဖြင့် ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ၊ ဘိန်းဖြူ သုည ဒသမ ၁ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

■ *ကျောဖုံးမှ*

ထိုပွဲစဉ်သည် ၎င်း၏ စပိန်အသင်းနှင့် ပွဲဦးထွက်ပွဲစဉ်ဖြစ်ကြောင်းလည်း သိရသည်။

ရီးရဲမက်ဒရစ်အသင်းသည် ရီဂူလွန်ကို ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် ဆီဗီလာအသင်းသို့ အငှားချထားခြင်းဖြစ်သည်။ ၎င်းသည် ဆီဗီလာ အသင်း၌ အငှားကစားစဉ်အတွင်း ပြိုင်ပွဲစုံ ၃၈ ပွဲအထိ ပါဝင်ကစားခွင့် ရရှိခဲ့ပြီး သုံးဂိုးသွင်းယူ ပေးထားနိုင်သူဖြစ်သည်။ ရီဂူလွန်သည် ဆီဗီလာအသင်းနှင့် ယူရိုပါလိဂ်ဖလားရရှိထားသည့်အပြင် ရီးရဲမက်ဒရစ်အသင်းနှင့်လည်း ၂၀၁၈ ခုနှစ်တွင် ဖီဖာကလပ်ကမ္ဘာ့ဖလားကို ဆွတ်ခူးရရှိထား သူဖြစ်သည်။ ထို့ကြောင့် ရီဂူလွန်သည် စပါးအသင်းသို့ ပြောင်းရွှေ့ပြီး အောင်မြင်မှုသရဖူ စိုက်ထူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

အခြားသတင်းတစ်ရပ်တွင် မော်ရင်ဟို၏ စပါးအသင်းသည် နောက်ထပ်ရီးရဲမက်ဒရစ်အသင်းမှ ကစားသမားတစ်ဦးဖြစ်သူ စပါးကစားသမားဟောင်း ဂါးရတ်ဘေးလ်ကို ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါကစားသမားကို မန်ယူအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း စပါးအသင်းက မန်ယူအသင်းထက် လက်ဦးမှုရယူကာ အသင်းသို့ခေါ်ယူရန် နီးစပ်နေခြင်းဖြစ်သည်။ ဘေးလ်သည် စပါးအသင်းမှ ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ၂၀၁၃ ခုနှစ်တွင် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

အသက် ၃၁ နှစ်အရွယ်ရှိ ဘေးလ်ကိုယ်တိုင်က ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာကာ ပရီမီယာလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း မကြာသေးမီက ဝန်ခံပြောကြားထားသည့်အတွက် အပြောင်းအရွှေ့ဖြစ်မြောက်လာဖွယ်ရှိနေသည်။ ဘေးလ်သည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အသင်းအတွက် ပြိုင်ပွဲစုံ ပွဲ ၂၀ သာ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး သုံးဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။

စပါးအသင်း၏ လာမည့်ပရီမီယာလိဂ်ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၀ ရက်တွင် ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

အောင်ဇော်

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၇**

ယနေ့ မွန်းလွဲ ၁နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်း၌ စက်တင်ဘာ ၂၀ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ဝါရင့်ဟာသလူရွှင်တော်ကြီး ဦးပလာတာ နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်

**ရန်ကုန် စက်တင်ဘာ ၁၇**




ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဝါရင့်လူရွှင်တော်ကြီး ဦးပလာတာ (အသက် ၉၀ နှစ်)သည် စက်တင်ဘာ ၁၇ ရက် နံနက် ၂ နာရီခန့်တွင် လူကြီးရောဂါဖြင့် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၆ လမ်း နေအိမ်၌ ကွယ်လွန်ခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သိရသည်။

ဦးပလာတာ၏ ဈာပနကို စက်တင်ဘာ ၁၇ ရက် နေ့လယ်ပိုင်းတွင် ပန်းဘဲတန်းမြို့နယ် ၂၆ လမ်း နေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်၍ မီးသဂြိုဟ်ပြီးဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်ဗီဒီယိုဝါရင့်သရုပ်ဆောင် လူရွှင်တော် ဦးပလာတာသည် ရေဒီယိုအငြိမ့်ခေတ်ဦးကာလမှစ၍ အနုပညာလောကတွင် ကျင်လည်ခဲ့ပြီး အဖြူအမည်းရုပ်ရှင်ခေတ်မှ ရောင်စုံရုပ်ရှင်နှင့် ဗီဒီယိုခေတ်အထိ လူရွှင်တော်ကြီးများဖြစ်ကြသည့် ဖိုးပါကြီး၊ ဦးရွှေရိုး၊ ဦးစံမတူ ၊ ဦးသော်တာတို့နှင့်အတူ ဇာတ်ကားများစွာတွင် ဟာသပြက်လုံးများကို အတွဲညီညီဖြင့် တင်ဆက်ခဲ့၊ သရုပ်ဆောင်ခဲ့သူများဖြစ်သည်။

၎င်းတို့သည် "မှုံရွေရည်" ဇာတ်ကားတွင် အလွန်လူကြိုက်များ၍ ပြည်သူအများ အားပေးချစ်ခင်မှုရရှိသော လူရွှင်တော်ကြီးများအဖြစ် ထင်ရှားသည်။ ဟာသပညာနှင့် ပရိသတ်ကို တင်ဆက်ဖျော်ဖြေခဲ့သူ၊ အနုပညာလောကအတွင်း နှစ်ပေါင်း ၆၀ နီးပါး ရပ်တည်ခဲ့သူ၊ ဝါရင့်ဟာသလူရွှင်တော်ကြီး ဦးပလာတာသည် ဇနီး ဒေါ်ခင်ထွေး(ကွယ်လွန်)၊ ယခုသူကွယ်လွန်ချိန်တွင် သားသမီး ခြောက်ယောက်၊ မြေး နှစ်ယောက် ကျန်ရစ်ခဲ့သည်။ အနုပညာလောကနှင့်ကင်းကွာသည်မှာ နှစ်နှစ်ကျော်ခန့်သာရှိသေးကြောင်း သိရသည်။

ရွှေမြိုင်မောင်ဖုန်း

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၇**

(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၂၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ယာယီဒုတိယရဲမှူးကြီး ဝေဠုသတိုး ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၃၀ တို့သည် စက်တင်ဘာ ၁၃ ရက်တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်လူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

ရဲပြန်ကြား

## လယ်ဝေးမြို့ ခုတင် ၁၀၀ ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၇**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) လုံခြုံရေးရဲတပ်ဖွဲ့ (ပဲခူး)မှ ဒုတိယရဲမှူးကြီး နိုင်ဦးကျော် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၆၀ တို့ လယ်ဝေးမြို့ ခုတင် ၁၀၀ ဆေးရုံတွင် စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်က အမှိုက်သရိုက်နှင့် ချုံနွယ်များအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

မောင်မွေး

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၉-၂၀၂၀) ရက်နေ့၊ မွန်းလွဲ(၂:၀၀)နာရီ

၁။ (၁၆-၉-၂၀၂၀) ရက်နေ့အတွက် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ(၂၈၂) ခုအား စစ်ဆေးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ (၁၇-၉-၂၀၂၀) ရက်နေ့၊ နေ့လည် (၂:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃,၈၉၅) ဦးရှိပြီဖြစ်ပါသည်။

၃။ (၁၆-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၂၅၉) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | မြင်းခြံမြို့နယ် | ၅ |
| | | ပြင်ဦးလွင်မြို့နယ် | ၃ |
| | | မဟာအောင်မြေမြို့နယ် | ၁ |
| | | ချမ်းမြသာစည်မြို့နယ် | ၁ |
| | စုစုပေါင်း | | ၁၀ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပမြို့နယ် | ၁၂ |
| | | မင်္ဂလာဒုံမြို့နယ် | ၉ |
| | | သာကေတမြို့နယ် | ၉ |
| | | အလုံမြို့နယ် | ၈ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၈ |
| | | ဒလမြို့နယ် | ၇ |
| | | တောင်ဥက္ကလာပမြို့နယ် | ၇ |
| | | တာမွေမြို့နယ် | ၆ |
| | | ပုဇွန်တောင်မြို့နယ် | ၆ |
| | | သင်္ဃန်းကျွန်းမြို့နယ် | ၅ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၅ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၅ |
| | | လသာမြို့နယ် | ၅ |
| | | လှိုင်မြို့နယ် | ၅ |
| | | လှိုင်သာယာမြို့နယ် | ၄ |
| | | ထန်းတပင်မြို့နယ် | ၄ |
| | | ဒဂုံမြို့နယ် | ၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၃ |
| | | လမ်းမတော်မြို့နယ် | ၃ |
| | | ကျောက်တံတားမြို့နယ် | ၃ |
| | | ရန်ကင်းမြို့နယ် | ၂ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၂ |
| | | ဗိုလ်တထောင်မြို့နယ် | ၂ |
| | | ဗဟန်းမြို့နယ် | ၂ |
| | | သန်လျင်မြို့နယ် | ၂ |
| | | ကွမ်းခြံကုန်းမြို့နယ် | ၂ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၁ |
| | | စမ်းချောင်းမြို့နယ် | ၁ |
| | | ကမာရွတ်မြို့နယ် | ၁ |
| | | တွံတေးမြို့နယ် | ၁ |
| | စုစုပေါင်း | | ၁၃၃ |
| ၃ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၄၆ |
| | | မြောက်ဦးမြို့နယ် | ၁၁ |
| | | ဘူးသီးတောင်မြို့နယ် | ၇ |
| | | မောင်တောမြို့နယ် | ၅ |
| | | မြေပုံမြို့နယ် | ၄ |
| | | မင်းပြားမြို့နယ် | ၃ |
| | | ကျောက်တော်မြို့နယ် | ၂ |
| | | ကျောက်ဖြူမြို့နယ် | ၁ |
| | | ရသေ့တောင်မြို့နယ် | ၁ |
| | စုစုပေါင်း | | ၈၀ |
| ၄ | မွန်ပြည်နယ် | မော်လမြိုင်မြို့နယ် ** | ၁၂ |
| | | ရေးမြို့နယ် ** | ၁ |
| | စုစုပေါင်း | | ၁၃ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ကြို့ပင်ကောက်မြို့နယ် | ၁ |
| | စုစုပေါင်း | | ၁ |
| ၆ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ပုဗ္ဗသီရိမြို့နယ် | ၁ |
| | | ဇမ္ဗူသီရိမြို့နယ် | ၄ |
| | စုစုပေါင်း | | ၅ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့နယ် | ၆ |
| | | လေးမျက်နှာမြို့နယ် | ၁ |
| | | ငပုတောမြို့နယ် | ၁ |
| | စုစုပေါင်း | | ၈ |
| ၈ | မကွေးတိုင်းဒေသကြီး | မကွေးမြို့နယ် | ၁ |
| | | နတ်မောက်မြို့နယ် | ၁ |
| | | ပေါက်မြို့နယ် | ၁ |
| | စုစုပေါင်း | | ၃ |
| ၉ | တနင်္သာရီတိုင်းဒေသကြီး | ဘုတ်ပြင်းမြို့နယ် ** | ၁ |
| | စုစုပေါင်း | | ၁ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီး | ဒီပဲယင်းမြို့နယ် | ၁ |
| | စုစုပေါင်း | | ၁ |
| ၁၁ | ကချင်ပြည်နယ် | ဖားကန့်မြို့နယ် | ၄ |
| | စုစုပေါင်း | | ၄ |
| (၁၆-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | ၂၅၉ |

** မော်လမြိုင်မြို့နယ်မှ (၁) ဦး၊ ဘုတ်ပြင်းမြို့နယ်မှ (၁) ဦးနှင့် ရေးမြို့နယ်မှ (၁) ဦး၊ စုစုပေါင်း (၃) ဦးသည် ပြည်ပနိုင်ငံသို့ ခရီးသွားရာဇဝင်ရှိသဖြင့် မော်လမြိုင်မြို့တွင် အသွားအလာကန့်သတ်ထားရှိပါသည်။

၃။ (၁၇-၉-၂၀၂၀) ရက်နေ့၊ နေ့လည် (၂:၀၀)နာရီအထိ ထပ်မံ သေဆုံးသူ (၁၁) ဦးရှိပါသည် -

| စဉ် | Case | အသက် | ကျား/မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁ | Case-3714 | ၆၀ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၆-၉-၂၀၂၀) ရက်နေ့၊ နံနက် (၂:၂၅) |
| ၂ | Case-3766 | ၆၅ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၆-၉-၂၀၂၀) ရက်နေ့၊ နေ့လည် (၂:၃၀) |
| ၃ | Case -3769 * | ၆၇ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၅-၉-၂၀၂၀) ရက်နေ့၊ နေ့လည် (၂:၀၀) |
| ၄ | Case – 3770 * | ၂၄ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၄-၉-၂၀၂၀) ရက်နေ့၊ ည (၁၀:၄၀) |
| ၅ | Case – 3874 * | ၆၄ နှစ် | မ | သင်္ဃန်းကျွန်းစံပြဆေးရုံကြီး | (၁၅-၉-၂၀၂၀) ရက်နေ့၊ ည (၁၀:၅၀) |
| ၆ | Case-3366 | ၅၂ နှစ် | ကျား | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | (၁၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၅:၀၅) |
| ၇ | Case - 3768 | ၆၀ နှစ် | မ | ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး | (၁၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၃၀) |
| ၈ | Case-3651 | ၈၀ နှစ် | မ | ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့ | (၁၆-၉-၂၀၂၀) ရက်နေ့၊ ည (၁၁:၂၀) |
| ၉ | Case-3315 | ၆၇ နှစ် | မ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | (၁၆-၉-၂၀၂၀) ရက်နေ့၊ ည (၆:၂၀) |
| ၁၀ | Case - 3352 | ၆၅ နှစ် | မ | ဝေဘာဂီအထူးကု ဆေးရုံကြီး | (၁၆-၉-၂၀၂၀) ရက်နေ့၊ ည (၉:၄၅) |
| ၁၁ | Case-3708 * | ၅၈ နှစ် | ကျား | ရန်ကုန် အရှေ့ပိုင်းဆေးရုံကြီး | (၁၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၆:၁၀) |

* အဆိုပါ လူနာများ သေဆုံးချိန်တွင် ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးထားဆဲဖြစ်ပြီး ယနေ့မှ ဓာတ်ခွဲအဖြေရရှိ၍ ထုတ်ပြန်ခြင်းဖြစ်ပါ သည်။

၄။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၅၇) ဦး ရှိပြီဖြစ်ပါသည်။

## နေပြည်တော်မှ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ နေပြည်တော်အတွင်းသို့ တရားမဝင်သည့် နည်းလမ်းဖြင့် မဝင်ရောက်ကြရန် လိုအပ်ပါသည်။ တခြားဒေသများမှ ပြန်လာလျှင်လည်း အသိပေးပြီး စစ်ဆေးခံကြရန် လိုအပ်ပါသည်။ ကိုဗစ်ရောဂါ စမ်းသပ်စစ်ဆေးခကို များစွာလျှော့ချထားပါသည်။

၂။ ရန်ကုန် – မန္တလေး အမြန်လမ်းနှင့် လမ်းဟောင်း တချို့နေရာများတွင် ကားပေါ်မှ ဆင်းပြီး ဆိုင်ကယ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် နေပြည်တော်သို့ ဝင်ရောက်ခြင်းများရှိသည်ကို ကြားသိနေရသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပြီး ကြပ်ကြပ်မတ်မတ်ထိန်းချုပ်နေသည်။

၃။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကို မိမိရပ်ကွက်ကျေးရွာသို့ ဝင်ရောက်လာသူများ၊ ပြန်လာသူများရှိပါက ချက်ချင်းသတင်းပို့ရန်၊ ကြပ်မတ်ရန်နှင့် Quarantine စင်တာများသို့ ပို့ဆောင်ရန် ညွှန်ကြားထားသည်။

၄။ ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန် ဖြတ်သန်းမှုများနှင့် ပတ်သက်၍ အဝင်ဂိတ်များတွင် စလစ်များပေးပြီး အထွက်ဂိတ်ကို တောက်လျှောက်မောင်းနှင်ရန်၊ လမ်းတွင် တခြားနေရာများသို့ မဝင်ရောက်ရန်၊ အထွက်ဂိတ်တွင် စလစ်ပြန်အပ်ရန် ညွှန်ကြားထားပါသည်။

၅။ နေပြည်တော်ရှိ မြို့နယ်များ၌ Mask တပ်ဆင်ရေး၊ ကိုဗစ်ပညာပေးလုပ်ငန်းများကို အသံချဲ့စက်ဖြင့် လိုက်လံဆော်သြခြင်းနှင့် ညမထွက်ရအမိန့် လိုက်နာမှုရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စားသောက်ဆိုင်များတွင်လည်း ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ ရန်ကုန်မြို့တွင် Quarantine ဝင်နေသူ လူဦးရေ ၆၀၀၀ ခန့်ရှိပါသည်။ ရခိုင်ပြည်နယ်မှ ပြန်လာသည့်လူဦးရေ ၁၀၀၀ ကို နှစ်ရက်အတွင်း နေရာထိုင်ခင်း ဖန်တီးပေးထားပါသည်။ ယခု Contact များလာသည့်အတွက် လူဦးရေ ၁၀၀၀ ခန့်အတွက် Quarantine Center ၇ ခု အသစ်ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးထားပါသည်။ Quarantine Center ဝင်ရောက်သူများအား ရန်ကုန်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် ကူညီရန် လာရောက်ဆက်သွယ်ပေးစေလိုပါသည်။

၂။ ရန်ကုန်မြို့သူ၊ မြို့သားများအနေဖြင့် Contact Tracing ကို ရှာသည့်အခါတွင် ရောဂါပိုးရှိသူနှင့် ထိတွေ့ခဲ့သူရပ်ကွက်၌ ရှိနေပြီဆိုပါက စိုးရိမ်ထိတ်လန့်မှုမရှိစေဘဲ Quarantine Center များသို့ မြန်မြန်ဆန်ဆန်ပို့ဆောင်ပေးရန် လိုအပ်ပါသည်။

၃။ Quarantine Center များသို့ ရောက်ရှိသွားပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာနေထိုင်ကြစေရန်နှင့် Quarantine ဝင်ရောက်နေကြသူများအား စားသောက်ဖွယ်ရာများ ပို့ဆောင်ရာတွင် အရက်သေစာနှင့် ဆေးလိပ်တို့ကို ထည့်သွင်းပို့ဆောင်ခြင်းမပြုလုပ်ကြရန် မေတ္တာရပ်ခံလိုပါသည်။

၄။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ဝန်ထုပ်ဝန်ပိုးများလည်း များပြားပါသည်။ သို့ဖြစ်၍ Stay Home သတ်မှတ်ကာလ ၂ ပတ်၊ ၃ ပတ်ခန့်အချိန်အတွင်း မိမိတို့နေအိမ်တွင် နေထိုင်ခြင်းဖြင့် စည်းကမ်းများကို တိတိကျကျလိုက်နာကြရန်၊ မဖြစ်မနေပြင်ပသို့ သွားရောက်ရပါက Mask များ၊ မဖြစ်မနေတပ်ကြရန်၊ ရန်ကုန်မြို့သည် လူဦးရေများပြားသည့်အတွက် ယခုလို ကူးစက်ပြန့်ပွားမှု မြင့်တက်လာချိန်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား အထူးဂရုပြုလိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# အိန္ဒိယနှင့် ပါကစ္စတန်တို့တွင် လအတန်ကြာ ပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်ဖွင့်

**နယူးဒေလီ စက်တင်ဘာ ၁၇**

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ကိုဗစ်- ၁၉ ရောဂါကြောင့် ကျောင်းများကို လအတန်ကြာအောင် ပိတ်ထားခဲ့ရပြီးနောက် ပြန်လည်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

ပါကစ္စတန်တွင် ကိုဗစ်- ၁၉ ကူးစက်ခံထားရသည့် အတည်ပြုလူနာအရေအတွက် ၃၀၀၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၆၃၀၀ ကျော်ရှိသည်။ သို့ရာတွင် ဩဂုတ်လမှစတင်ကာ ရောဂါကူးစက်မှု ကျဆင်းလာသည်ဟုဆိုကာ ကန့်သတ်ပိတ်ဆို့မှုများကို အဆင့်ဆင့် ဖြေလျှော့ပေးခဲ့ကြောင်း သိရသည်။

ကပ်ရောဂါကျရောက်မှုကြောင့် စာသင်ကျောင်းများကို ပိတ်ထားခဲ့ပြီး ခြောက်လအတွင်း ပထမဆုံးအကြိမ်အဖြစ် စာသင်ကျောင်းများကို စက်တင်ဘာ ၁၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ပါကစ္စတန်မြို့တော် အစ္စလာမ္မာဘတ်ရှိ ဂျူနီယာကောလိပ်တစ်ခုတွင် ကျောင်းအဝင်ဝ၌ နှာခေါင်းစည်း တပ်ဆင်ထားကြသည့် ကျောင်းသား ကျောင်းသူများက အပူချိန်တိုင်းတာစစ်ဆေးမှုခံယူကာ လက်သန့်စင်ဆေးရည်များ အသုံးပြုခဲ့ကြသည်။

စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ရာတွင် စာသင်ခန်းတစ်ခန်း၌ ကျောင်းသားဦးရေ ၁၅ ယောက်အထိသာ ထားရှိရန် ကန့်သတ်ထားသည်။ သို့ရာတွင် နေ့စဉ် ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက် ၈၀၀၀၀ ကျော်အထိရှိကာ ကူးစက်မှုမြန်ဆန်နေဆဲဖြစ်ရာ မိဘများ၏ ခွင့်ပြုချက်ရရှိသည့် ကျောင်းသားများသာ ကျောင်းသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း ကိုဗစ်- ၁၉ ကာကွယ်ဆေးရရှိနိုင်မည်ဖြစ်ကြောင်း သမ္မတထရမ့်ပြော

**ဝါရှင်တန် စက်တင်ဘာ ၁၇**

အမေရိကန် အစိုးရအဖွဲ့အနေဖြင့် ကိုဗစ်- ၁၉ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး ကြိုးပမ်းအားထုတ်မှုများ အခြေအနေကောင်းမွန်လျက်ရှိပြီး လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း ကာကွယ်ဆေးရရှိနိုင်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အလေးအနက်ပြောကြားခဲ့သည်။

စက်တင်ဘာ ၁၆ ရက်က အမေရိကန် ရုပ်မြင်သံကြားအစီအစဉ်တစ်ခု၌ မိန့်ခွန်းပြောကြားခဲ့မှုအတွင်း သမ္မတထရမ့်က ကာကွယ်ဆေးရရန် အလွန်နီးစပ်နေပြီဖြစ်ကြောင်းနှင့် လာမည့်ရက်သတ္တပတ်သုံးပတ် သို့မဟုတ် လေးပတ်အတွင်း ကာကွယ်ဆေးရရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် သမ္မတထရမ့်က ယခင်အစိုးရအဖွဲ့လက်ထက်က အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့နှင့် အခြားအာဏာပိုင်အဖွဲ့အစည်းများ၏ အတည်ပြုထောက်ခံချက်ရရှိရေး လုပ်ငန်းစဉ်အဆင့်ဆင့်ကြောင့် ကာကွယ်ဆေးရရှိရေးအတွက် နှစ်ချီကြာမြင့်အောင် အချိန်ယူခဲ့ရကြောင်း ပြောသည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

လာမည့် အောက်တိုဘာလတွင် ကာကွယ်ဆေးအဆင်သင့်ဖြစ်နိုင်ကြောင်းနှင့် ယခုနှစ်ကုန်ပိုင်းလောက်တွင် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ပြည်သူသန်း ၁၀၀ ထက်မနည်းကို ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်သမ္မတရွေးကောက်ပွဲကျင်းပရန် နှစ်လသာကျန်ရှိတော့သည့်အချိန်တွင် သမ္မတထရမ့်အနေဖြင့် ကာကွယ်ဆေးမြန်မြန်ရရှိရေးအတွက် ၎င်းမည်မျှ ကြိုးစားအားထုတ်လျက်ရှိသည်ကို ပြသရန် စိတ်အားထက်သန်လျက်ရှိကြောင်း မီဒီယာများက ဖော်ပြကြသည်။

**အေအက်ဖ်ပီ**

## တောင်အာဖရိက၌ ကိုဗစ်- ၁၉ ဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့မည်

**ကိပ်တောင်း စက်တင်ဘာ ၁၇**

တောင်အာဖရိက၌ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု လျော့ကျလာပြီဖြစ်သည်ဟု ယူဆရသည့်အတွက် ကပ်ရောဂါထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးရေး လုပ်ဆောင်နေပြီဖြစ်ကြောင်း တောင်အာဖရိကသမ္မတ ဆိုင်ရီလ်ရာမာဖိုဆာက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် နှစ်လအကြာက တောင်အာဖရိကနိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူအရေအတွက်မှာ တစ်ရက်လျှင် ၁၂၀၀၀ ခန့်အထိ ရှိပြီး ရောဂါကူးစက်ဖြစ်ပွားမှု အမြင့်ဆုံး ဖြစ်ခဲ့ကြောင်း စက်တင်ဘာ ၁၆ ရက်က ရုပ်သံမှ ထုတ်လွှင့်သည့် မိန့်ခွန်းတွင် သမ္မတရာမာဖိုဆာက ပြောကြားခဲ့သည်။

ယခုအခါ တစ်ရက်လျှင် ရောဂါ ထပ်မံကူးစက်ခံရသူ အရေအတွက် ၂၀၀၀ အောက် လျော့ကျလာပြီဖြစ်သည့်အတွက် တောင်အာဖရိကနိုင်ငံအနေဖြင့် ကပ်ရောဂါ၏ အဆိုးဆုံးအဆင့်ကို ဖြတ်ကျော်ခဲ့ပြီးပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

သို့ဖြစ်ရာ တောင်အာဖရိကနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားမှုများ ပုံမှန်အခြေအနေအတိုင်း ပြန်ဖြစ်စေရန်အတွက် လာမည့် အောက်တိုဘာ ၁ ရက်မှစတင်ကာ ပြည်တွင်းနှင့် ပြည်ပသို့ ခရီးသွားလာမှုများအား ပိတ်ပင်ထားမှုကို ဖယ်ရှားမည်ဖြစ်ကြောင်း သမ္မတ ရာမာဖိုဆာက ကြေညာခဲ့သည်။

ကပ်ရောဂါကျရောက်ခဲ့သည့် မတ်လနှောင်းပိုင်းတွင် တောင်အာဖရိကနိုင်ငံ၏ နယ်စပ်ဝင်ပေါက်များကို စတင်ပိတ်ထားခဲ့သည်။

သို့ရာတွင် ရောဂါကူးစက်မှုနှုန်း မြင့်မားသည့် နိုင်ငံများသို့ ခရီးသွားလာခြင်းနှင့် အဆိုပါနိုင်ငံများမှ တောင်အာဖရိကသို့ လာရောက်ခြင်းကို ဆက်လက် ကန့်သတ်ထားဦးမည်ဖြစ်ကြောင်း သိရသည်။ တောင်အာဖရိကနိုင်ငံသည် အာဖရိက၌ အကြီးဆုံးစက်မှုနိုင်ငံ ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



တောင်အာဖရိကသမ္မတ ရာမာဖိုဆာ။

## ဘီလာရုစ် ဆန္ဒပြပွဲများတွင် အမေရိကန် အဓိကပါဝင်ပတ်သက်နေသည်ဟု ရုရှားစွပ်စွဲ

**မော်စကို စက်တင်ဘာ ၁၇**

ဘီလာရုစ်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲများအပြီး ပေါ်ပေါက်လာသည့် ဆန္ဒပြပွဲများကို စီစဉ်ရာတွင် အမေရိကန်က အဓိကနေရာမှ ပါဝင်ပတ်သက်နေသည်ဟု ရုရှားနိုင်ငံ ပြည်ပထောက်လှမ်းရေးအဖွဲ့ ဒါရိုက်တာ ဆာဂျယ်လ်နာရီရှကင်က စွပ်စွဲပြောကြားလိုက်ကြောင်း သိရသည်။

### ငွေကြေးထည့်ဝင်ခဲ့ကြ

အမေရိကန်အနေဖြင့် လူထုဆန္ဒပြပွဲများတွင် နောက်ကွယ်မှနေ၍ ပါဝင်ရန်ကြိုးစားနေပြီး ဘီလာရုစ်၌ အစိုးရကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများ စတင်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံသားများက ဆန္ဒပြပွဲများ ဖြစ်မြောက်စေရေးအတွက် ငွေကြေးအမြောက်အမြား ထည့်ဝင်ခဲ့ကြကြောင်း ၎င်းက စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

### ကြိုတင်ပြင်ဆင်မှုလုပ်ဆောင်ခဲ့

ဆန္ဒပြပွဲများဖြစ်လာစေရန် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အစောပိုင်းတို့တွင် ကြိုတင်ပြင်ဆင်မှုများ စတင်လုပ်ဆောင်ခဲ့ကြောင်း၊ ဆန္ဒပြပွဲများ စီစဉ်ရာတွင် အကူအညီပေးရန် အမေရိကန်က အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတစ်ဆင့် အမေရိကန်ဒေါ်လာသန်း ၂၀ ထည့်ဝင်ခဲ့သည်ဟု ၎င်းက စွပ်စွဲလိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ် ၉ ရက်က ဘီလာရုစ်သမ္မတ အလက်ဇန္ဒြားလူကာရှန်ကို ခြောက်ကြိမ်မြောက် အနိုင်ရရှိခဲ့ပြီးနောက် ဘီလာရုစ်နိုင်ငံတစ်ဝန်း အစိုးရဆန့်ကျင်သည့် ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့သည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း ပါပူအာ၌ မြေပြိုမှုကြောင့် နှစ်ဦးသေဆုံး

**ဂျကာတာ စက်တင်ဘာ ၁၇**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း ပါပူအာပြည်နယ် ဆိုရွန်မြို့တွင် မြေပြိုမှုတစ်ခုဖြစ်ပွားရာ လူနှစ်ဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

### ကျေးရွာများပျက်စီး

နိုင်ငံအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စက်တင်ဘာ ၁၆ ရက် ညနေ ၄ နာရီတွင် မြေပြိုမှုဖြစ်ပွားခဲ့ကာ ဆိုရွန်မြို့ရှိ ဒေသပေါင်းသုံးခုတို့မှ ကျေးရွာအများအပြား ထိခိုက်ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ရာဒစ်ယာဂျာတီက ပြောကြားသည်။

### သတိပေးခဲ့

အဆိုပါအေဂျင်စီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားနိုင်ကြောင်း၊ အထူးသဖြင့် မြေပြိုမှုဖြစ်ပွားလွယ်သည့် ဧရိယာများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများအနေဖြင့် ကြိုတင်ပြင်ဆင်ထားကြရန် သတိပေးခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းသည့် ရာသီချိန်အတွင်း ရေကြီးရေလျှံမှုနှင့်မြေပြိုမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## လက်ဘနွန်နိုင်ငံ၏ အကျဉ်းထောင်ကြီးအတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း ၂၀၀ ကျော် ရှိလာ

**ဘေရွတ် စက်တင်ဘာ ၁၇**

လက်ဘနွန်နိုင်ငံရှိ အကြီးဆုံးအကျဉ်းထောင်ကြီးအတွင်းတွင် ကိုဗစ်– ၁၉ ကူးစက်ခံရသူပေါင်း ၂၀၀ ကျော်ရှိလာပြီဟု တိုင်းပြည်ရှိ ဆရာဝန်များအသင်း အကြီးအကဲက စက်တင်ဘာ ၁၇ ရက်တွင် သတိပေးခဲ့သည်။

အကျဉ်းထောင်အတွင်း လူများစုပြုံခြင်းကို ဖြေလျှော့ပေးပြီး ရောဂါကူးစက်မှုကို လျင်လျင်မြန်မြန် ခြေရာခံလိုက်နိုင်ရေး တောင်းဆိုခဲ့သည်။ ရူမီယာအကျဉ်းထောင်တွင် ကိုဗစ် -၁၉ အတည်ပြုလူနာ ၂၀၀ ကျော်ရှိ သည်ဟု ဆရာဝန်များအသင်း အကြီးအကဲ ရှာရက်ဖ် အဘူရှာရတ်ဖ်က ဘေရွတ်မှ သတင်းထောက်များကို ပြောသည်။

အစောပိုင်းတွင် အာဏာပိုင်များက အကျဉ်းထောင်အတွင်းကူးစက်မှုမှာ ၂၂ ဦးရှိသည်ဟု ကြေညာခဲ့ပြီးနောက် ယခုလို ကူးစက်မှုများပြားလာခြင်း ဖြစ်သည်။ ကူးစက်ခံရသူအားလုံးမှာ အကျဉ်းသားများလား သို့မဟုတ် လုံခြုံရေးအစောင့်များ ပါဝင်ခြင်း ရှိ မရှိကိုမူ အတည်ပြုပြောကြားခဲ့ခြင်းမရှိပေ။

သို့သော်လည်း ကူးစက်မှုများ များပြားလာခြင်းအတွက် အကျဉ်းသားများကို အပြစ်ဖို့ပြောဆိုခဲ့သည်။ အကျဉ်းသားများမှာ ချမှတ်ထားသည့် ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ နေထိုင်ခဲ့ခြင်းမရှိဟု ပြောဆိုခဲ့သည်။ ရူမီယာအကျဉ်းထောင်တွင် အကျဉ်းသားပေါင်း ၄၀၀၀ ကျော် ထားရှိပြီး အကျဉ်းထောင်အတွင်းလူဆံ့သည့် ပမာဏထက် သုံးဆပိုများနေသည်။

ထို့ပြင် နေထိုင်မှု အခြေအနေဆိုးရွားသည့်အတွက်လည်း နာမည်ဆိုးဖြင့် ကျော်ကြားသည်။ အဆိုပါအကျဉ်းထောင်အတွင်း စက်တင်ဘာ ၁၂ ရက်မှ စတင်ကာ လူပေါင်း ၂၂ ဦးတွင် စတင်ကူးစက်ခံရပြီး အကျဉ်းထောင်စောင့်ကိုးဦးနှင့် အကျဉ်းသား ၁၃ ဦးတို့ ကူးစက်ခံခဲ့ရခြင်းဖြစ်သည်။

လက်ဘနွန်နိုင်ငံတွင် ဖေဖော်ဝါရီလမှစတင်ကာ ယခုအချိန်အထိ ကိုဗစ်– ၁၉ ကူးစက်ခံရသူပေါင်း ၂၆၀၈၃ ဦးရှိပြီး သေဆုံးသူ ၂၅၉ ဦးရှိကြောင်း သိရသည်။

အေအက်ဖ်ပီ

## ကိုဗစ်– ၁၉ တိုက်ဖျက်ရာတွင် ညီညွတ်ကြရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးပြော

**ဂျီနီဗာ စက်တင်ဘာ ၁၇**

ကိုဗစ် – ၁၉ တိုက်ဖျက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရာတွင် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းမှ စုစည်းညီညွတ်ကြရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး အန်တိုနီယိုဂူတာရက်စ်က တောင်းဆိုခဲ့သည်။

မစ္စတာဂူတာရက်စ်သည် စက်တင်ဘာ ၁၆ ရက်က ကုလသမဂ္ဂဌာနချုပ်တွင် (၇၅) ကြိမ်မြောက် အထွေထွေညီလာခံဖွင့်ပွဲ အခမ်းအနားတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

ကမ္ဘာကြီးမှာ ကပ်ရောဂါကြောင့် လူပေါင်းတစ်သန်း၏အသက် ဆုံးရှုံးခဲ့ရပြီဖြစ်ကြောင်းနှင့် ကူးစက်မှုမှာ ယနေ့အချိန်ထိ ထိန်းချုပ်မှု မရသေးကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကာကွယ်ဆေးအတွက်မူ လူတိုင်းလက်လှမ်းမီနိုင်သည့် ကာကွယ်ဆေးဖြစ်ရမည့်အပြင် လူသားတိုင်းအတွက် ကာကွယ်ဆေးဖြစ်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးစီးသည့် ကိုဗစ်– ၁၉ ကာကွယ်ဆေးရရှိရန် ကြိုးပမ်းအားထုတ်နေသည့် တစ်ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အတွက်လည်း ရန်ပုံငွေ ပိုမိုရရှိရန် ဂူတာရက်စ်က တောင်းဆိုခဲ့သည်။

ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှုအတွက် အစိုးရအသီးသီးက ပူးပေါင်းပါဝင်ကြရန် ဆက်လက်တိုက်တွန်းခဲ့သည်။

အင်န်အိတ်ချ်ကေ

## အစ္စရေးတွင် ကိုဗစ်- ၁၉ နေ့စဉ်ကူးစက်မှုနှုန်း ပထမဆုံးအကြိမ်အဖြစ် ၆၀၀၀ ကျော်ရှိလာ

**ဂျေရုဆလင် စက်တင်ဘာ ၁၇**

အစ္စရေးနိုင်ငံတွင် စက်တင်ဘာ ၁၆ ရက်က ကိုဗစ် – ၁၉ အသစ်ကူးစက်ခံရသူ ၆၀၆၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်း ကူးစက်ခံရသူပေါင်း ၁၇၀၄၆၅ ဦး ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အစ္စရေးနိုင်ငံတွင် ဖေဖော်ဝါရီလအတွင်း ကူးစက်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှ စတင်ကာ စက်တင်ဘာ ၁၆ ရက် ကူးစက်မှုနှုန်းမှာ အမြင့်ဆုံးဖြစ်ပြီး စက်တင်ဘာ ၁၄ ရက်တွင် ကူးစက်ခံရသူ စုစုပေါင်း ၄၇၆၄ ဦး တွေ့ရှိခဲ့သည်။

စက်တင်ဘာ ၁၆ ရက်အစောပိုင်းမှစတင်ကာ အစ္စရေးနိုင်ငံတွင် ကိုဗစ်– ၁၉ လူနာများလာသည့်အတွက် ဆေးရုံများအကြား ကိုဗစ်– ၁၉လူနာ လွှဲပြောင်းပေးခြင်း အစီအစဉ်ကို စတင်ခဲ့သည်။

အစ္စရေးနိုင်ငံမြောက်ပိုင်း ဆေးရုံများတွင် ကိုဗစ် – ၁၉ လူနာသစ်များကို ဆက်လက်လက်ခံနိုင်ရန် နေရာလွတ်မရှိတော့ပေ။ ဂျေရုဆလင်တစ်ဝိုက်ရှိ ဆေးရုံများတွင်လည်း ဝန်နှင့်အား မမျှအောင် လူနာများ များပြားလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းရှိ ဆေးရုံများသို့ လူနာအချို့လွှဲပြောင်းပေးရန် ဝန်ကြီးဌာနက ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်သည်။

အစ္စရေးတွင် စက်တင်ဘာ ၁၆ ရက်က ၁၈ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူ စုစုပေါင်းမှာ ၁၁၆၅ ဦးအထိ ရှိလာခဲ့သည်။

ထို့ပြင် အခြေအနေ ဆိုးရွားသည့် လူနာမှာ ၅၃၄ ဦးမှ ၅၄၉ ဦးအထိ ရှိလာသည်။

စက်တင်ဘာ ၁၆ ရက်အထိ ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၁၂၃၂၁၉ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဆင်ဟွာ



အစ္စရေးနိုင်ငံရှိ ကိုဗစ်– ၁၉ လူနာဆောင်တွင် ကုသနေသည့် ဆရာဝန်များကို တွေ့ရစဉ်။

## အစ္စရေးနှင့် ပုံမှန်ဆက်ဆံရေး ထူထောင်နိုင်သည့်အတွက် ယူအေအီးနှင့် ဘာရိန်းနိုင်ငံတို့ကို အီရန်ရှုတ်ချ

**တီဟီရန် စက်တင်ဘာ ၁၇**

အစ္စရေးနှင့် ပုံမှန်ဆက်ဆံရေး ထူထောင်ခဲ့သည့်အတွက် ယူအေအီးနိုင်ငံနှင့် ဘာရိန်းနိုင်ငံတို့ကို အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက ရှုတ်ချပြောဆိုခဲ့သည်။

ထို့ပြင် တခြားသော အာရပ်နိုင်ငံများအနေဖြင့်လည်း အစ္စရေးနှင့် ဆက်ဆံရေး မပြုလုပ်ကြရန် သတိပေးခဲ့သည်။

အစိုးရအဖွဲ့ အစည်းအဝေးကို စက်တင်ဘာ ၁၆ ရက်က ပြုလုပ်ခဲ့ပြီး အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ အိမ်ဖြူတော်တွင် ယူအေအီးနှင့် ဘာရိန်းနိုင်ငံတို့ အစ္စရေးနှင့် ပုံမှန်ဆက်ဆံရေး ထူထောင်ခြင်းအတွက် လက်မှတ်ရေးထိုးခြင်းကို ရှုတ်ချပြောဆိုခဲ့သည်။

ယင်းကဲ့သို့ လက်မှတ်ရေးထိုးခြင်းမှာ ပါလက်စတိုင်းတို့အပေါ် သစ္စာဖောက်ခြင်းဖြစ်သည်ဟု စွပ်စွဲပြောဆိုခဲ့ခြင်းဖြစ်သည်။

အစ္စရေးနှင့် ဆက်ဆံရေးပြန်လည်ထူထောင်ခဲ့သည့်အတွက် ရရှိလာမည့် နောက်ဆက်တွဲအကျိုးဆက်များကို အဆိုပါ နှစ်နိုင်ငံတွင်သာ တာဝန်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



ဝါရှင်တန်မြို့တွင် စက်တင်ဘာ ၁၅ ရက်က ဘာရိန်း၊ ယူအေအီးနှင့် အစ္စရေးတို့ ပုံမှန်ဆက်ဆံရေး ထူထောင်ခြင်း သဘောတူညီမှုတွင် လက်မှတ်ရေးထိုးကြစဉ်။

ယူအေအီး၊ ဘာရိန်းနိုင်ငံတို့နှင့် အစ္စရေးတို့ကြား ပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်ရန် အမေရိကန်သမ္မတက စေ့စပ်ညှိနှိုင်းလုပ်ဆောင်ပေးခဲ့ပြီး အစ္စရေးနှင့် ကျန်အာရပ်နိုင်ငံများလည်း မကြာမီအချိန်အတွင်း ဆက်ဆံရေးများ တိုးတက်လာလိမ့်မည်ဟု ယုံကြည်မှုရှိကြောင်းလည်း အမေရိကန်သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံသည် ယူအေအီး၊ ဘာရိန်းနိုင်ငံများနှင့် ဆက်ဆံရေးလုံခြုံရေးကဏ္ဍတွင် ပိုမိုခိုင်မာသော ဆက်ဆံရေးရှိလာပြီး အမေရိကန်နှင့်အတူ ပူးပေါင်းကာ အီရန်အပေါ် ခြိမ်းခြောက်လာမည်ကို အီရန်ဘက်မှ စိုးရိမ်လျက်ရှိသည်။

ယခုလက်ရှိ ပြောင်းလဲဖြစ်ပေါ်မှုများကြောင့် ရေနံစိမ်းတင်ပို့ရာတွင် အဓိကလမ်းကြောင်းဖြစ်သည့် ပါရှန်ပင်လယ်ကွေ့ ဒေသတွင် တင်းမာမှုများ မြင့်တက်လာမည်ကို စိုးရိမ်မှုများဖြင့် တက်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

## ကယ်လီဖိုးနီးယားတွင် ယခုနှစ်အတွင်း တောမီးလောင်မှုပေါင်း ၇၈၆၀ ဖြစ်ပွားပြီး မြေဧက ၃ ဒသမ ၄ သန်း လောင်ကျွမ်း



ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့ အာကေးဒီးယားဒေသတွင် တောမီးလောင်မှုကို စက်တင်ဘာ ၁၃ ရက်က တွေ့ရစဉ်။

**ဆန်ဖရန်စစ္စကို စက်တင်ဘာ ၁၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ယခုနှစ်အတွင်း တောမီးလောင်မှုပေါင်း ၇၈၆၀ ဖြစ်ပွားခဲ့ပြီး မြေဧကပေါင်း ၃ ဒသမ ၄ သန်း လောင်ကျွမ်းခဲ့ရသည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်းက စက်တင်ဘာ ၁၆ ရက်တွင် ပြောသည်။

### အကူအညီရယူ

တောမီးလောင်မှုများကို ငြိမ်းသတ်ရန် ကယ်လီဖိုးနီးယား သစ်တောနှင့် တောမီးထိန်းသိမ်းရေးဌာနနှင့် အမေရိကန် သစ်တောဌာနတို့က ဆက်လက် ကြိုးပမ်းလျက်ရှိပြီး မွန်တာနာပြည်နယ်၊ ယူတားပြည်နယ်၊ တက္ကဆက်ပြည်နယ်နှင့် နယူးဂျာစီ ပြည်နယ်တို့မှ မီးသတ်ဝန်ထမ်းများ၏ အကူအညီကိုလည်း ရယူခဲ့ကြသည်။

### မီးငြိမ်းသတ်မှု လုပ်ဆောင်

ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးလောင်မှုများကို လတ်တလော ငြိမ်းသတ်နေသည့် မီးသတ်သမားပေါင်း ၁၇၀၀၀ ကျော်ရှိပြီး မီးသတ်ယာဉ်ပေါင်း ၂၂၀၀ နှင့် မီးငြိမ်းသတ်မှု လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

### အကြီးဆုံးတောမီးဖြစ်

ကယ်လီဖိုးနီးယားပြည်နယ် မန်ဒိုစီနိုခရိုင်တွင် တောမီးလောင်မှုမှာ ပြည်နယ်အတွင်း အကြီးဆုံး တောမီးဖြစ်ပြီး စက်တင်ဘာ ၁၆ ရက်အထိ ဆက်လက်လောင်လျက်ရှိသည်။

### ထိန်းချုပ်နိုင်ပြီဖြစ်

ဘတ်တီ၊ ပလူမက်စ်နှင့် ယူတားစီရင်စုတို့တွင်မူ တောမီးလောင်မှုကို ထိန်းချုပ်နိုင်ပြီ ဖြစ်သည်။

ဆင်ဟွာ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၅၁ ရက် သာ**

**လိုတော့သည်။**

## ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✓) ခြစ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးရာတွင် ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✓) ခြစ်၍ ဆန္ဒပြုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘောလ်ပင်ဖြင့် အမှတ်အသား (✓) ခြစ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲ နမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

*(ယမန်နေ့မှအဆက်)*

**၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ**
**ပြည်သူ့လွှတ်တော်**
**သစ်သီးတိုင်းဒေသကြီး**
**ညောင်သီးမြို့နယ်မဲဆန္ဒနယ်**

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | ✓ |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ---------------------

အမည်၊ --------------------------------

နမူနာ - ၄

**၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ**
**ပြည်သူ့လွှတ်တော်**
**သစ်သီးတိုင်းဒေသကြီး**
**ညောင်သီးမြို့နယ်မဲဆန္ဒနယ်**

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | ✓ |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ---------------------

အမည်၊ --------------------------------

နမူနာ - ၅

**၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ**
**ပြည်သူ့လွှတ်တော်**
**သစ်သီးတိုင်းဒေသကြီး**
**ညောင်သီးမြို့နယ်မဲဆန္ဒနယ်**

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | ✓ |

မဲရုံမှူးလက်မှတ်၊ ---------------------

အမည်၊ --------------------------------

နမူနာ - ၆

မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

## တနင်္သာရီမြို့နယ်၌ (ပထမ)အကြိမ် မဲစာရင်းများအား ပုံစံဖြည့်စွက်လျှောက်ထားသူ မဲဆန္ဒရှင်စာရင်း ၂၀၀၀ ကျော်တိုးလာ

**တနင်္သာရီ စက်တင်ဘာ ၁၇**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်အတွင်းမှ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်နှင့် ဆန္ဒမဲအပြည့်အဝပေးနိုင်ရေး၊ မဲဆန္ဒရှင်စာရင်းမကျန်ရှိစေရေးအတွက် (ပထမ)အကြိမ် မဲဆန္ဒရှင်စာရင်းများအရ ရပ်ကွက်/ကျေးရွာများအထိ အိမ်တိုင်ရာရောက် ကွင်းဆင်းပြုစုကြရာ (ပထမ)အကြိမ် မဲဆန္ဒရှင်စာရင်း ၇၉၀၀၀ ကျော်ရှိရာမှ ယခုအခါ စက်တင်ဘာ ၁၆ ရက်အထိ ၈၁၀၀၀ ကျော်အထိ မဲဆန္ဒရှင်စာရင်း ဦးရေ ၂၀၀၀ ကျော် တိုးလာကြောင်း သိရသည်။

ယခုလက်ရှိတွင် ပုံစံ(၃)ဖြင့် မဲစာရင်းထပ်တိုးဖြည့်စွက်ခြင်း၊ ပုံစံ(၄)ဖြင့် ကန့်ကွက်ပယ်ဖျက်ခြင်းနှင့် ပုံစံ(၄-က)ဖြင့် အချက်အလက်ပြင်ဆင်ခြင်းများကို မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မဲစာရင်းများ မှန်ကန်စွာဖြင့် ဒုတိယအကြိမ်ကပ်ထားကြေညာပေးနိုင်ရန် မဲဆန္ဒရှင်စာရင်း တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တနင်္သာရီမြို့နယ်အတွင်း ရပ်ကွက်ငါးခုနှင့် ကျေးရွာအုပ်စု ၂၁ အုပ်စု၊ စုစုပေါင်း ၂၆ ခုတွင် မဲရုံစုစုပေါင်း ၉၈ ရုံရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ဗမာပြည်သူ့ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၇

**ဗမာပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးအောင်သန်းတင့်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်ပြည်သူလူထုကြီးခင်ဗျား-**

ကျွန်တော်ကတော့ ဗမာပြည်သူ့ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီ ဥက္ကဋ္ဌ ဦးအောင်သန်းတင့် ဖြစ်ပါတယ်။ မြန်မာနိုင်ငံသူ /သားအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆန္ဒပြုပါတယ်။

ယနေ့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူးအပြောင်းကာလမှာ ဒီမိုကရေစီ အခြေခိုင်မာရန်အတွက် လာမယ့် ၂၀၂၀ ရွေးကောက်ပွဲ အခင်းအကျင်းကသာ အဆုံးအဖြတ်ပေးမှာဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်လွှတ်တော်အတွက် စိတ်ဓာတ် အမြင့်မားဆုံး၊ အရည်အချင်းအရှိဆုံးနဲ့ အတွေ့အကြုံရင့်ကျက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ လိုအပ်မှာမလွဲမသွေ ဖြစ်ပါတယ်။

အနာဂတ်မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်မှာ လွှတ်တော်ရဲ့ အခန်းကဏ္ဍက ရှေ့တန်းရောက်မှာဖြစ်သလို လွှတ်တော်အားကောင်း မောင်းသန်ဖြစ်ရေးအတွက် အရည်အချင်းပြည့်မီသော လွှတ်တော်ကိုယ်စား လှယ်များရရှိရေးမှာလည်း အလွန်တရာမှ အရေးကြီးလာပါတယ်။ သို့မှသာ အဓိကမဏ္ဍိုင်ကြီး ၃ ခုအနက် တစ်ခုဖြစ်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကို လူသစ်၊ စိတ်သစ်၊ အတွေးအခေါ်သစ်၊ အင်အားသစ်၊ စနစ်သစ်များဖြင့် တည်ဆောက် နိုင်မယ့် အခွင့်အလမ်းကောင်းကို လက်ဝယ်ပိုင်ပိုင်ရရှိမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဗမာပြည်သူ့ပါတီအနေနဲ့ ပြောချင်တာကတော့ “ပြောင်းလဲ ချိန်တန်ပြီ” “စဉ်းစားချိန်တန်ပြီ” ဆိုတာတွေနဲ့ မလုံလောက်တော့ဘူး၊ “ပြောင်းလဲမှုတွေလုပ်ဖို့ လိုနေပြီ” လို့ ပြောချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေ “ပြောင်းလဲမှုတွေ လုပ်ဖို့လိုနေပြီ”။

- ဆင်းရဲမွဲတေမှု ပပျောက်ရေး
  ပြောင်းလဲမှုတွေ လုပ်ဖို့လိုနေပြီ။
- တရားဥပဒေစိုးမိုးရေး
  ပြောင်းလဲမှုတွေ လုပ်ဖို့လိုနေပြီ။
- လူမှုဘဝလုံခြုံရေး
  ပြောင်းလဲမှုတွေ လုပ်ဖို့လိုနေပြီ။
- ကုန်ဈေးနှုန်း ကျဆင်းရေး
  ပြောင်းလဲမှုတွေ လုပ်ဖို့လိုနေပြီ။
- စစ်ပွဲတွေရပ်စဲရေး
  ပြောင်းလဲမှုတွေ လုပ်ဖို့လိုနေပြီ။

**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်ပြည်သူလူထုကြီးခင်ဗျား-**

မြန်မာနိုင်ငံမှာ အလုပ်လက်မဲ့နှုန်းတွေမြင့်တက်နေတယ်။ ကျန်းမာရေး စောင့်ရှောက်မှုတွေ ဈေးကြီးနေတယ်။ လူမှုဘဝ လုံခြုံမှုတွေ ကျဆင်းနေတယ်။

- အလုပ်လက်မဲ့နှုန်းတွေ မြင့်တက်နေရာမှ ကျဆင်းဖို့ဆိုရင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို နှိုးဆွပေးရမယ်။ အလုပ်အကိုင်သစ်တွေကို ဖန်တီးပေးရမယ်။ အဲဒီလို ပြောင်းလဲမှုတွေလုပ်ဖို့ လိုနေပြီ။
- ကျန်းမာရေးစောင့်ရှောက်မှုတွေ ဈေးကြီးနေတာနဲ့ ပတ်သက်လို့ တိုက်နယ်ဆေးရုံတွေ၊ ဒေသန္တရ ကျန်းမာရေးဌာနတွေ၊ ဌာနခွဲတွေ (ကျယ်ကျယ်ပြန့်ပြန့်) ဖွင့်လှစ်ပေးရမယ်။ ဆရာဝန်၊ သူနာပြု၊ သားဖွား ဆရာမတွေ (ပြည့်ပြည့်ဝဝ) ခန့်ထားပေးရမယ်။ အခါအားလျော်စွာ အထူးကုဆရာဝန်တွေ ကျေးလက်ဒေသတွေဆင်းပြီး ဆေးကုသမှုတွေ ပေးရမယ်။ အဲဒီလိုပြောင်းလဲမှုတွေလုပ်ဖို့ လိုနေပြီ။
- လူမှုဘဝလုံခြုံမှုအတွက် ရာဇဝတ်မှုတွေနဲ့ အကြမ်းဖက်ဝါဒကို တိုက်ဖျက်ရမယ်။ မူးယစ်ဆေးဝါးပပျောက်အောင် ဆောင်ရွက်ရမယ်။ အဂတိလိုက်စားမှုကို တိုက်ဖျက်ရမယ်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်ရမယ်။ အမျိုးသမီးများ၊ လူကုန်ကူးမှု၊ လူသတ်မုဒိမ်း၊ သက်ငယ်မုဒိမ်းမှုများကို ထိထိရောက်ရောက်အရေးယူရမယ်။ အဲဒီလို ပြောင်းလဲမှုတွေ လုပ်ဖို့လိုနေပြီ။

**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင် ပြည်သူလူထုကြီးခင်ဗျား-**

မြန်မာနိုင်ငံမှာ ဗမာလူမျိုးများဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးနဲ့ ထည်ထည်ဝါဝါ နေခဲ့ကြပါ တယ်။ ဤသို့ အတိတ်သမိုင်းရဲ့ ကောင်းမွေများဆက်ခံရန်အတွက် ဗမာလူမျိုး များကို ကိုယ်စားပြုတဲ့ ဗမာပြည်သူ့ပါတီ(BPP)ကို အမျိုးသားရေးကိုဦးတည်၍ ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ အနာဂတ်မှာ ဗမာလူမျိုးတို့၏ သမိုင်းမရိုင်း ရအောင် ဗမာပြည်သူ့ပါတီ ကမ္ဘာတည်စေရမည်ဟု သန္နိဋ္ဌာန်ပြုထားပါတယ်။

အနာဂတ်ကာလမှာ ဗမာလူမျိုးတို့၏ အတိတ်သမိုင်းပုံရိပ်များ မှေးမှိန် မသွားရလေအောင်လည်း ဗမာပြည်သူ့ပါတီ (BPP) က အစဉ်ကြိုးစား ဆောင်ရွက်မှာဖြစ်ကြောင်း ကတိကဝတ်ပြုပါတယ်။ ဗမာပြည်သူ့ပါတီ ကမ္ဘာ တည်စေရန်၊ ဗမာလူမျိုးများ၏ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက် စေရန်၊ ကိုယ့်ကြမ္မာကို ဖန်တီးခွင့်ရှိရန်၊ အချုပ်အခြာအာဏာသည် နိုင်ငံသား များ လက်ဝယ် ရရှိရန်နှင့် ဗမာလူမျိုးများ၏ ဓာတိ၊ ပုညာ၊ ဂုဏ၊ မာနများ အစဉ်တစိုက်ထိန်းသိမ်းထားနိုင်တဲ့ လူမျိုးတစ်မျိုးအဖြစ် ရပ်တည်နိုင်အောင် ဗမာပြည်သူ့ပါတီ (BPP) က ကြိုးပမ်းဆောင်ရွက်မှာဖြစ်ကြောင်း ပြောကြား လိုပါတယ်။

ဗမာပြည်သူ့ပါတီ၏ ဝါဒကတော့ အမျိုးသားရေးဝါဒ၊ လမ်းစဉ်ကတော့ မဇ္ဈိမပဋိပဒါလမ်းစဉ်၊ စနစ်ကတော့ ဒီမိုကရေစီစနစ်၊ ဦးတည်ချက်ကတော့ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းဆိုတဲ့ လောကပါလတရားများ ထွန်းကားရေးဖြစ်ပါတယ်။ ရပ်တည်ချက်ကတော့ စွမ်းဆောင်ရည်ရှိတဲ့ မဲဆန္ဒရှင်ပြည်သူများအတွက်သာ ရပ်တည်ပါတယ်။

**ဗမာပြည်သူ့ပါတီ၏ မူဝါဒ**

(က) ဆင်းရဲမွဲတေမှု ပပျောက်ရေး၊
(ခ) အချုပ်အခြာအာဏာသည် နိုင်ငံသားများလက်ဝယ်ရှိရေး၊
(ဂ) တိုင်းရင်းသားအားလုံးနှင့် အမြင်ရှင်းရှင်း သံသယကင်းကင်းဖြင့် အမျိုးသားသွေးစည်းညီညွတ်ရေး၊
(ဃ) ဒီမိုကရေစီအခြေခံသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ ဖြစ်ပါတယ်။

**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်ပြည်သူလူထုကြီးခင်ဗျား-**

ပြည်ထောင်စုမြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ပထဝီအနေထား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း များ၊ အသက်မွေးဝမ်းကျောင်းမှု၊ ကိုးကွယ်မှုတို့က မတူညီကြပေ။ အမျိုးမျိုး ကွဲပြားခြားနားနေပါတယ်။ ဒါကြောင့် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ရှိတဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် အထူးလိုအပ်နေပါတယ်။ ပါတီစုံ ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာပဲဖြစ်ဖြစ် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက် ရာမှာပဲဖြစ်ဖြစ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခန်းကဏ္ဍက အလွန် အရေးကြီးပါတယ်။

ဒါကြောင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကဏ္ဍမှာ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေးမြှင့်တင်ပေးမှု၊ စာပေနှင့်ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ထိန်းသိမ်းရေး၊ အလုပ်အကိုင်နှင့်အသက်မွေးဝမ်းကျောင်းမှု၊ လူမှုဖူလုံရေး၊ မသန်စွမ်းနဲ့သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး၊ လူငယ်စွမ်းရည်မြှင့်တင် ရေး၊ အမျိုးသမီးနှင့်ကလေးငယ်များ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး စသည်တို့ကိုမြှင့်တင်ပေးနိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောတဲ့ လူ့ဘောင်သစ်ကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ထိုသို့ ခေတ်မီဖွံ့ဖြိုး တိုးတက်ပြီး သာယာဝပြောတဲ့ မြန်မာ့လူဘောင်သစ် တည်ဆောက်ရန်အတွက် ဗမာလူမျိုးများကို ကိုယ်စားပြုတဲ့ ဗမာပြည်သူ့ပါတီကို လူထုအခြေပြုနိုင်ငံရေး စနစ် ကျင့်သုံး၍ တည်ထောင်ခဲ့ပါတယ်။

**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်ပြည်သူလူထုကြီးခင်ဗျား-**

**ဗမာပြည်သူ့ပါတီ၏အလံ**

အလံ၏ အောက်ခံအနီရောင်သည် ဗမာလူမျိုးတို့၏ ရဲရင့်ခြင်း၊ သတ္တိရှိခြင်း ဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်သည်။ ဒေါင်းပုံသဏ္ဌာန်သည် ဗမာလူမျိုးတို့ ၏ အမျိုးသားရေးသင်္ကေတကို ပုံဖော်သည်။ ကြယ် (၉) လုံးသည် ဗမာ မျိုးနွယ်စု (၉) မျိုးကို ဖော်ညွှန်းသည်။ ဒေါင်း၏ အောက်ခံအရောင် အပြာရောင်သည် ရင့်ကျက်ခြင်း၊ တည်ကြည်ခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်သည်။ ဒေါင်း၏ ပုံသဏ္ဌာန်အဝါရောင်သည် ဗမာလူမျိုးတို့ ကိုးကွယ်သည့် သာသနာရောင်ဝါ ထွန်းလင်းရန် ဖော်ညွှန်းပြဆိုသည်။

**ဗမာပြည်သူ့ပါတီ၏ အမှတ်တံဆိပ်**

ပါတီ၏ တံဆိပ်အမှတ်အသားသည် ဗမာလူမျိုးတို့၏ အမျိုးသားဝတ်စုံတွင် ပါဝင်သည့် မောင့်ကျက်သရေခေါင်းပေါင်းဖြစ်သည်။ ဤခေါင်းပေါင်းသည် ဗမာလူမျိုးတို့၏ ယဉ်ကျေးမှုစရိုက်လက္ခဏာကို ဖော်ညွှန်းသည်။ အောက်ခံအနီရောင်သည် ဗမာလူမျိုးတို့၏ ရဲရင့်ခြင်း၊ သတ္တိရှိခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်သည်။ အဝါရောင်သည် သာသနာရောင်ဝါ ထွန်းလင်းရန်ရည်ညွှန်းသည်။ (BPP) သည် ပါတီ၏အမည် အင်္ဂလိပ်လို အတိုကောက် ဖြစ်သည်။

**ဗမာပြည်သူ့ပါတီ၏ ရည်ရွယ်ချက်**

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့သည် တစ်မျိုးသားလုံး၏ အမျိုးသားတာဝန်တစ်ရပ်အဖြစ် ခံယူ၍ ထာဝစဉ်ကြိုးပမ်းဆောင်ရွက်ရန်။
၂။ ဒီမိုကရေစီအရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံတည်ငြိမ် အေးချမ်းရေး၊ လူ့အခွင့်အရေး၊ တန်းတူညီမျှရေးအတွက် နိုင်ငံသား အားလုံးတို့သည် ညီညွတ်စွာ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြရန်။
၃။ ပါတီအကျိုးနှင့် နိုင်ငံတော်အကျိုးယှဉ်လာရင် နိုင်ငံတော်အကျိုးကိုသာ ဦးစားပေးဆောင်ရွက်ရန်။
၄။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ဗမာတိုင်းရင်းသားများနှင့် တိုင်းရင်းသားနွယ်ဖွား အားလုံးတို့သည် အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန် လေးစားချစ်ကြည်မှု၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု အပေါ် အခြေပြုလျက် ညီညွတ်စွာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြရန်။
၅။ မိမိတို့ယုံကြည်စွာတည်ထောင်ထားသည့် ဗမာပြည်သူ့ပါတီ (Bamar People's Party) ကြီးထွားတိုးတက် အောင်မြင်စေရေးအတွက် ပူးပေါင်း ဆောင်ရွက်ကြရန်။

- ဗမာပါတီ ဦးတည်ချက်
  အများပြည်သူ ကောင်းကျိုးအတွက်။
- သခင်မျိုးဟေ့ ဒို့ဗမာ
  ဝိုင်းဝန်းကြစို့ ညီညာညာ။

(- ဗမာ့သင်္ကေတ ခေါင်းပေါင်းစ
ညီညာဖြဖြ ထောက်ခံကြ။)

**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်ပြည်သူလူထုကြီးခင်ဗျား-**

ဗမာပြည်သူ့ပါတီအနေနဲ့ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှာ ကျင်းပမယ့် ရွေးကောက်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာအရှေ့ပိုင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှာ ဦးအောင်သန်းတင့်က ဝင်ရောက်ယှဉ်ပြိုင်ပါ မယ်။ မွန်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာ ကိုယ်စားလှယ်အဖြစ် ဦးဝဏ္ဏစိုး က ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ ကရင်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာ ကိုယ်စားလှယ်အဖြစ် ဒေါ်သန်းသန်းဆင့်က ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ (ဗမာပြည်သူ့ပါတီရဲ့ အမှတ်တံဆိပ်က ခေါင်းပေါင်းဖြစ်ပါတယ်။) (“ခေါင်းပေါင်းဘေးမှာ အမှန်ခြစ် - ဗမာ့သွေးစစ်စစ်”။)

ရွေးကောက်ပွဲမှာ မဲပေးတယ်ဆိုတာက နိုင်ငံသားအခွင့်အရေးဖြစ်သလို လူ့အခွင့်အရေးလည်းဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်ပြည်သူလူထုကြီးအနေနဲ့ မိမိရဲ့ နိုင်ငံသားအခွင့်အရေးနဲ့ လူ့အခွင့်အရေး မဆုံးရှုံးရလေအောင် ၂၀၂၀ ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့ကျင်းပတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို တစ်ခဲနက်ထောက်ခံဆန္ဒမဲပေးကြပါရန် တိုက်တွန်းနှိုးဆော် အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

---

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၇

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**



**ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပြည်သူပြည်သားအပေါင်းရှင့်၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ ........**

ယခုအထွေထွေရွေးကောက်ပွဲကြီး ကျင်းပပါတော့မယ်။ ပြည်သူလူထုရဲ့ ထောက်ခံမှု၊ ထောက်ခံမဲတွေကို တောင်းခံရမယ့်အချိန် ရောက်လာပါပြီ။

တကယ်တော့ ပြည်သူ့ထောက်ခံအားပေးမှုဆိုတာ နိုင်ငံအတွက် အရေးပါ တန်ဖိုးရှိတဲ့ လုပ်ငန်းမှန်သမျှ အောင်မြင်စေဖို့ အချိန်တိုင်းမှာ မဖြစ်မနေရှိရမယ့် လိုအပ်ချက်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဟာ ပြည်သူနဲ့အတူ၊ ပြည်သူသာအဓိကဆိုတဲ့ အသိစိတ်တွေနဲ့ ပြည်သူကို ယုံကြည်အားကိုးကာ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်ပြီး၊ ခက်ခဲတဲ့ ခရီးရှည်ကြီးကို ယခင် (၃၂)နှစ်ကစပြီး လျှောက်လှမ်းခဲ့တာ ဖြစ်ပါတယ်။

ခရီးရှည်ကြီးတစ်လျှောက် ထင်ထင်ရှားရှားရှိနေတဲ့ မိုင်တိုင်တွေကတော့ ၁၉၉၀ ခုနှစ်အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနဲ့ ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲ တို့ဖြစ်ပါတယ်။ ဒီမိုင်တိုင်တွေနဲ့ပတ်သက်လို့ အမှတ်ရစရာ အချက်အချို့ကို ပြန်ပြောပြခွင့်ပြုပါ။

၁၉၉၀ ခုနှစ်ရွေးကောက်ပွဲမှာ ပြည်သူရဲ့ တစ်ခဲနက် ထောက်ခံမှုနဲ့ မဲဆန္ဒနယ် (၈၂) ရာခိုင်နှုန်းခန့်မှာ NLD အနိုင်ရခဲ့ပါတယ်။ သို့သော်လည်း လွှတ်တော်ခေါ်ခွင့်ရတဲ့အဆင့်တောင် မရောက်ခဲ့ပါဘူး။ ဖိနှိပ်မှုအမျိုးမျိုးနဲ့သာ ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်မတို့ အဖွဲ့ချုပ်ဟာ အောင်လံမလှဲဘဲ၊ **“ရှုံးနိမ့်မှုနဲ့ကြုံရသော်လည်း မလျှော့သော လုံ့လနှင့်ဆက်လက် ကြိုးပမ်းခြင်း”** ဆိုတဲ့ ဝီရိယ (၄)ဆင့်အနက် အမြင့်ဆုံးအဆင့်ကို ကျင့်သုံးပြီး၊ ခရီးကြမ်းကို ဆက်နှင်ခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြည်သူထဲက ပေါက်ဖွားလာတဲ့၊ ပြည်သူ့အင်အားနဲ့ ရပ်တည်တဲ့ ပါတီဖြစ်တာကြောင့် ကျွန်မတို့ ဆယ်စုနှစ် (၂)စုကျော် ယုံကြည်ချက်ကို ဆုပ်ကိုင်ပြီး၊ ရုန်းကန်ရင်းနဲ့ ရှင်သန်ခဲ့ပါတယ်။

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမှာ တစ်ဖန် ပြည်သူလူထုရဲ့ ထောက်ခံမှုနဲ့ အောင်လံလွှင့်နိုင်ခဲ့ပါတယ်။ ဝင်ပြိုင်ခဲ့တဲ့ မဲဆန္ဒနယ် (၄၄)နယ်အနက်၊ (၄၃)နယ်မှာ အနိုင်ရရှိပြီး၊ လွှတ်တော်ထဲမှာ ကျွန်မတို့ NLD က ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ပထမဦးဆုံး တာဝန်ထမ်းဆောင်ခွင့်ရခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ (၆၀၀)ကျော်သော ကိုယ်စားလှယ်များ အနက် (၄၀)ကျော်လေးဆိုတာ နည်းတယ်လို့ဆိုရပေမယ့်၊ ပြည်သူရဲ့ယုံကြည်ထောက်ခံမှုကို ရထားတယ်ဆိုတဲ့ အင်အားကတော့ အပြည့်အဝပါပဲ။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာတော့ ပြည်သူရဲ့ ဆန္ဒနဲ့အညီ၊ ပြည်ထောင်စုလွှတ်တော်ထဲမှာ NLD ကိုယ်စားလှယ်တွေ အများစုဖြစ်လာပြီး၊ ကျွန်မတို့ အစိုးရဖွဲ့နိုင်တဲ့အခြေအနေ ရောက်လာပါတယ်။ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်တဲ့ အစိုးရဆိုတာ ဂုဏ်ရှိသလောက် တာဝန်ကြီးလေးလှပါတယ်။

၂၀၁၆ ခုနှစ်၊ မတ်လကုန်မှာ အစိုးရတာဝန်ယူခဲ့ပြီးတဲ့အခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုကြီးတွေကို၊ နှစ်ပေါင်းများစွာ ပစ်ထားခံခဲ့ရတဲ့ ခြံမြေကွက်ကြီးကို တန်ဖိုးရှိတဲ့ ဥယျာဉ်တစ်ခုဖြစ်လာအောင် လုပ်ဆောင်ရခြင်းနဲ့ နှိုင်းယှဉ်ချင်ပါတယ်။ ရာသီဥတုဆိုးရွားခြင်း၊ နည်းစနစ်ညံ့ဖျင်းခြင်း၊ အားစိုက်ထုတ်မှုနည်းပါးခြင်း စတဲ့အကြောင်းအမျိုးမျိုးတို့ကြောင့် ခြံစည်းရိုးတွေကကျိုး၊ ပေါင်းပင်တွေ၊ ခလုတ်ဆူးငြောင့်တွေ၊ တန်ဖိုးမဲ့အပင်တွေ၊ ခဲတွေ၊ သဲတွေ၊ ချိုင့်တွေ၊ ကလိုင်တွေနဲ့ ပြည့်ပြီး၊ အကျည်းလည်းတန်၊ အန္တရာယ်လည်းများတဲ့ အနေအထားမှာ ရှိနေတဲ့ မြေကွက်ကြီးပါ။ ဒါကို လုံခြုံ၊ လှပ၊ တန်ဖိုးရှိတဲ့ ဥယျာဉ်ကြီးတစ်ခုဖြစ်အောင်လုပ်ဖို့ ကြိုးပမ်းရပါတယ်။ ရှိတဲ့ ဉာဏ်အား၊ လူအား၊ ငွေအား၊ အင်အားအမျိုးမျိုး တတ်အားသရွေ့ စိုက်ထုတ်ပြီး၊ တစ်နေ့၊ တစ်ရက်မပြတ် ပြုစုပျိုးထောင်ရပါတယ်။ လုပ်ရမှာတွေက အများကြီး။ ရေရှည်တည်တံ့ဖွံ့ဖြိုးဖို့အတွက်၊ ခေတ်အဆက်ဆက်၊ မျိုးဆက်သစ် အလီလီ၊ တိုးတက်ခိုင်မြဲ၊ တန်ဖိုးရှိဖို့အတွက်ပါ။

နိုင်ငံတစ်နိုင်ငံ တည်နေသရွေ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စဉ်ဆက်မပြတ် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခိုင်မာတဲ့ အုတ်မြစ်ချဖို့၊ ကျွန်မတို့ပြည်သူတွေ မျှော်မှန်းတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ ကြိုးပမ်းမှုတွေဟာ ကျွန်မတို့ NLD စတင်တည်ထောင်ခဲ့စဉ်ကတည်းက ပြည်သူကို ပြုခဲ့တဲ့ ကတိကဝတ်တွေအပေါ်မှာ အခြေခံပါတယ်။ ဒီလုပ်ငန်းတွေ စိတ်ချရအောင်၊ ခိုင်မြဲတဲ့အဆင့်ရောက်လာဖို့ ဆက်လက်လုပ်ဆောင်စရာတွေ ရှိနေတာဟာ ကျွန်မတို့အဖွဲ့ချုပ် လာမယ့် အထွေထွေရွေးကောက်ပွဲမှာ ယှဉ်ပြိုင်ရတဲ့ အကြောင်းအရင်းပါပဲ။

NLD က ရွေးကောက်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဟာ ပြည်သူရဲ့ ယုံကြည်မှုပေါ်မှာ အခြေခံတဲ့ စွန့်စားချက်တစ်ရပ်ဖြစ်ပါတယ်။ ကျွန်မ ဒီလိုပြောရတာက၊ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေအရ၊ ကျွန်မတို့နိုင်ငံရဲ့ ရွေးကောက်ပွဲတွေဟာ ဒီမိုကရေစီ စံနှုန်းစံထားတွေ ပြည့်မီတဲ့ ရွေးကောက်ပွဲတွေ မဟုတ်ပါဘူး။ ပြည်ထောင်စုလွှတ်တော်နဲ့ တိုင်း၊ ပြည်နယ်လွှတ်တော်အသီးသီးမှာ ၇၅ ရာခိုင်နှုန်းသော ကိုယ်စားလှယ်များကိုသာ ပြည်သူက ရွေးချယ်တင်မြှောက်ခွင့်ရှိပြီး၊ ကျန် ၂၅ ရာခိုင်နှုန်းကတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သူများ ဖြစ်ပါတယ်။ ဒီတော့ အစိုးရတစ်ခုဖွဲ့စည်းနိုင်ဖို့ ဒီ ၂၅ ရာခိုင်နှုန်း အတားအဆီးကို NLD က ဖြတ်ကျော်ရပါမယ်။ စတင်ထားတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်နိုင်မယ့် အစိုးရဖွဲ့စည်းဖို့ လွှတ်တော်အတွင်းမှာ နေရာအများစုရဖို့ လိုအပ်ပါတယ်။ သို့သော် ၇၅ ရာခိုင်နှုန်းသော နေရာများကိုသာ ယှဉ်ပြိုင်ခွင့်ရှိတော့၊ ယှဉ်ပြိုင်တဲ့နေရာတွေရဲ့ အနည်းဆုံး ၆၇ ရာခိုင်နှုန်းမှာ အောင်နိုင်ဖို့ လိုအပ်ပါတယ်။ **(ယခင် ၂၀၁၅ ရွေးကောက်ပွဲမှာ ( ၇၉ ရာခိုင်နှုန်းခန့် ) ရရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်မတို့ အစိုးရဖွဲ့နိုင်ခဲ့တာပါ။)**

ဒီလို လိုအပ်တဲ့ ရာခိုင်နှုန်းတွေ တွက်ချက်မနေရအောင် ကျွန်မက ပြည်သူတွေကို အကြံပြု မေတ္တာရပ်ခံချင်တာကတော့၊ NLD ယှဉ်ပြိုင်တဲ့နေရာတိုင်းမှာ အောင်နိုင်ရေးကိုသာ ဦးတည်ပြီး အင်တိုက်အားတိုက် ကျွန်မတို့ ပါတီကို မဲပေးကြပါ။ မဲတစ်ခုချင်းဟာ မဖြတ်နိုင်တဲ့ တန်ဖိုးရှိပါတယ်။ မဲတစ်ခု မှန်ကန်စွာ ပေးခြင်းဟာ နိုင်ငံသားတစ်ဦးရဲ့ တာဝန်ကျေမှုကို ပြသ သလို၊ နိုင်ငံသားတစ်ဦးရဲ့ အခွင့်အရေးကို တန်ဖိုးထားခြင်းကိုလည်း ထင်ရှားစေပါတယ်။

မဲပေးထောက်ခံဖို့ တောင်းခံတဲ့အခါ၊ NLD အစိုးရအနေနဲ့ ဘယ်လောက်နိုင်ငံ့အတွက် အကျိုးရှိအောင် လုပ်ပေးနိုင်ခဲ့လဲလို့ သိချင်တာတွေရှိမှာပါ။ ဒီကိစ္စကို ယခုလို အချိန်အကန့်အသတ်နဲ့ ပြောရတဲ့ မိန့်ခွန်းထဲမှာ ပြည့်စုံအောင် ပြောဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အသေးစိတ်ကို ( Chair NLD Facebook Page) ပေါ်မှာ ဖတ်ရှုနိုင်ပါတယ်။ ကျွန်မတို့ပါတီရဲ့ မူဝါဒ၊ ရည်ရွယ်ချက်တွေကိုတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲကြေညာစာတမ်း (၂၀၂၀) မှာ ဖတ်ရှုနိုင်ပါတယ်။ ကျွန်မတို့နိုင်ငံအတွက် အရေးပါတယ်လို့ထင်တဲ့ အချက်အချို့ကိုသာ တင်ပြပါရစေ။ စောစောက ကျွန်မသုံးခဲ့တဲ့ ဥယျာဉ်ပြုစုပျိုးထောင်ခြင်း သဘောထားအရ ပြောပြချင်ပါတယ်။

ဥယျာဉ်ကြီးအတွက် အရေးအကြီးဆုံး လိုအပ်ချက်ကတော့ လုံခြုံမှုပါပဲ။ ပြင်ပက လူတွေ၊ တိရစ္ဆာန်တွေ ဝင်ရောက်ဖျက်ဆီးခြင်း မပြုနိုင်အောင် ခြံစည်းရိုးတွေကို လုံအောင်၊ ခိုင်အောင်လုပ်ရပါမယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုတဲ့ ဥယျာဉ်ကြီးကို အကာအကွယ်ပေးရာမှာ အထိရောက်ဆုံး၊ အခိုင်မာဆုံး တံတိုင်းကတော့ ညီညွတ်မှုပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်မတို့အစိုးရက အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ထူထောင်ပြီး၊ နှစ်ရှည်လပေါင်းများစွာ နိုင်ငံနဲ့ နိုင်ငံသူနိုင်ငံသားများကို ဒုက္ခပေးခဲ့တဲ့ ပြည်တွင်းစစ်မီးတွေ ငြိမ်းအေးစေရေး၊ နိုင်ငံရေးပြဿနာတွေကို လက်နက်နည်း၊ အကြမ်းဖက်နည်းတို့နဲ့ ဖြေရှင်းတဲ့ နိုင်ငံရေး ဓလေ့၊ ယဉ်ကျေးမှု (တကယ်တော့ ရိုင်းစိုင်းမှုလို့ခေါ်သင့်ပါတယ်။) တွေ ပပျောက်ရေးအတွက် အဆက်မပြတ် ဆောင်ရွက်ခဲ့ပါတယ်။

ညီညွတ်ရေးအတွက် ငြိမ်းချမ်းရေး လိုသလို၊ ငြိမ်းချမ်းရေးနဲ့ ညီညွတ်ရေးအတွက် တရားဥပဒေစိုးမိုးရေး လိုအပ်ပါတယ်။ နိုင်ငံမှာ ကျင့်သုံးနေတဲ့ ဥပဒေတွေဟာ ကာလ၊ ဒေသနဲ့ ဆီလျော်ပြီး မှန်ကန်သင့်မြတ်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ဥပဒေတွေထဲမှာ ဦးသျှောင်ဖြစ်တဲ့ နိုင်ငံ့ဖွဲ့စည်းပုံအခြေခံဥပဒေဟာကျွန်မတို့ အားလုံးမျှော်မှန်း တဲ့ စစ်မှန်တဲ့ ဒီမိုကရေစီ စံနှုန်းများ နဲ့ကိုက်ညီစေဖို့ကျွန်မတို့ လွှတ်တော်အတွင်းမှာစပြီး ကြိုးစားခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာ ပြင်ဆင်နိုင်ရေးအထိ အောင်မြင်တဲ့အဆင့် မရောက်ခဲ့ပေမယ့်၊ ဒီဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖို့ လိုအပ်တဲ့ အကြောင်းအရင်းတွေနဲ့ ပတ်သက်လို့ စိတ်ဝင်စားတဲ့ ပြည်သူများ သိခွင့်ရနိုင်ခဲ့တာကို အောင်မြင် အစိုးရကျပ် ဘီလီယံ (၂၀) ချထားပေးခဲ့ပါတယ်။ ဒီထက်ပိုမို ခက်ခဲနက်နဲတဲ့ လုပ်ငန်းကတော့ မမြင်နိုင်တဲ့၊ ရုပ်လုံးမပေါ်တဲ့၊ နိုင်ငံတကာရေးရာ နယ်ပယ်မှာ ကျွန်မတို့ တိုင်းပြည်ကို ကာကွယ်ရေးလုပ်ငန်းတွေပဲ ဖြစ်ပါတယ်။




ပြည်သူအများ သိတဲ့အတိုင်းပါ၊ ဆယ်စုနှစ်ပေါင်းများစွာက စတင်ခဲ့တဲ့ ပြဿနာများကြောင့် ကျွန်မတို့ ရခိုင်ပြည်နယ်မှာ အခက်အခဲ၊ အကျပ်အတည်း၊ ဒုက္ခပေါင်းများစွာ ကြုံတွေ့နေရပါတယ်။ ဒီစိန်ခေါ်မှုတွေနဲ့ လုံးပန်းရာမှာ ကျွန်မတို့နိုင်ငံအပေါ် နားလည်မှု၊ စာနာမှုနဲ့ ကူညီတာတွေထက်၊ ဝေဖန်ဖိအားပေးမှုတွေသာ များပါတယ်။ ဘာ့ကြောင့် ဒီလိုဖြစ်ရတာလဲ။ အခြေခံအားဖြင့်တော့ ကျွန်မတို့နိုင်ငံအကြောင်း ဂဃနဏ သိသူများ၊ သိချင်သူများ နည်းပါးလို့ လို့ ယူဆနိုင်ပါတယ်။ ဒီလိုနည်းပါးရတဲ့ အကြောင်းခံကတော့ ကျွန်မတို့နိုင်ငံအကြောင်း တကယ်လေ့လာသိရှိချင်သူတွေ နည်းပါးလို့ပါပဲ။ တစ်နည်းပြောရရင် ကျွန်မတို့ နိုင်ငံဟာ ကမ္ဘာ့ဇာတ်စင်ပေါ်မှာ အရေးပါ၊ အရာရောက်တဲ့အဆင့်မှာ မရှိလို့ပါပဲ။ အရေးပါ အရာရောက်နိုင်လောက်အောင် အရင်းအမြစ်တွေ မရှိလို့ပါပဲ။ “ငါတို့နိုင်ငံက သဘာဝဓာတ်ငွေ့တွေ၊ သစ်တောတွေ၊ သတ္တုတွေ၊ ရတနာတွေနဲ့ ပေါကြွယ်ဝနေပါတယ်။” လို့ အချို့က စောဒကတက်ကြပါလိမ့်မယ်။ ဒီလိုအရင်းအမြစ်ကို ဆိုလိုတာ မဟုတ်ပါဘူး။ နိုင်ငံတစ်နိုင်ငံအတွက် အမှန်တကယ်တန်ဖိုးရှိတဲ့ အရင်းအမြစ်တွေဆိုတာ၊ ငြိမ်းချမ်းတည်ငြိမ်မှု အရင်းအမြစ်၊ တရားဥပဒေက ပေးတဲ့ လုံခြုံမှုအရင်းအမြစ်၊ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှု အရင်းအမြစ်နဲ့ အရေးကြီးဆုံးဖြစ်တဲ့ ပညာ၊ ကျန်းမာ၊ စိတ်ဓာတ်မြင့်မားတဲ့ ပြည်သူလူထုအရင်းအမြစ်တွေ ဖြစ်ပါတယ်။ ဒီအရင်းအမြစ်တွေ ခိုင်ခိုင်မြဲမြဲ တွယ်တဲ့ အဆင့်ရောက်အောင် ပြည်သူရဲ့ ယုံကြည်ထောက်ခံမှုနဲ့ ကျွန်မတို့ NLD အစိုးရ ဆက်လက် တာဝန်ယူဆောင်ရွက်ချင်ပါတယ်။ ခြံစည်းရိုးစခတ်၊ စတင် ရှင်းလင်းပြီး၊ အရိုင်းအဆင့်က ဥယျာဉ်ပုံစံ ပေါ်စဖြစ်နေတဲ့ တန်ဖိုးရှိမြေကြီးကို လန်းဆန်းစိုပြည်၊ ဖူးပွင့်ဝေဆာ၊ အာဟာရပြည့် သစ်သီးဝလံ၊ အရိပ်ပေးသစ်ပင်များနဲ့ သာယာလုံခြုံရာဘုံဖြစ်အောင် ဆောင်ရွက်ချင်ပါတယ်။ ကိုဗစ်–၁၉ ကပ်ရောဂါကြီးလို မမျှော်မှန်းနိုင်တဲ့ မုန်တိုင်းများ တိုက်ခတ်ရင်လည်း၊ စေတနာ၊ ပညာ၊ ဇွဲလုံ့လတို့နဲ့ ရှိတဲ့ အရင်းအမြစ်တွေကိုသုံးပြီး၊ ဥယျာဉ်ကြီး အထိအခိုက် အနည်းဆုံးဖြစ်အောင် ဥယျာဉ်မှူးများက တာဝန်ယူ လုပ်ဆောင်ရပါမယ်။ **“မြေရိုင်းဘဝ ပြန်မရောက်နိုင်တော့ဘူး”** လို့ ပြည်သူတွေ စိတ်ချနိုင်စေချင်ပါတယ်။

ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အမှတ်အသား၊ အလံတံဆိပ်က ရဲစွမ်းသတ္တိကို ဖော်ဆောင်တဲ့ အခံ အနီရောင်အပေါ်မှာ၊ ခေတ်ပြောင်းလှုပ်ရှားမှုတွေမှာ အဓိကနေရာက ပါဝင်ခဲ့တဲ့ ကျောင်းသားလူငယ်များကို ကိုယ်စားပြုတဲ့ ရွှေရောင်ခွပ်ဒေါင်းနဲ့ တော်လှန်ရေးရဲ့ သင်္ကေတဖြစ်တဲ့ ကြယ်ဖြူကြီးပါ။ အဓိပ္ပာယ် ချဲ့ပြောရမယ်ဆိုရင်၊ နိုင်ငံအတွက် စွန့်စားရဲတဲ့ ပြည်သူများရဲ့ ဇွဲသတ္တိ၊ မျိုးဆက်သစ်တွေအတွက် တောက်ပတဲ့ အနာဂတ်၊ ဖြူစင်သန့်ရှင်းမှုကို အခြေခံတဲ့ ပြုပြင်ပြောင်းလဲရေး အင်အားတွေကို ပေါင်းစည်းထင်ရှားစေတဲ့ အလံကြီးပါပဲ။ ပြည်သူတွေရဲ့ ထောက်ခံမှုနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အလံကြီးကို (၁၉၈၈) က စကာ (၁၀) စုနှစ်တွေနဲ့ချီပြီး အခက်အခဲဆုံးကာလတွေမှာတောင် မလှဲတမ်း သယ်ဆောင်ခဲ့နိုင်ပါတယ်။ ၂၀၁၅ မှာ အောင်လံကို စထူနိုင်ခဲ့ပါတယ်။ ယခု ၂၀၂၀ မှာ အောင်လံခိုင်မြဲအောင် ပြည်သူများက အင်တိုက်အားတိုက် ထောက်ခံမဲတွေနဲ့ တာဝန်ပေးကြဖို့ မေတ္တာရပ်ခံပါတယ်။

**အောင်လံခိုင်ဖို့၊ မဲပေးစို့။**
**ဒီမိုကရေစီ မှန်ကန်ရေး၊**
**NLD ကို ဒို့ မဲပေး။**
**ပြည်သူပြည်သားအပေါင်း နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ ........**

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .

- အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် နောက်ဆုံးအကြိမ်အဖြစ် ၁၄ ရက်ကြာ ထပ်မံကပ်ထားကြေညာမည်။
- မဲဆန္ဒရှင်များအနေဖြင့် လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်။

# ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၇

**ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ရင်ရင်မေက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**



**လေးစားရပါသော မိဘပြည်သူအပေါင်းတို့ရှင့် .......**

ကျွန်မကတော့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက ဒုတိယဥက္ကဋ္ဌ ဒေါ်ရင်ရင်မေ ဖြစ်ပါတယ်။ ကျွန်မတို့ပါတီရဲ့ မှတ်ပုံတင်အမှတ်စဉ် (၄) ဖြစ်ပြီးတော့ ၂၀၁၀ ဇွန်လ (၇) ရက်နေ့မှာ တရားဝင် ပါတီတည်ထောင်ခွင့် ရထားတဲ့ နိုင်ငံရေးပါတီတစ်ခု ဖြစ်ပါတယ်။

အခုလို စကားပြောခွင့်ရတဲ့အတွက် ကူညီသူများအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ ကိုးကန့်ဒေသဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရှမ်းပြည်နယ် အရှေ့မြောက်ဖျားအစွန်ဆုံးတွင် တည်ရှိပါတယ်။ ကိုးကန့်ဒေသဟာ ရှည်လျားကျဉ်းမြောင်းတဲ့ဒေသဖြစ်ပြီး ဧရိယာအကျယ် အဝန်းအားဖြင့် စတုရန်းမိုင် (၂၀၀၀) ခန့် ရှိပါတယ်။

အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယူနန်ပြည်နယ်နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေပြီးတော့ တောင်ဘက်မှာ ဝ ဒေသနှင့်လည်း ဆက်စပ်နေပါတယ်။ မြောက်ဘက်မှာ သံလွင်မြစ်ရှိပြီး အနောက်ဘက်မှာ သံလွင်မြစ်ခြားပြီး ကွတ်ခိုင်ခရိုင်၊ မူဆယ်ခရိုင်ရှိ ဒေသများနှင့် ဆက်စပ်နေပါတယ်။

ကိုးကန့်ဒေသ တစ်ခုလုံးရဲ့ ပထဝီအနေထားမှာ မြောက်ဘက်ပိုင်းတွင် တောင်တန်းများ၊ လျှိုမြောင်များ၊ ချောင်းများပေါများပြီး မြေပြန့်ဟူ၍ မရှိသလောက်နည်းပါးပါတယ်။ ဒါကြောင့် ကိုးကန့်မြောက်ဘက်ဒေသများသည် တောင်ကုန်းတောင်တန်းများ၊ လျှိုများ၊ ချောင်းများပေါသဖြင့် ချောင်းများမှ ရေကိုသွယ်ယူကာ လှေကားထစ် လယ်ယာများ ဖော်ထုတ် စိုက်ပျိုးကြပါတယ်။

စပါး၊ ပြောင်း စသည့်သီးနှံတွေအပြင် အခြားစီးပွားဖြစ်သီးနှံပင်များဖြစ်တဲ့ သစ်တော်၊ သစ်ကြားသီး၊ ကြံ၊ လက်ဖက်များကိုလည်း အများအပြား စိုက်ပျိုး ကြပါတယ်။

ကိုးကန့်လူမျိုးများဟာ ကိုးကန့်စော်ဘွားကြီးများ အုပ်ချုပ်မှုနဲ့ လွတ်လပ်စွာ နေထိုင်ခဲ့ကြတဲ့ လူမျိုးစုတစ်စုဖြစ်ပြီး ပဒေသရာဇ်ခေတ်တုန်းက ရှမ်းပြည် စော်ဘွား (၃၃) ဦးအနက် တစ်ဦးအပါအဝင် ဖြစ်ခဲ့ပါတယ်ရှင့်။

မြန်မာ့နိုင်ငံရေးသမိုင်း ခေတ်အဆက်ဆက်မှာ ကိုးကန့်လူမျိုးများဟာ ပြည်ထောင်စုကြီးအကျိုးအတွက် ပါဝင်လှုပ်ရှားခဲ့ကြတဲ့ လူမျိုးစုတစ်စု ဖြစ်ကြောင်းကိုလည်း သမိုင်းအထောက်များစွာမှာ ကြည့်ခြင်းအားဖြင့် သိရှိနိုင် ပါတယ်။

ယနေ့ကဲ့သို့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့အချိန်မှာလည်း ကိုးကန့် တိုင်းရင်းသားများအတွက် ကိုယ်စားပြုအနေဖြင့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီကို တည်ထောင်ပြီး မြန်မာပြည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းကြောင်းမှာ အင်အားတစ်ရပ်အနေနဲ့ ပါဝင်ခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်မတို့ပါတီရဲ့ မူဝါဒတွေကို စတင်ပြီးမိတ်ဆက်ရမယ်ဆိုရင်တော့ အခြေခံအားဖြင့် မူဝါဒ(၅)ချက်ကို ချမှတ်ထားပါတယ်။

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံတော်အတွင်း မှီတင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ သစ္စာကို စောင့်သိရှိသေပါမည်။

(၂) ဒို့တာဝန်အရေး(၃)ပါးဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးကို အစဉ် ဦးထိပ်ထားပါမည်။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ထောင်ထားသည့် မည်သည့် ပါတီနှင့်မဆို နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် အပြန်အလှန် လေးစားသော ရင်းနှီးချစ်ကြည်မှု တည်ဆောက်သွားပါမည်။

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေအရ – ကိုးကန့်တိုင်းရင်းသားများ၏ မွေးရာပါ ရရှိခံစားသင့်သည့် အခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်ရေးအတွက် အစဉ်အားထုတ်ကြိုးပမ်းကာကွယ်ထိန်းသိမ်းသွားမည့်အပြင် ကိုးကန့်တိုင်းရင်းသားတစ်ရပ်လုံး၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တည်ဆဲဥပဒေများနှင့် အညီ ဆောင်ရွက်သွားပါမည်။

(၅) နိုင်ငံတော်၏ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန် ပါဝင်ဆောင်ရွက်သွားပါမည်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ရှင့် .......**

ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်မတို့ပါတီသည် ပြည်နယ်၊ ပြည်မမှ ပါတီညီအစ်ကိုများနှင့်လက်တွဲပြီး တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

## ဆွမ်ပရာဘွမ်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်ဆင့်ပွားသင်တန်း ဖွင့်လှစ်

**ဆွမ်ပရာဘွမ် စက်တင်ဘာ ၁၇**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် ဆင့်ပွားသင်တန်းကို ယနေ့ နံနက် ၉ နာရီက ဘန်ရူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်တိုးက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးဒိန်ခန်ယုံခက ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မြို့နယ်ဆရာဝန်ကြီး ဦးအောင်နိုင်ဦးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မဲဆွယ်စည်းရုံးခွင့် ကျင့်ဝတ်များ၊ ကော်မရှင်အဖွဲ့ခွဲတာဝန်နှင့် လုပ်ပိုင်ခွင့်၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့်ပြစ်ဒဏ်၊ မဲစာရင်းစိစစ်ခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆိုင်ရာ၊ မီဒီယာနှင့် ဆက်သွယ်ပြန်ကြားခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် ရလဒ်များ ထုတ်ပြန်ကြေညာခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းနှင့် သရုပ်ပြအစီအစဉ် စသည့်သင်ခန်းစာများကို သင်ကြားပို့ချကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ သင်တန်းနည်းပြ ရှစ်ဦးက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းသို့ မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု ကိုးအုပ်စုမှ သင်တန်းသား သင်တန်းသူ ၃၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ကုဋ္ဌေ(ပြန်/ဆက်)**

## နောင်မွန်မြို့နယ်တွင် မဲရုံများလုံခြုံရေးအတွက် အထူးရဲ ၂၅ ဦး ခန့်အပ်ဆောင်ရွက်မည်

**နောင်မွန် စက်တင်ဘာ ၁၇**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူများ လုံခြုံစိတ်ချစွာ မဲပေးနိုင်ရေးအတွက် မဲရုံလုံခြုံရေးတာဝန်ထမ်းဆောင်ရန် အထူးရဲ ၂၅ ဦး ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နောင်မွန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)နှင့် အမှတ်(၂)တို့တွင် လျာထားမဲရုံ ၂၅ ရုံရှိပြီး မဲရုံလုံခြုံရေးအတွက် အထူးရဲ ၂၅ ဦးကို ခန့်အပ်သွားမည်ဖြစ်ကြောင်း၊ အထူးရဲများအနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်ပူးပေါင်းပြီး ပြည်သူများ လုံခြုံစိတ်ချစွာမဲပေးနိုင်ရေးအတွက် မဲရုံလုံခြုံရေး တာဝန်ယူဆောင်ရွက်ရန်ဖြစ်ပြီး နယ်မြေခံရဲတပ်ဖွဲ့အနေဖြင့် ရွေးကောက်ပွဲကာလတွင် မဲဆန္ဒရှင်များ မဲမပေးနိုင်အောင် ဟန့်တားမှုများမဖြစ်ပေါ်စေရေး၊ မဲရုံပရိဝုဏ်နှင့် ကိုက် ၅၀၀ အတွင်း မလိုလားအပ်သော ပြဿနာအနှောင့်အယှက် အဟန့်အတားများ မဖြစ်ပေါ်စေရေးနှင့် မူးယစ်သောက်စားရမ်းကား ဆူပူမှုများ မရှိစေရေးအတွက် လှည့်ကင်းရပ်ကင်းများဖြင့် လုံခြုံရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဝင်းအောင်ထံမှ သိရသည်။

အဆိုပါအထူးရဲများကို အောက်တိုဘာ ၁ ရက်မှစ၍ အောက်တိုဘာ ၂၈ ရက်အထိ သင်တန်းပေးကာ ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပပြီးချိန် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိပါကလည်း သတ်မှတ်ချက်နှင့် ကိုက်ညီလျှင် လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

**မြနန်း(ပြန်/ဆက်)**

## တောင်ကြီးမြို့၌ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်

**တောင်ကြီး စက်တင်ဘာ ၁၇**

တောင်ကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁၅) အခြေခံပညာ အလယ်တန်းကျောင်း ကံ့ကော်ဆောင်၌ ပြုလုပ်ခဲ့သည်။

**နှစ်ရက်ကြာ ပို့ချသွားမည်**

သင်တန်းတွင် သင်တန်းနည်းပြများအဖြစ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်စိုး၊ အတွင်းရေးမှူး ဦးကျော်သူရ၊ မြို့နယ်ဥပဒေအရာရှိ ဦးဇေယျာထွန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ဒေါ်ယဉ်ယဉ်မိုးနှင့် ဒေါ်ခင်စောလှတို့က ဆောင်ရွက်ခဲ့သည်။ သင်တန်းသား သင်တန်းသူများအဖြစ် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ရပ်ကွက်/ကျေးရွာလုပ်ငန်းလမ်းညွှန်များကို သင်ကြားပို့ချခဲ့ကြသည်။ သင်တန်းကာလမှာ စက်တင်ဘာ ၁၇ ရက်မှ စက်တင်ဘာ ၁၈ ရက်အထိ နှစ်ရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## သီပေါ၌ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းပို့ချ

**သီပေါ စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရပ်ကွက်/ကျေးရွာအုပ်စုဥက္ကဋ္ဌ/အတွင်းရေးမှူးများအား ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်ဆင့်ပွားသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စည်းကမ်းသတ်မှတ်ချက်များအတိုင်း ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးစိုင်းမင်းလွင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်း၊ မြို့နယ်ဥပဒေရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်ဆွေသက်တို့က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကို သင်တန်းတွင် ဆွေးနွေးပို့ချပေးခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကွမ်းလုံမြို့ သံလွင်မြစ်ကူးတံတားသစ်လုပ်ငန်းအတွက် တတိယအကြိမ် လျော်ကြေးပေးအပ်



**ကွမ်းလုံ စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့နယ် သံလွင်မြစ်ကူးတံတားသစ်စီမံကိန်းအတွင်း ပါဝင်သွားသော မြေယာ၊ သီးနှံနှင့် အဆောက်အအုံများအား တတိယအကြိမ် လျော်ကြေးများကို စက်တင်ဘာ ၁၅ ရက်က အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်သည်။

သံလွင်မြစ်ကူးတံတားသစ် စီမံကိန်းအတွင်း ပါဝင်သွားသော မြေယာ ၈ ဒသမ ၄၇၈ ဧကအတွက် မြေယာလျော်ကြေးငွေကျပ် ၈၄ သန်းကျော်၊ သီးနှံလျော်ကြေးငွေကျပ် ၉၁ သန်းကျော်နှင့် အဆောက်အအုံလျော်ကြေးငွေကျပ်နှစ်သန်းကျော်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် တံတားဦးစီးဌာနမှ တာဝန်ရှိသူတို့က တောင်သူများထံပေးအပ်သည်။

အဆိုပါ စီမံကိန်းအတွက် မြေယာ၊ သီးနှံနှင့် အဆောက်အအုံ လျော်ကြေးအနေဖြင့် ပထမအကြိမ်တွင် ငွေကျပ်သန်း ၅၀၀၊ ဒုတိယအကြိမ်တွင် ငွေကျပ် ၁၀၅ သန်းနှင့် တတိယအကြိမ်တွင် ငွေကျပ် ၁၇၉ သန်းကျော် ပေးပြီးဖြစ်ကြောင်း သိရသည်။

သံလွင်မြစ်ကူး ကွမ်းလုံတံတားသစ်အနေဖြင့် တရုတ်နိုင်ငံမှ တာဝန်ယူ တည်ဆောက်ပေးမည်ဖြစ်ပြီး တံတားအရှည် ၂၈၆ မီတာ၊ တံတားအကျယ် ၁၂ မီတာရှိသော နှစ်လမ်းသွားတံတားဖြစ်ကြောင်း သိရသည်။

**မိုင်းခိုင်ဇော်(ကွမ်းလုံ)**

# တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် (၂၀၂၀) ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိပါသည်။

ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန် မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင်မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများ ပေးဝေနေရသည့် အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထား မိုးစပါးစိုက်ဧကများ ပြည့်မီစွာရေပေးဝေနိုင်ရန်နှင့် လာမည့် နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၉ - ၂၀၂၀

## ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

## စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

## နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၂၂ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၁ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၂ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၁၂ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၂ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၅ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၄၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၉၆၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၉ . ၆၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၄၃၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

## စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၂၇ | ၂၆၇၃၀၀ |
| MTSH | ၃၆၅၀ | ၃၇၀၀ | ၃၂၇၂ | ၁၁၉၄၆၃၅၀ |
| MCB | ၈၀၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၅၀၀ | ၅၃၈ | ၁၁၉၃၆၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၅၅ | ၆၈၈၅၀၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၁၁ | ၃၃၅၅၀ |

ခင်ရတနာ – စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃၈)
# မဲဆွယ်စည်းရုံးရေးဆောင်ရွက်ရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် အပိုင်း (၁)

မောင်စာဂ

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် အပိုင်း (၁) ကို ထုတ်ပြန်ထားသည်။ ယင်းထုတ်ပြန်ချက်အရ လှည့်လည်မဲဆွယ်စည်းရုံးခြင်း၊ ပြင်ပနေရာများ၊ အဆောက်အအုံများ၌ မဲဆွယ်စည်းရုံးခြင်း၊ အင်တာနက်မှတစ်ဆင့် Live Stream ဖြင့် မဲဆွယ်စည်းရုံးခြင်းနှင့် အိမ်တိုင်ရာရောက် မဲဆွယ်စည်းရုံးခြင်းဟူ၍ စည်းရုံးခြင်း ငါးမျိုးကို ဖော်ပြထားပြီး လိုက်နာရန်အချက်များကိုလည်း စံလုပ်ငန်းလမ်းညွှန်အဖြစ် သက်မှတ်ထားပါသည်။ အနှစ်ချုပ်မျှဝေပါရစေ။**

**လှည့်လည်မဲဆွယ်စည်းရုံးခြင်း**

လူ (၄) ဦးထက်ပို၍ စီးနင်းနိုင်သော မော်တော်ယာဉ် (လူ ၂၅ ဦးဆံ့ / ၄၅ ဦးဆံ့ ဘတ်စ်ကား၊ မီနီဘတ်စ်၊ လိုက်ထရပ်စသည်...)တို့တွင် ယာဉ်အမျိုးအစားအလိုက် အများဆုံး တင်ဆောင်နိုင်သည့် လူဦးရေ၏ ထက်ဝက်သာ Social Distancing မှုများနှင့်အညီ လိုက်ပါစီးနင်းရမည်။

ကိုယ်စားလှယ်လောင်းများသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)နှင့် မျက်နှာအကာ (Face Shield)ကို အမြဲတမ်းတပ်ဆင်ထားရမည်။ လိုက်ပါသူများသည် ပါးစပ်နှင့် နှာခေါင်းစည်းများ အမြဲတမ်းဝတ်ဆင် အသုံးပြုရမည်။ အယ်လ်ကိုဟောအနည်းဆုံး ၆၀ ရာခိုင်နှုန်း ပါဝင်သည့် ရေမလိုလက်သန့်ဆေးရည် (Hand Sanitizer) ဖြင့် မကြာခဏ လက်သန့်စင်ခြင်းကို ပြုလုပ်ရမည်။

စည်းရုံးရေးလိုက်ပါမည့်သူများအား Non-contact thermometer ဖြင့် ကိုယ်အပူချိန်တိုင်း၍ ကိုယ်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) ၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်ထက် မြင့်တက်မှု ရှိ/ မရှိ၊ လွန်ခဲ့သော ၁၄ ရက်အတွင်းက ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွားရာဇဝင် ရှိ/ မရှိနှင့် COVID-19 ရောဂါခတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့မှု ရှိ/မရှိ မေးမြန်းစစ်ဆေးပြီးမှ လိုက်ပါခွင့်ပြုရမည်။ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ရမည်။

ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့၊ အရသာ ပျောက်ဆုံးခြင်းစသည့် COVID-19 ရောဂါ သံသယလက္ခဏာရှိသူများအား မဲဆွယ်စည်းရုံးရေးလုပ်ငန်းများတွင် လုံးဝလိုက်ပါခြင်း မပြုရပါ။ လူစုလူဝေးမဖြစ်စေရေးကို အဓိက ဦးတည်ဆောင်ရွက်ပေးရမည်။ လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ခြောက်ပေစီကွာလျက် ဆောင်ရွက်ရမည်။ ရပ်နား၍ နောက်တစ်ကြိမ် (သို့မဟုတ်) နောက်တစ်နေရာ၌ ဟောပြောလျှင် နေရာအကျယ်အဝန်းပေါ် မူတည်၍ လူ ၅၀ ထက်မပိုဘဲ ဆောင်ရွက်ရမည်။

ပြည်သူလူထုနှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်ခြင်း လုံးဝမပြုရပါ။ ဟောပြောခြင်း၊ မိန့်ခွန်းပြောခြင်း၊ သီချင်းဖြင့် ဖျော်ဖြေခြင်းတို့အတွက် ယာဉ်ပေါ်တွင် တပ်ဆင်ထားသော စကားပြောစက်ကို အသုံးပြုရမည်။ တတ်နိုင်သမျှ လူတစ်ဦးချင်းစီအတွက် သီးသန့်စကားပြောကိရိယာ (Microphone) အသုံးပြုရမည်။ အသုံးပြုပြီး ပစ္စည်းများ၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ရမည်။

လိုက်ပါမည့်သူများအနက် မဲဆွယ်စည်းရုံးမည့် ကာလတစ်လျှောက်လုံး၌ တစ်ဦးဦးတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့၊ အရသာပျောက်ဆုံးခြင်း စသည့် COVID-19 ရောဂါ သံသယလက္ခဏာများ ပေါ်ပေါက်လာပါက အနီးဆုံး ကျန်းမာရေးဌာနသို့ သွားရောက် ပြသရမည်။

**ပြင်ပနေရာများ၊ အဆောက်အအုံများ၌ မဲဆွယ်စည်းရုံးခြင်း**

စည်းရုံးရေးလိုက်ပါမည့်သူများအား Non-contact thermometer ဖြင့် ကိုယ်အပူချိန်တိုင်း၍ ၃၈ ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) ၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်ထက် မြင့်တက်မှု ရှိ/ မရှိ၊ လွန်ခဲ့သော ၁၄ ရက်အတွင်းက ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွားရာဇဝင် ရှိ/ မရှိနှင့် COVID-19 ရောဂါ ခတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့မှု ရှိ/မရှိ မေးမြန်းစစ်ဆေးပြီး မရှိမှ လိုက်ပါခွင့်ပြုရမည်။

မဲဆွယ်စည်းရုံးခြင်းကို တတ်နိုင်သမျှ အလုံပိတ်/ တံခါးများပိတ်ထားသော အခန်းများအတွင်း ဆောင်ရွက်ခြင်းမပြုဘဲ တံခါးများဖွင့်၍လည်းကောင်း၊ လေဝင်လေထွက်ကောင်းသော နေရာများတွင်လည်းကောင်း၊ ကွင်းပြင်များတွင် လည်းကောင်း၊ လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ခြောက်ပေစီကွာလျက် ဆောင်ရွက်ရမည်။ အခြေခံအားဖြင့် လူတစ်ဦးလျှင် ၃၆ စတုရန်းပေနှုန်းဖြင့် နေရာစီမံဆောင်ရွက်ရမည်။ နေရာအကျယ်အဝန်းပေါ်မူတည်၍ တစ်ကြိမ်လျှင် အများဆုံး လူ ၅၀ ထက်မပိုဘဲ ဆောင်ရွက်ရမည်။

တက်ရောက်လာသူများအားလုံး ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ အမြဲတမ်းတပ်ဆင်ရမည်။ အယ်လ်ကိုဟော အနည်းဆုံး ၆၀ ရာခိုင်နှုန်းပါဝင်သော ရေမလိုလက်သန့်ဆေးရည်များထားရှိရမည် သို့မဟုတ် ဖြစ်နိုင်ပါက လက်ဆေးရန်အတွက် ရေ၊ ဆပ်ပြာတို့ကို အသုံးပြု၍ အနည်းဆုံး စက္ကန့် ၂၀ ဆေးကြောနိုင်ရေး အသင့်ပြင်ဆင်ထားရှိရန်နှင့် အမှိုက်များ စွန့်ပစ်ရန်အတွက် အဖုံးပါသော အမှိုက်ပုံးထားရှိပြီး စနစ်တကျစွန့်ပစ်ရမည်။

> **"၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး လွတ်လပ်မျှတစွာဖြင့် အောင်မြင်အောင် ကျင်းပသွားရန် လိုအပ်သကဲ့သို့ COVID – 19 ရောဂါ ကူးစက်ခံရမှုမရှိစေရေးအတွက်လည်း အထူးအလေးထားရပါမည်။ ယခုကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုန်ပြန်ခဲ့သော မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် အပိုင်း (၁) သည် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက ပါတီစည်းရုံးရေးနှင့် မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် ဖြစ်သည်။ မဲဆန္ဒရှင်များနှင့် မဲရုံဝန်ထမ်းများ လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် အပိုင်း (၂) ကိုလည်း ထုတ်ပြန်သွားမည်ဟု သိရ"**

ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့၊ အရသာ ပျောက်ဆုံးခြင်းစသည့် COVID-19 ရောဂါ သံသယလက္ခဏာရှိသူများအား စည်းရုံးရေးလုပ်ငန်းများတွင် လုံးဝလိုက်ပါစေခြင်း မပြုရပါ။ မဲဆွယ်စည်းရုံးရာတွင် လူတစ်ဦးချင်းစီအတွက် သီးသန့်မိုက်ခရိုဖုန်းကို အသုံးပြုရမည်။ ပြည်သူလူထုနှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်ခြင်း မပြုရပါ။

**အင်တာနက်မှတစ်ဆင့် Live Stream ဖြင့် မဲဆွယ် စည်းရုံးခြင်း**

Live Stream အား နားထောင်မည့် နေရာများတွင် Social Distancing မှုကို တိကျစွာ လိုက်နာ၍ လူတစ်ဦးနှင့်တစ်ဦး ရှေ့၊နောက်၊ဝဲ၊ယာ အနည်းဆုံး ခြောက်ပေစီကွာလျက် ဆောင်ရွက်ရမည်။ လူတစ်ဦးလျှင် ၃၆ စတုရန်းပေနှုန်းဖြင့် နေရာစီမံဆောင်ရွက်ရမည်။ နေရာအကျယ်အဝန်းပေါ် မူတည်၍ တစ်ကြိမ်လျှင် လူ ၅၀ ထက်မပိုဘဲ ဆောင်ရွက်ရမည်။

လာရောက်မည့်သူများအား Non-contact thermometer ဖြင့် ကိုယ်အပူချိန်တိုင်း၍ ကိုယ်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) ၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်ထက် မြင့်တက်မှု ရှိ/ မရှိ၊ လွန်ခဲ့သော ၁၄ ရက်အတွင်းက ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွားရာဇဝင် ရှိ/ မရှိနှင့် COVID-19 ရောဂါခတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့မှု ရှိ/ မရှိ မေးမြန်းစစ်ဆေးပြီး မရှိမှ တက်ရောက်ခွင့်ပြုရမည်။ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့၊ အရသာပျောက်ဆုံးခြင်းစသည့် COVID-19 ရောဂါ သံသယလက္ခဏာရှိသူများ လုံးဝမလာရပါ။

Live Stream ပြုလုပ်မည့်နေရာကို လေဝင်လေထွက် ကောင်းမွန်စေရေး တံခါးများဖွင့်၍ စီစဉ်ထားရှိရမည်။ အလုံပိတ်အခန်းများတွင် မပြုလုပ်ရပါ။ လာရောက်သူများအားလုံး ပါးစပ်နှင့် နှာခေါင်းစည်းနှင့် မျက်နှာအကာ မဖြစ်မနေ တပ်ဆင်ဆောင်ရွက်ရမည်။ လာရောက်သူများအားလုံး အသုံးပြုနိုင်ရေးအတွက် အယ်လ်ကိုဟော အနည်းဆုံး ၆၀ ရာခိုင်နှုန်း ပါဝင်သော ရေမလို လက်သန့်ဆေးရည်များ ထားရှိရမည် သို့မဟုတ် လက်ဆေးရန်အတွက် ရေ၊ ဆပ်ပြာနှင့် လက်ဆေးရေကန်တို့ကို ပြင်ဆင်ထားရှိရမည်။

နေရာအလိုက် တက်ရောက်သူများ စာရင်းပြုစုထားပြီး တစ်ဦးဦးတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့၊ အရသာပျောက်ဆုံးခြင်းစသည့် COVID-19 ရောဂါ သံသယလက္ခဏာများ ဖြစ်ပွားပါက သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ သတင်းပို့ရမည်။

**အိမ်တိုင်ရာရောက်မဲဆွယ်စည်းရုံးခြင်း**

**အိမ်တိုင်ရာရောက် (Door to Door) မဲဆွယ်စည်းရုံးရေးဆင်းသော အဖွဲ့များတွင် လူဦးရေ ၁၅ ဦးထက် မပိုရပါ။** ပါးစပ်နှင့် နှာခေါင်းစည်းနှင့် မျက်နှာအကာများ ဝတ်ဆင်၍ အယ်လ်ကိုဟော အနည်းဆုံး ၆၀ ရာခိုင်နှုန်း ပါဝင်သော ရေမလို လက်သန့်ဆေးရည် အသုံးပြုရမည်။ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့၊ အရသာ ပျောက်ဆုံးခြင်း စသည့် COVID-19 ရောဂါ သံသယလက္ခဏာရှိပါက လုံးဝ ပါဝင်ခွင့် မပြုရပါ။

မဲဆွယ်စည်းရုံးမည့်အိမ်တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့၊ အရသာ ပျောက်ဆုံးခြင်းစသည့် COVID-19 ရောဂါ သံသယ လက္ခဏာများ ခံစားနေရသူ (သို့မဟုတ်) COVID-19 ခတ်ခွဲ အတည်ပြုလူနာ (သို့မဟုတ်) နေအိမ်တွင် အသွားအလာကန့်သတ်ထားရှိသူ ရှိပါက အဆိုပါနေအိမ်သို့ ဝင်ရောက်ခြင်း မပြုရပါ။

Social Distancing မှုနှင့်အညီ လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ခြောက်ပေစီကွာလျက် ဆောင်ရွက်ရမည်။ မဲဆွယ်စည်းရုံးမှုကို နားထောင်သူများသည် ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်၍ နားထောင်စေရမည်။ မဲဆွယ်စည်းရုံးသူများအနေဖြင့် ပြည်သူလူထုနှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်ခြင်း မပြုရပါ။

ရွေးကောက်ပွဲမဲဆွယ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်သူများအားလုံးသည် "နှာစေး၊ ချောင်းဆိုးသည့်အခါတိုင်း လိုက်နာကျင့်သုံးရသည့် ကျင့်ဝတ်များ" အတိုင်း မပျက်မကွက် လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

**နေအိမ်တွင်နေထိုင်ရခြင်း**

**နေအိမ်တွင်နေထိုင်ရေး ( Stay at Home ) အစီအစဉ် သတ်မှတ်ထားသော တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာဒေသများတွင် လှည့်လည်မဲဆွယ်စည်းရုံးခြင်း၊ ပြင်ပနေရာများနှင့် အဆောက်အအုံများတွင် မဲဆွယ်စည်းရုံးခြင်း၊ အိမ်တိုင်ရာရောက် မဲဆွယ်စည်းရုံးခြင်း လုပ်ငန်းများ လုံးဝဆောင်ရွက်ခြင်း မပြုကြရပါ။** သို့ရာတွင် အင်တာနက်မှတစ်ဆင့် Live Stream ဖြင့် မဲဆွယ်စည်းရုံးဆောင်ရွက်ခွင့် ရှိနေကြသည်။

**ရွေးကောက်ပွဲ၏ စံလုပ်ငန်းလမ်းညွှန်**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး လွတ်လပ်မျှတစွာဖြင့် အောင်မြင်အောင် ကျင်းပသွားရန် လိုအပ်သကဲ့သို့ COVID – 19 ရောဂါ ကူးစက်ခံရမှုမရှိစေရေးအတွက်လည်း အထူးအလေးထားရပါမည်။ ယခုကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် အပိုင်း (၁) သည် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက ပါတီစည်းရုံးရေးနှင့် မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် ဖြစ်သည်။ မဲဆန္ဒရှင်များနှင့် မဲရုံဝန်ထမ်းများ လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် အပိုင်း (၂) ကိုလည်း ထုတ်ပြန်သွားမည်ဟု သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စံလုပ်ငန်းလမ်းညွှန်ချက်များသည် ရွေးကောက်ပွဲ ချောမောအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဓိက စံလုပ်ငန်းလမ်းညွှန်ဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်ကြောင်းပါခင်ဗျာ။

- ❖ COVID – 19 ရောဂါ ကူးစက်ခံရမှုများကို လျင်မြန်စွာ ထိန်းချုပ်နိုင်ကြပါစေ၊
- ❖ စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ အလေးထား လိုက်နာ ဆောင်ရွက်နိုင်ကြပါစေ၊
- ❖ မဲဆန္ဒရှင်များ စိုးရိမ်ကြောင့်ကြမှုကင်းစွာဖြင့် ဆန္ဒမဲပေးနိုင်ကြပါစေ။

# လူ့အလို နတ်အကြိုက် ခါတော်မီဖွံ့ဖြိုးရေး

**နေထက်ရှိန်(ကျေးလက်ဦးစီး)**

The pen is mightier than the sword ဟုအင်္ဂလိပ်စာရေးဆရာ Eward Bulwer-Lytton က ရေးသားခဲ့၏။ ဓားသွားထက် ကလောင်သွားထက်ဟု မြန်မာမှုပြုကြ၏။ ဓားတစ်လက်ထက် ကလောင်တစ်ချက်က ပိုမိုထိရောက်အောင် စွမ်းဆောင်နိုင်သည်ဟု ဆိုရမည်ထင်၏။ ဓားတစ်ချက်ရမ်းလျှင် ဓားသွားတစ်ဆုံး အလွန်ဆုံး ငါးပေခန့်အဝန်းအတွင်းသာ ထိခိုက်မည်ဖြစ်၏။ ကလောင်တစ်ချက်ကြမ်းလျှင်တော့ ကလောင်သွားတစ်ဆုံး၏ အဝန်းက မှန်းဆမရ၊ ရေးထားသမျှစာကို ဖတ်မိရသူတိုင်းအတွက် သက်ရောက်မှုရှိ၏။

သို့သော် ကလောင်သွား မည်သို့ထက်စေကာမူ စာမဖတ်တတ်သူများ၊ စာမဖတ်ကြသူများ ၊ စာမဖတ်နိုင်သူများ၊ စာကိုလျစ်လျူရှုထားသူများ အတွက်တော့ အချည်းနှီးသာဖြစ်၍ အကန့်အသတ်ရှိသည်ဟု ဆိုနိုင်ပါ၏။ ယင်းသို့ အကန့်အသတ်မရှိ၊ လျစ်လျူရှု၍မရ၊ ဆူကြုံနိမ့်မြင့်မရွေး သက်ရောက်ခံရနိုင်သော ကလောင်သွားထက် ပိုထက်သည့်အရာကလည်း ရှိနေပါသေး၏။

အိမ်ခြေ ၁၀၀ ကျော်သာ ရှိသော ရွာကလေးက မှိုင်းညို့ညို့ ရခိုင်ရိုးမတောင်ခြေအောက် လယ်ကွင်းစိမ်းစိမ်းကြားတွင် သာသာယာယာရှိ၏။ ချင်းလူမျိုးအများစု၊ ဗမာအချို့နှင့် ရခိုင်အနည်းငယ်တို့ စုပေါင်းနေထိုင်ကြ၏။ ရွာတောင်ပိုင်းတွင် စမ်းချောင်းတစ်ခုရှိ၏။ ရွာသူရွာသားတို့၏ အပြုံးများက စမ်းရေကဲ့သို့ကြည်လင်၏။ နှလုံးသားများကလည်း စမ်းရေပမာ အေးချမ်းပါ၏။ စိတ်ဓာတ်တို့ကလည်း စမ်းကျောက်များသို့ စုစည်းညီညွတ်၏။ လုံ့လဝီရိယကလည်း ချောင်းရေအလျဉ်ကဲ့သို့ အစဉ်မပြတ် မာန်အားကြီးပါ၏။ ထို့ကြောင့်ပင် ရွာအမည်က စမ်းရွာဟု ခေါ်တွင်သည်ထင်၏။ ထိုစမ်းရွာသည် ကြံခင်းမြို့နယ် ပေါက်နွယ်စမ်းအုပ်စုတွင် ပါဝင်ပြီး ကြံခင်းမြို့၏ အနောက်မြောက်ဘက် ၁၉ မိုင်ခန့်အကွာ ပုသိမ်-မုံရွာ လမ်းမကြီး၏ အနောက်ဘက် တစ်မိုင်ခွဲခရီးတွင် တည်ရှိ၏။



“ဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင် ဘေးဒုက္ခတစ်ခုခု ကြုံတွေ့ရသောအခါ Response, Relief/Recovery, Mitigation and Preparation ဟူသည့် အဆင့်များဖြင့် ရင်ဆိုင်ဖြေရှင်းကြလေ့ရှိ၏။ Relief လုပ်ငန်းစဉ်တို့တွင် Cash for Work (ငွေပေး၊ အလုပ်ပေး) လုပ်ငန်းသည် ထိရောက်လျင်မြန်မှုရှိ၏။ ထို့ကြောင့် နိုင်ငံတော်၏ CERP Covid-19 Economic Relief Plan အရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရသည့် အထူးစီမံကိန်းနှစ်ခုတွင် Cash for Work သည် တစ်ခုအပါအဝင် ဖြစ်လာ၏။”

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် အခြေခံအချက်သုံးရပ်**

ဂျပန်တို့သည် ၁၉ ရာစု နှောင်းပိုင်းတွင် မေဂျီခေတ် စက်မှုတော်လှန်ရေးကို စတင်ဆင်နွှဲ အောင်မြင်ခဲ့၏။ ၂၀ ရာစု အစောပိုင်းတွင် ရုရှား-ဂျပန်စစ်ပွဲဖြစ်ပွားရာ ဂျပန်တို့က အောင်နိုင်ခဲ့၏။ ထို့နောက် အမေရိကန်တို့၏ ပုလဲဆိပ်ကမ်းကို အလစ်အငိုက် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ဝင်ရောက်ခဲ့၏။ ဟီရိုရှီးမားတွင် ကမ္ဘာ့ပထမဆုံး အဏုမြူဗုံးနှင့် နာဂါဆာကီတွင် ကမ္ဘာ့နောက်ဆုံး အဏုမြူဗုံးတို့ အကြဲခံရပြီးနောက် စစ်ကြီးလည်းပြီး၊ ပြာပုံအတိလည်း ဖြစ်သွားတော့၏။ ယင်းအခြေအနေဆိုးမှ မာရှယ်စီမံကိန်းဖြင့် ပြန်ရုန်းထပြီး ၂၀ ရာစုအတွင်းမှာပင် ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ် ရောက်ရှိလာခဲ့ပြန်၏။

ဂျပန်နိုင်ငံ၏ စစ်ပြီးခေတ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွင် စဉ်ဆက်မပြတ် ဒေသဖွံ့ဖြိုးရေး အသိသညာ Sustainable Regional Development Concept သည်အရေးကြီးသောနေရာမှ ပါဝင်နေ၏။ ထိုအသိသညာတွင် အခြေခံအချက်ကြီးသုံးရပ်ရှိ၏။ Disaster Management, Environmental Management and Human Security တို့ဖြစ်၏။

အကြမ်းအားဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု မရှိလျှင် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် သမင်မွေးရင်း ကျားစားရင်း ဆိုသလို ရှေ့မဆက်နိုင်ဘဲ ဖြစ်သမျှ ပျက်ရကာ အဟောင်းသံသရာလည်နေမည် ဖြစ်၏။ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု မရှိပြန်လျှင်လည်း ဖွံ့ဖြိုးရေးသည် $CO_2$ ကဲ့သို့ Green-house gases ထုတ်လွှတ်မှုကို မထိန်းချုပ်နိုင်ဘဲ ကမ္ဘာကြီးပျက်သုဉ်းရေးကို လက်ယပ်ခေါ်သလို ဖြစ်နေမည်ဖြစ်၏။ လူသားလုံခြုံမှုကတော့ အခြေခံအချက်နှစ်ခုရှိ၏။ ကြောက်ရွံ့ခြင်းမှ လွန်မြောက်ရန်နှင့် လိုချင်မှုများမှ လွန်မြောက်ရန် Freedom from fear and freedom from wants တို့ဖြစ်၏။

စမ်းရွာတောင်ပိုင်းရှိ အနောက်မှအရှေ့သို့ စီးဆင်းသော ပေချောင်းသည် ရခိုင်ရိုးမတွင် အစပြုသဖြင့် နွေအခါ ရေခန်းသော်လည်း မိုးအခါ ရေစီးကြမ်း၏။ အနောက်တောင်၌ မိုးညို့ပြီဆိုလျှင် မကြာခင်ပေချောင်းအတွင်း တောင်ကျရေတို့ တဝေါဝေါ ကျဆင်းလာတော့မည်ဖြစ်၏။ ယခင်နှစ် မိုးတွင်းကာလကဆိုလျှင် “ပါပါ (ဖေကြီး) နက်ဖြန် ကျောင်းပိတ်မှာလားဟင်” စောစော့ (သားငယ်) က အိပ်မက်ယောင်ပြီး ပြောနေ၏။ “ဒီညရေကြီးကမ်းပြိုရင် နက်ဖြန် လယ်ထဲကို စက်ဘယ်လိုမောင်းသွားရပ့်” ဖခင်ဖြစ်သူ ကိုယ်တိုင်ကလည်း မိုးအေးအေး၌ အတွေးပူပူဖြင့် ရတက်မအေးနိုင်။

“အောက်အူ(မေကြီး) စနုလှမ်(သမီးကြီး) ဆိုင်လေးပါသွားပြီလား ကြည့်ပါဦး” ချောင်းကမ်းပါးကိုမှီ၍ ယာယီဆောက်ထားသော မုန့်တီဆိုင်လေးကို စိုးရိမ်စိတ်ဖြင့် သမီးကြီးက မိခင်ဖြစ်သူကိုကြည့်ခိုင်း၏။ မိခင်၏ အမြင်တွင် မိုးမှောင်မှောင်ကြား လက်နှိပ်ဓာတ်မီး အလင်းရောင်မှိန်ဖျော့ဖျော့အောက် ခနိတဲလေးက ယိမ်းနွဲ့နွဲ့ဖြစ်နေသလားဟု ထင်မိမှားရ၏။ စိတ်အတွင်းကလည်း ကမ်းပြိုပြီး လမ်းပျောက်သွားလျှင် နံနက်ခင်း၌ ဆရာတော်ဆွမ်းခံမကြွနိုင်ဘဲ ပြုနေကျ ကုသိုလ်တို့ မရမည့်အရေး ပူပန်နေမိပြန်၏။ မရှိလို့မလှူ မလှူလို့မရှိသည့် ဘဝ၏ လိုချင်မှုများက လွန်မြောက်ခွင့်အတွက် တစ်ခုတည်းသောနည်းလမ်းက လှူတန်းခြင်းသာဖြစ်ပါ၏။

စမ်းရွာ၌နေထိုင်ကြသူ ထိုချင်းမိသားစုတစ်စုကဲ့သို့ များစွာသော သူတို့သည် အနောက်တောင်ဆီက မိုးသည်းသည်းရွာတိုင်း ရေစီးသံတို့ ဆူညံညံတွင် သောကတို့ လှိုင်းထန်နေကြရ၏။ ကလောင်သွားထက် ပိုထက်သော ရေစီးသွားကြောင့် ရွာလမ်းမကြီးဘေးက ကမ်းပါးယံသည်လည်း ကြောက်ရွံ့ခြင်းမှ လွန်မြောက်ရန် အချိန်မတန်နိုင်သေးပါချေ။

**ထိရောက်မှုရှိသော ငွေပေး၊ အလုပ်ပေးလုပ်ငန်း**

ဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင် ဘေးဒုက္ခတစ်ခုခု ကြုံတွေ့ရသောအခါ Response, Relief/Recovery, Mitigation and Preparation ဟူသည့် အဆင့်များဖြင့် ရင်ဆိုင်ဖြေရှင်းကြလေ့ရှိ၏။ Relief လုပ်ငန်းစဉ်တို့တွင် Cash for Work (ငွေပေး၊ အလုပ်ပေး) လုပ်ငန်းသည် ထိရောက် လျင်မြန်မှုရှိ၏။ ထို့ကြောင့် နိုင်ငံတော်၏ CERP Covid-19 Economic Relief Plan အရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရသည့် အထူးစီမံကိန်းနှစ်ခုတွင် Cash for Work သည် တစ်ခုအပါအဝင် ဖြစ်လာ၏။ တစ်နိုင်ငံလုံး၏ မြို့နယ်ပေါင်း ၂၅၉ မြို့နယ်မှ ကျေးရွာပေါင်း ၂၄၈၈ ရွာတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၃၆၉၆ ခုကို ဩဂုတ်လအကုန်အပြီး ရည်မှန်းချက်ထား ဆောင်ရွက်နေ၏။ ကျေးလက်က ဆောင်ရွက်နေသော Cash for Work စီမံကိန်းဆောင်ရွက်ရန် ကျေးရွာရွေးချယ်ရာတွင် မြို့နယ်အလိုက် သက်ဆိုင်သူပေါင်းစုံပါဝင်သော အဖွဲ့က 2014 Census ၏ MDI Multi-Dimensional Disadvantages Index အရ ဖွံ့ဖြိုးရေးလိုအပ်ချက်မြင့်မားသည့်ကျေးရွာများကို ရွေးချယ်ရ၏။ နိုင်ငံတော်က ယင်းစီမံကိန်းကျေးရွာ တစ်ရွာစီတိုင်းကို ငွေကျပ်သိန်းတစ်ရာစီ ထောက်ပံ့ပေး၏။ အလှူရှင်များက စေတနာအလျောက် ထည့်ဝင်လှူဒါန်းမှုကိုလည်း ပေါင်းစပ် အသုံးပြုနိုင်၏။ ကျေးရွာတွင် ပြည်သူ့ဆန္ဒပြုချက်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းကြရ၏။

**တူညီသောအလုပ်၊ တူညီသောလုပ်ခ**

ယင်းကော်မတီနှင့် ရပ်မိရပ်ဖက ကျေးရွာမှ ဆင်းရဲသော အိမ်ထောင်စုအမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများထဲမှ အလုပ်လုပ်လိုသော မိသားစုများကို ဦးစားပေးပြီး အလုပ်လုပ်ရန် အိမ်ထောင်စုများ အဖြစ် ရွေးချယ်ရ၏။ ထို့အတူ ကျေးရွာ၏ အများပြည်သူ အကျိုးဖြစ်ထွန်းမည့် စီမံကိန်းလုပ်ငန်းခွဲများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ရ၏။ ထိုစီမံကိန်းလုပ်ငန်းခွဲသည် လုပ်အားခအဖြစ် အနည်းဆုံး သိန်း ၆၀ အသုံးပြုရန်လိုအပ်၏။ လုပ်အားခကို လုပ်ငန်းကျွမ်းကျင်မှုအလိုက် သက်ဆိုင်ရာ ဒေသပေါက်ဈေးဖြင့် ပေးချေရ၏။ ကျား မ ခွဲခြားမှုမရှိဘဲ တူညီသောလုပ်အားအတွက် တူညီသောလုပ်အားခကို ရရှိကြ၏။ ကျေးရွာကော်မတီက စီမံခန့်ခွဲမှု အသုံးစရိတ် ကျပ်နှစ်သိန်းကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျသုံးစွဲခွင့်ရှိ၏။ ထို့ကြောင့် Cash for Work စီမံကိန်းသည် ကျေးရွာအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းလည်း ဖြစ်မြောက် အလုပ်အကိုင်အခက်အခဲဖြစ်နေသူများအတွက်လည်း လုပ်အားခရသော စီမံကိန်းဖြစ်၏။

စမ်းကျောက်များသို့ စုစည်းညီညွတ်သည့် စိတ်ဓာတ်ရှိသော စမ်းချောင်းရေအလျဉ်ကဲ့သို့ အစဉ်မပြတ် မာန်အားကြီးသည့် လုံ့လဝီရိယလည်းရှိသော စမ်းရွာသားများအတွက် Cash for Work စီမံကိန်းကြီး ဆောင်ရွက်ခွင့်ရရှိခဲ့ပါ၏။ ထိုအခါ ကျေးရွာလမ်းမကြီးမှ လမ်းမကလေးသို့ တဖြည်းဖြည်း ပြောင်းလဲလာနေပြီး ဘယ်နေ့လမ်းပျောက်သွားမည်လဲဟု စိတ်တထင့်ထင့်ဖြင့် ကြောက်ရွံ့နေရခြင်းမှ လွန်မြောက်ခွင့်အတွက် ဘေးအန္တရာယ်ကိုကျော်လွှားမည့် ဖွံ့ဖြိုးရေးတို့အတွက် ကျေးရွာ၏အိမ်ထောင်စု ၁၀၉ စုလုံးက တညီတညွတ်တည်း ရွေးချယ်စရာ လုပ်ငန်းကဝေးဝေးတွေးစရာ ပြေးပြီးရှာစရာမလိုတော့ပါချေ။ ဤသို့ဖြင့် စမ်းရွာကျေးရွာလမ်းမကြီး ကမ်းပြိုကာကွယ်ရေး မြေထိန်းနံရံကာရံခြင်း အလျား ၃၇၈ ပေ၊ အနံ ၁၃ ပေ၊ အမြင့် ၉ ပေ Cash for Work လုပ်ငန်းသည် ခါတော်မီ ဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် လူ့အလိုနတ်အကြိုက် ဖြစ်ထွန်းပေါ်ပေါက်လာပြီ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

---

## ကိုဗစ် - ၁၉ ကာလအတွင်း မျက်စိဝေဒနာရှင်များသာ ဦးစားပေးပြသရန်အသိပေး

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မျက်စိရောဂါအထူးကုဆေးရုံကြီး၌ ကိုဗစ် - ၁၉ ကြောင့် မျက်စိဝေဒနာရှိသူများသာလာရောက်ပြသရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

မျက်စိရောဂါအထူးကုဆေးရုံကြီးသို့ တိုင်းဒေသကြီး နှင့်ပြည်နယ်များမှ မျက်စိလူနာများ လာရောက်ပြသလျက်ရှိရာ ကိုဗစ် - ၁၉ ကြောင့် လာရောက်ပြသသော မျက်စိဝေဒနာရှင်များအနေဖြင့် လူစုလူဝေးမဖြစ်စေရန်၊ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းမှုမရှိစေရန် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှညနေ ၃ နာရီအတွင်း ကြိုတင် ဆက်သွယ်ပြီး လာရောက်ရမည့်နေ့ရက်နှင့် အချိန်အား ရယူခြင်းဖြင့် ချိန်းဆိုထားသောအချိန်နှင့် အနီးစပ်ဆုံးလာရောက်ရန်နှိုးဆော်ထားကြောင်း သိရသည်။

မျက်စိအထူးကုဆေးရုံကြီးနှင့် ဆက်သွယ်နိုင်ရန် ဖုန်း - ၀၉-၈၈၈၆၂၉၉၄၅၊ ၈၈၈၆၂၉၉၅၄ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်းနှင့် လာရောက်ပြသပါက လူနာနှင့် အဖော်တစ်ဦးသာလိုက်ပါ၍ နှာခေါင်းစည်းတပ်ဆင်လျက် မှတ်တမ်းဟောင်း၊ မျက်စဉ်းနှင့်စားဆေးများ ယူဆောင်ကာ သတ်မှတ်ထားသောနေရာတွင် တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာထိုင်ရန် ညွှန်ကြားထားကြောင်း သိရသည်။

“အထူးသဖြင့် နယ်ကလူနာဆိုရင် အသွားအလာ ကန့်သတ်စောင့်ကြည့်ပြီးမှ ကုသပေးမှာပါ။ အရေးပေါ် လူနာကိုပဲ ဦးစားပေးတာပါ။ ဆရာဝန်လည်း အဆိုင်း သုံးဆိုင်းခွဲပြီး တာဝန်ထမ်းဆောင်နေကြတယ်။ ခွဲစိတ်ရတဲ့လူနာကိုလည်း ခွဲစိတ်ပြီးတာနဲ့ ချက်ချင်းဆင်းပေးပါတယ်” ဟု ရန်ကုန်မျက်စိအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာသက်သက်စိန်က ပြောသည်။

ယခုရက်ပိုင်းအတွင်း မျက်စိဝေဒနာရှိသူများသာ ဦးစားပေးပြသရန် တိုက်တွန်းထားရာ မျက်စိနီခြင်း၊ ကိုက်ခြင်း၊ မှုန်ခြင်းနှင့် အဆိုပါလက္ခဏာ တစ်ပြိုင်တည်း ဖြစ်ပေါ်ခြင်း၊ မျက်စိနီပြီးကိုက်ခဲမှုမရှိဘဲ ရုတ်တရက်မှုန်ခြင်းနှင့်မျက်လုံးထိခိုက်ဒဏ်ရာရရှိခြင်းတို့ကို ဦးစားပေးပြသရန် ရန်ကုန်မြို့မျက်စိရောဂါအထူးကုဆေးရုံကြီးမှအသိပေးထားကြောင်း သိရသည်။ **သစ္စာ**

---

## ပင်လောင်းမြို့နယ် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့

**ပင်လောင်း စက်တင်ဘာ ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်း မြို့နယ်အတွင်းရှိ အသက် (၈၅) နှစ်နှင့်အထက် ဘိုးဘွားများအား လစဉ်ပုံမှန် လူမှုရေးပင်စင်ထောက်ပံ့ငွေတစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးအပ်လျက်ကြောင်း သိရသည်။

ပင်လောင်းမြို့နယ်တွင် အသက် (၈၅)နှစ်နှင့်အထက် ဘိုးဘွား ၃၇၂ ဦးရှိရာ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ သုံးလ အတွက် တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ ဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၁၁၆၀၀၀၀ ကို မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများထံ ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ထုတ်ပေးခဲ့ပြီး သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေး ဝန်ထမ်းများမှတစ်ဆင့် ဘိုးဘွားများထံ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခွန်အာကာစိုး(ပင်လောင်း)**

# မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြီးစီး

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ယှဉ်ပြိုင်မှုများကို ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (၁) တွင် စက်တင်ဘာ ၇ ရက် မှ ၉ ရက်အထိ ကျင်းပသည်။ **(ယာပုံ)**

ပြိုင်ပွဲသို့ ရုပ်ရှင်ချစ်တဲ့သူ၊ Third Boys ၊ Three Stars၊ တော်ဝင်မောင်၊ Sky၊ မဟာစံ၊ ရွှေငွေထိန်၊ Triangle စသည့်အဖွဲ့ရှစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမအဆင့်၊ ဒုတိယအဆင့်၊ ဗိုလ်လုပွဲအဆင့်ဆင့် ယှဉ်ပြိုင်ခဲ့ပြီး ဗိုလ်လုပွဲကို စက်တင်ဘာ ၉ ရက်တွင် ကျင်းပရာ "ရွှေငွေထိန်" အသင်းက ပထမ၊ "Triangle"အသင်းက ဒုတိယ၊ "ရုပ်ရှင်ချစ်တဲ့သူ" အသင်းက တတိယနှင့် "Three Stars" အသင်းက နှစ်သိမ့်ဆုများ ရရှိကြသည်။



မြန်မာ့ရုပ်ရှင်ရာပြည့် အထိမ်းအမှတ် ရုပ်မြင်သံကြားဉာဏ်စမ်း ပဟေဠိပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်မှုအား ထုတ်လွှင့်ပြသခြင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စက်တင်ဘာ ၂၄ ရက်မှ စတင်၍ ထုတ်လွှင့်သွားမည်ဖြစ်ပြီး ဆုရရှိသူများကို အောက်တိုဘာလအတွင်း ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ကိုဝင်း (FDC)**

# ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း ပြည်ပသို့တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ငါးဦးနှင့် ပြည်တွင်း အလုပ်နေရာ ၁၇၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက်ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်း အလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၂၀ပြည့်နှစ် ဩဂုတ်လအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ်အကိုင် ၁၄၃၆ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၁၅၈၉၆ ဦး စုစုပေါင်း ၁၇၃၃၂ ဦးကို အလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့သည်။

ထို့အပြင် နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် ကိုရီးယားနိုင်ငံသို့ ငါးဦး စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

● *ကျောဖုံးမှ*

| စဉ် | Case | အသက် | ကျား/မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁ | Case-3004 | ၆၅ နှစ် | မ | တပ်မတော်အသည်းရောဂါ အထူးကု ဆေးရုံကြီး | (၁၇-၉-၂၀၂၀) ရက်နေ့၊ မွန်းလွဲ (၃:၃၀) |
| ၂ | Case-3746 | ၄၂ နှစ် | ကျား | ဝေဘာဂီအထူးကုဆေးရုံကြီး | (၁၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၆:၅၀) |
| ၃ | Case -3565 | ၆၇ နှစ် | မ | အထူးကုဆေးရုံကြီး ခုတင် ၅၀၀၊ (ရန်ကုန်) | (၁၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၃:၄၅) |

၅။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၆၀) ဦး ရှိပြီဖြစ်ပါ သည်။

၆။ (၁၆-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၇-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၀၅) ဦးရှိပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ**

| | |
|---|---|
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၅၂) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၅) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၃၆) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၂) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၅) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ တာချီလိတ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ လှိုင်ကော်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀) ခု |
| (၁၇-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁၄၈) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁၄၈) ဦး | (၄,၀၄၃) ဦး |
| ဆေးရုံဆင်း | (၃၆) ဦး | (၉၄၄) ဦး |
| သေဆုံးလူနာ | (၃) ဦး | (၆၀) ဦး |








မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၂၉၃ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၁၇**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၂၉၃ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက် ဝင်ရောက်လာကြောင်း သိရသည်။**(အောက်ပုံ)**

ပြန်လည် ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက် မှ ၁၇ ရက်အထိ ၆၆၆၁ ဦး စုစုပေါင်း ၇၇၈၄၂ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၁၇၅ ဦး၊ အမျိုးသမီး ၁၁၈ ဦး စုစုပေါင်း ၂၉၃ ဦး ဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေး စခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**






# အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီကွန်ရက်က ကြီးမှူးပြီး ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၇**

အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီကွန်ရက် (Southeast Asian Press Councils – Net) က ကြီးမှူးပြီး "Southeast Asia Journalism in New Normal Era: The Need for Media Partnership"ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက အွန်လိုင်းမှတစ်ဆင့် ကျင်းပသည်။**(အပေါ်ပုံ)**

အာဆီယံဒေသတွင်းနိုင်ငံများရှိ သတင်းမီဒီယာများအပေါ် ကိုဗစ်ရိုက်ခတ်မှုနှင့် စိန်ခေါ်မှုများ၊ ကိုဗစ်ကြောင့် နေထိုင်မှုပုံစံသစ်ကာလအတွင်း အရှေ့တောင်အာရှ ဂျာနယ်လစ်ဇင်နှင့် မီဒီယာမိတ်ဖက်လိုအပ်မှုတို့ကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ အရှေ့တောင်အာရှသတင်းမီဒီယာကောင်စီကွန်ရက် ဥက္ကဋ္ဌ Mohammad NUH ၊ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)၊ အထွေထွေအတွင်းရေးမှူး Asep Setiawan၊ ဒါရိုက်တာအဖွဲ့ဝင်များဖြစ်သည့် ဦးကျော်စွာမင်း၊ Agus Sudibyo၊ Chavarong Limpattamapanee၊ Virgilio da Silva Guterres တို့အပြင် အာဆီယံဒေသတွင်း ဂျာနယ်လစ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့သည်။ **ကျော်စွာမင်း**

# ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်နိုင်ရေး ဗဟန်းမြို့နယ်အတွင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု လျော့နည်းစေရေးအတွက် မြို့နယ်ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းကော်မတီက ဦးဆောင်၍ မဖြစ်မနေ လမ်းထွက်သွားလာနေကြသူများကို နှာခေါင်းစည်းတပ်ဆင်ရေး မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများ၊ဈေးများနှင့်ဘတ်စ်ကားမှတ်တိုင်များတွင် လူစုလူဝေးများ မဖြစ်စေရေး လိုက်လံနှိုးဆော်ခြင်း၊ နှာခေါင်းစည်းများ အခမဲ့လိုက်လံဝေငှတပ်ဆင်ပေးခြင်း၊ YBS ကားများပေါ်တွင်လည်း ခရီးသည်များအား နှာခေါင်းစည်းများ အခမဲ့လိုက်လံဖြန့်ဝေခြင်း၊ ခရီးသည်များ လက်ဆေးနိုင်ရန်အတွက် လက်သန့်ဆေးရည်ဘူးများ ထားရှိပေးခြင်း၊ မြို့နယ်အတွင်းရှိ ကားမှတ်တိုင်များတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာစေရေးအတွက် အသံချဲ့စက်များဖြင့် လိုက်လံကြေညာခြင်း၊ ဒေသန္တရအမိန့် ထုတ်ပြန်ချက်များ ကြေညာပေးခြင်း အစရှိသည့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်နိုင်ရေး လုပ်ငန်း ပညာပေးများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ယမန်နေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ်အတွင်းရှိ ရပ်ကွက်(၂၂)ရပ်ကွက်တွင် မိဘပြည်သူများထံ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး နှာခေါင်းစည်းတပ်ဆင်အသုံးပြုနည်းများကိုလည်း ထပ်မံအသိပေးလက်တွေ့ပြသ ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်သည်။

ယခုအခါမြန်မာနိုင်ငံ၌ဩဂုတ် ၁၆ ရက်မှ စ၍ ပြည်တွင်းကူးစက်မှုမှာ သိသိသာသာ ပိုမိုမြင့်တက်နေသောကြောင့် ရောဂါကူးစက်မှုလျော့နည်းအောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **အာကာလင်း**

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇူလိုင်လအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၈**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဇူလိုင်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၁၅ ဒသမ ၃၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၁ ဒသမ ၂၄ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၆၆ ဒသမ ၅၄ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၉၉ ဒသမ ၆၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၀၉ ဒသမ ၇၇ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၀၉ ဒသမ ၄၂ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဇူလိုင်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၉၇၅ ဒသမ ၉၆ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၁၂ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇူလိုင်လအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၉၈၁ ဒသမ ၇၈သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၈၂၁ ဒသမ ၀၂သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၈၀၂ ဒသမ ၈၀ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၆၆၀ ဒသမ ၄၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၄၀ ဒသမ ၆၈ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၃၀၁ ဒသမ ၀၉ သန်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇူလိုင်လအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၁၁၀၃ ဒသမ ၈၉ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၁၄၉၈ ဒသမ ၂၉ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**

# ဟံသာဝတီနှင့် ရန်ကုန် ထိပ်တိုက်တွေ့ဆုံနေသည့် MNL ပွဲစဉ် (၁၇)

**ရန်ကုန် စက်တင်ဘာ ၁၇**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) ကို စက်တင်ဘာ ၁၉၊ ၂၀ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ချန်ပီယံမျှော်လင့်ချက်ရှိနေသည့် ဒုတိယနေရာမှ ဟံသာဝတီအသင်းသည် နာမည်ကြီးရန်ကုန်အသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၁၇) အဖြစ် စက်တင်ဘာ ၁၉ ရက်တွင် YUSC ကွင်း၌ ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ပဒုမ္မာကွင်း၌ ရခိုင်အသင်းနှင့် ဧရာဝတီအသင်း၊ စက်တင်ဘာ ၂၀ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရတနာပုံအသင်း၊ YUSC ကွင်း၌ စစ်ကိုင်းအသင်းနှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခု တစ်ပတ်တွင် အကောင်းဆုံးပွဲအဖြစ် ဟံသာဝတီနှင့် ရန်ကုန်အသင်းတို့ ထိပ်တိုက် တွေ့ဆုံသည့်ပွဲကို ပြရမည်ဖြစ်ပြီး နှစ်သင်းစလုံးအတွက် အရေးပါသည့်ပွဲဖြစ်နေသည်။ အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်နေသည့် ဟံသာဝတီအသင်းအတွက် မဖြစ်မနေအနိုင်ရရန် လိုအပ်နေသလို နာမည်ကြီး ရန်ကုန်အသင်းအတွက်လည်း ချန်ပီယံဆုအတွက် နောက်ဆုံးမျှော်လင့်ချက်ဖြစ်နေသည်။

ပွဲစဉ် (၁၆) တွင် ရှမ်းယူနိုက်တက်အသင်းကို ဂိုးပြတ်အရေးနိမ့်ခဲ့သည့် ရန်ကုန်အသင်းအတွက် နောက်ဆုံးမျှော်လင့်ချက်လည်းဖြစ်နေပြီး အနိုင်ရမှသာ ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ သို့သော် ဇယားထိပ်ပိုင်းမှ အသင်းများနှင့် ခုနစ်မှတ်ကွာဟသွားသည့် ရန်ကုန်အသင်းအနေဖြင့် အခွင့်အရေးအလွန်နည်းပါးနေပြီဖြစ်သည်။ အမှတ်ပေးဇယားထိပ်ဆုံးမှ ဧရာဝတီအသင်းသည် ဒုတိယနေရာမှ ဟံသာဝတီအသင်း ပွဲကျပ်ကစားရမည့်အခွင့်အရေးကို အသုံးချရန် ကြိုးပမ်းရမည်ဖြစ်ပြီး ပွဲကျပ်များမကစားမီ အမှတ်ပြည့်ရယူထားရမည်ဖြစ်သည်။ လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းမှာလည်း ဧရာဝတီနှင့်ဟံသာဝတီကို ဆက်လက်ဖိအားပေးနိုင်ရန် ယခုပွဲတွင် မဖြစ်မနေအနိုင်ကစားရန် လိုအပ်နေသည်။



ရန်ကုန်နှင့် ဟံသာဝတီအသင်းတို့ ပထမအကျော့တွေ့ဆုံခဲ့စဉ်။

ပွဲစဉ် (၁၆) အပြီးတွင် ဧရာဝတီနှင့် ဟံသာဝတီအသင်းက ရမှတ် ၃၆ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး ဂိုးကွာခြားချက်ဖြင့် ဧရာဝတီအသင်းက ပထမ၊ ဟံသာဝတီအသင်းက ဒုတိယနေရာတွင် ရပ်တည်နေသည်။ ယင်းအသင်းများ၏နောက်တွင် ရှမ်းယူနိုက်တက်အသင်းက ၃၂ မှတ်၊ ရန်ကုန်အသင်းက ၂၉ မှတ်၊ ရခိုင်အသင်းက ၁၇ မှတ်၊ ရတနာပုံအသင်းက ၁၆ မှတ်၊ စစ်ကိုင်းနှင့် မကွေးအသင်းက ၁၀ မှတ်စီ၊ အား/ကာသိပ္ပံအသင်းက ရှစ်မှတ်၊ Southern အသင်းက လေးမှတ်ရရှိထားသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# MPT Myanmar National League 2020 ဘောလုံးပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၁၇**

MPT Myanmar National League 2020 ပွဲစဉ် (၁၇ ) ၊ ပွဲစဉ်များအနက် Hantharwady United FC အသင်းနှင့် Yangon United FC အသင်းတို့သည် စက်တင်ဘာ ၁၉ ရက်တွင် လည်းကောင်း၊ Sagaing United FC အသင်းနှင့် Southern Myanmar FC အသင်းတို့သည် စက်တင်ဘာ ၂၀ ရက်တွင် လည်းကောင်း ညနေ ၃ နာရီခွဲမှစတင်ပြီး ရန်ကုန်ရှိ Y.U.S.C ကွင်းတွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အဆိုပါ ဘောလုံးပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြား (MRTV) နှင့် MRTV Sports Channel တို့တွင် ယင်းနေ့ ညနေ ၃ နာရီမှစတင်၍ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၁၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ မှ (၁၇-၉-၂၀၂၀) နံနက် (၈:၀၀)နာရီအတွင်း COVID-19 ဓာတ်ခွဲ စစ်ဆေးချက်များအရ -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁,၀၅၁) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၉၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၃၉၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၃၂) ခု
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၅) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ ဓာတ်ခွဲနမူနာ ဒုတိယအသုတ် (၄၁) ခု၊
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၆၀၀) ခုနှင့်
- အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၇၅) ခု၊

စုစုပေါင်း ဓာတ်ခွဲနမူနာ (၂,၅၉၉) ခုတို့အား ထပ်မံ စစ်ဆေးပြီးစီးခဲ့ရာ

- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၇၃) ဦး တွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၁၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃,၈၉၄)ဦး ရှိပြီဖြစ်ပါသည်။

၃။ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၈၄) နှစ်အရွယ် အဆုတ်တီဘီရောဂါဖြစ်ဖူးခြင်းနှင့် သွေးတိုးရောဂါအခံရှိသူ အမျိုးသား (Case-3599) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက်အသက်ရှူလမ်းကြောင်းပျက်စီးခြင်းတို့ဖြင့် (၁၄-၉-၂၀၂၀) ရက်နေ့၊ ညနေ (၇:၂၆) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၄။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၅၈) နှစ်အရွယ်အမျိုးသား (Case-3370) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက်အသက်ရှူလမ်းကြောင်းပျက်စီးခြင်းဖြင့် (၁၄-၉-၂၀၂၀) ရက်နေ့၊ ည (၇:၃၀) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၅။ အင်းစိန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၆၅) နှစ်အရွယ် အဆုတ်တီဘီရောဂါဖြစ်ဖူးခြင်းနှင့် ဆီးချိုရောဂါအခံရှိသူ အမျိုးသား (Case-3540) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက်အသက်ရှူလမ်းကြောင်းပျက်စီးခြင်းတို့ဖြင့် (၁၄-၉-၂၀၂၀) ရက်နေ့၊ ညနေ (၃:၀၀) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၆။ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၉၀) နှစ်အရွယ် နှလုံးသွေးကြောကျဉ်းရောဂါအခံရှိ၍ လေဖြတ်ထားဖူးသူ အမျိုးသား (Case-2911) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက်အသက်ရှူလမ်းကြောင်းပျက်စီးခြင်းဖြင့် (၁၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၉:၂၀) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၇။ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၇၅) နှစ်အရွယ် နှလုံးရောဂါနှင့် နာတာရှည်ကျောက်ကပ်ရောဂါနှင့် ဆီးချိုရောဂါအခံရှိသူ အမျိုးသမီး (Case-3361) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက်အသက်ရှူလမ်းကြောင်း ပျက်စီးခြင်းဖြင့် (၁၄-၉-၂၀၂၀) ရက်နေ့၊ ညနေ (၆:၁၀) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၈။ တောင်ဥက္ကလာပအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူခဲ့သော အသက် (၁၃) နှစ်အရွယ် အမျိုးသမီး (Case-2531) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်းပျက်စီးခြင်း၊ သွေးနှင့်ဆိုင်သော ရောဂါအခံရှိခြင်းတို့ဖြင့် (၁၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁:၄၅) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၉။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၄၆)ဦး ရှိပြီဖြစ်ပါသည်။

၁၀။ (၁၆-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၂,၀၆၈) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၃၇၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၇၃၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၃၂၀) ခု
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၅) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ ဓာတ်ခွဲနမူနာ ဒုတိယအသုတ် (၄၁) ခု
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၇၈) ခု
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၇) ခု
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၅) ခု
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၁၀) ခု
- ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တီးတိန်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၆၀၀) ခုနှင့်
- အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၇၅) ခု

စုစုပေါင်း (၄,၅၅၅) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၂၅၈) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာ (၁၈၅) ဦး တွေ့ရှိကြောင်းကို (၁၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ |
|---|---|
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) | (၁,၀၅၁) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန(DMR) မှ ဒုတိယအသုတ် | (၉၄) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ(ဒုတိယအသုတ်) | (၃၉၁) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ(ဒုတိယအသုတ်) | (၁၃၂) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ | (၁၅) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) မှ(ဒုတိယအသုတ်) | (၄၁) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့အတွက် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) | (၆၀၀) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့အတွက် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) | (၂၇၅) ခု |
| (၁၆-၉-၂၀၂၀) ရက်နေ့တွင် ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂,၅၉၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၇၃) ဦး |

(၁၆-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် ဓာတ်ခွဲနမူနာစုစုပေါင်း (၄၅၅၅) ခုအား စစ်ဆေးခဲ့ပါသည်။

**(ယခုသတင်းထုတ်ပြန်ချိန်အထိ) COVID-19 လူနာများအခြေအနေ**

**(၁၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း | (၇၃) ဦး | (၃,၈၉၄) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၀) ဦး | (၉၀၈) ဦး |
| သေဆုံးလူနာ | (၆) ဦး | (၄၆) ဦး |

## ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ

**(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)**

### (ခ) ရုံး/ဌာနသို့ ရောက်ရှိချိန်နှင့် ရုံးချိန်အတွင်းတွင် အချင်းချင်းသတိပေးပြောကြားရန်-

- ရုံး/ဌာနသို့ ဝင်ရောက်သည့်အခါ (Physical Distancing) မှုနှင့်အညီ တစ်ဦးနှင့် တစ်ဦး အနည်းဆုံး (၆)ပေ အကွာ ခပ်ခွာခွာ ဝင်ရောက်ပါ။
- ရုံး/ဌာနအတွင်းသို့ မဝင်မီ ဆပ်ပြာနှင့် ရေကို အသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် လက်ဆေးပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- ရုံးဝင်ပေါက်နေရာများတွင် Non-touch thermometer အသုံးပြု၍ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါ။ ပုံမှန် ကိုယ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်အောက်) ရှိမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ပါ။
- ရုံးချိန်အတွင်း ဧည့်သည်လက်ခံခြင်း မပြုရပါ။
- ရုံးချိန်အတွင်းတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။ အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စွန့်ပစ်သည့်အခါ အဖုံးပါသည့် အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။
- ရုံးတွင်း/ရုံးပြင် စာပေး/စာယူဌာနများတွင် တာဝန်ကျသူများသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face Shield)၊ လက်အိတ် (Glove) တို့ကို စနစ်တကျ ဝတ်ဆင်ရပါမည်။
- အလုပ်ခွင်၌ ဝန်ထမ်းတစ်ဦးနှင့် တစ်ဦးအကြား (၆)ပေခွာ၍ အလုပ်လုပ်ပါ၊ တတ်နိုင်သမျှ မျက်နှာချင်းဆိုင်မနေရပါ။ ဖြစ်နိုင်ပါက တစ်ဦးနှင့် တစ်ဦးအကြား စားပွဲတင်ပလတ်စတစ်အကာ (Plastic Cover) အသုံးပြုပါ။
- အခြားသူများနှင့် ထိတွေ့မှု အများဆုံးရှိနိုင်သည့် မျက်နှာပြင်များ (ဥပမာ-အလုပ်စားပွဲမျက်နှာပြင်များ)ကို မကြာခဏ ပိုးသတ်သန့်စင်ပါ။
- ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်း ပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံအောင် ဖုံးအုပ်ပါ။ အသုံးပြုပြီးတစ်ရှူးကို အဖုံးပါသည့်အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ၊ ပြီးလျှင် လက်ကို စနစ်တကျ ဆေးကြောပါ။
- ရုံးချိန်အတွင်းတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။

- **လုပ်ငန်းခွင်အတွင်း လုပ်ငန်းသဘာဝကြောင့်ဖြစ်စေ၊ မေ့လျော့၍ဖြစ်စေ တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ ဆက်ဆံပြောဆိုခြင်း မရှိစေရန် အချင်းချင်းအထူးသတိပေးပါ။**

### (ခ) အိမ်ပြန်ရောက်ချိန်တွင်လိုက်နာရန်ပြောကြားရမည့်အချက်များ

- အိမ်သို့ပြန်ရောက်ပါက ဆပ်ပြာနှင့်ရေကို အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် လက်ဆေးပါ၊ အဝတ်အစားများကို ဆပ်ပြာဖြင့် မိနစ်(၃၀)စိမ်ပြီးနောက် လျှော်ဖွပ်ပါ၊ ဆပ်ပြာဖြင့် ရေချိုးပါ။
- ကိုယ်လက်သန့်စင်ခြင်းမပြုမီ နေအိမ်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အနီးကပ် ထိတွေ့ခြင်းမပြုရပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# တောင်သူလယ်သမားများအတွက် ကိုဗစ်- ၁၉ ရောဂါ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို



**ကျွန်တော်တို့ငယ်ငယ်က ကူးစက်ရောဂါကာကွယ်ဆေးတွေဖြစ်တဲ့ ပလိပ်ရောဂါ၊ ကျောက်ရောဂါ၊ ဆုံဆို့၊ ကြက်ညှာချောင်းဆိုး၊ အဆုတ်ရောဂါတွေ ထိုးခဲ့လို့ လက်မောင်းက အမာရွတ်လေးတွေဟာ ဘဝတစ်သက်တာအမှတ်တရ အမှတ်အသားတွေပါပဲ။ မိဘ၊ ဘိုးဘွားများ ပလိပ်ကပ်ရောဂါဘေးတုန်းက ကြုံတွေ့ရတဲ့ ဒုက္ခတွေ၊ သေကြေတာတွေ ပြောပြတာ ပြန်လည်ကြားယောင်မိပါတယ်။**

ဒီနေ့ ကျွန်တော်တို့အားလုံးဟာလည်း တစ်သက်မှာ တစ်ခါဆိုသလို ဒီ COVID-19 ရောဂါနဲ့ ကြုံတွေ့ရတာ ဟာလည်း ကြောက်စရာကောင်းသလို သေဆုံးသူတွေ မိသားစုများအတွက်လည်း စာနာသနားမိပါတယ်။ ၁၇-၉-၂၀၂၀ ရက်နေ့အထိ ကမ္ဘာပေါ်မှာ လူဦးရေသန်း ၃၀ ကျော်ဟာ COVID-19 ရောဂါ ကူးစက်ခံထားရပြီး သေဆုံးသူ ၉ သိန်း ၄ သောင်းကျော်အထိရှိနေပြီး ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ကူးစက်ခံရသူ ၄၀၄၃ ဦး ရှိပြီး သေဆုံးသူ ၆၀ ရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီရောဂါကို ကာကွယ်၊ ထိန်းချုပ်နိုင်ဖို့ ပြည်သူ သာလျှင် အဓိကဆိုတဲ့ဆောင်ပုဒ်နဲ့ နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီ တပ်ဖွဲ့များနဲ့ ပရဟိတအသင်းများက ပြည်ထောင်စု အစိုးရကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့် ညွှန်ကြားချက်များနဲ့အညီ အားလုံးဝိုင်းဝန်းပူးပေါင်း ထိန်းချုပ်နိုင်အောင် ဆောင်ရွက်နေကြပါတယ်။ COVID ဒုတိယအကျော့ကို ထိန်းနိုင်ဖို့ တစ်ဦး ချင်း/အားလုံး ကိုယ်စီအသိ၊ သတိနဲ့ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံမှာ လူဦးရေသန်း ၅၀ ကျော် နေထိုင်ပြီး ကျေးလက်မှာ ၇၅ ရာခိုင်နှုန်း နေထိုင်ကြပါတယ်။ ကျေးလက်နေလူဦးရေရဲ့ ၆၈ ရာခိုင်နှုန်းဟာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြု ဝင်ငွေရှာဖွေ ရှင်သန်နေကြသူများ ဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်တို့နိုင်ငံမှာ ဒီ COVID ရောဂါဖြစ်လို့ လယ်ယာကဏ္ဍ တန်ဖိုးကွင်းဆက်တစ်လျှောက် သက်ဆိုင်သူ တောင်သူလယ်သမား၊ လယ်ယာလုပ်သား၊ ကုန်သည်ပွဲစား၊ Exporter ကြီးများ စတဲ့ Stakeholder အားလုံးဟာ အောက်ဖော်ပြပါ စိန်ခေါ်မှုများနဲ့ ရင်ဆိုင်နေကြရပါတယ်။

(က) တောင်သူလယ်သမားများ သီးနှံစိုက်ပျိုးထုတ်လုပ်ရန် လုံလောက်သောရင်းနှီးမြှုပ်နှံမှု မပြုနိုင်ခြင်း။

(ခ) တောင်သူလယ်သမား မိသားစုဝင် ပြည်ပမှာ အလုပ်လုပ်သူများထံမှ ရရှိသောဝင်ငွေများ ရပ်ဆိုင်းသွားခြင်း၊ ပြင်ပဈေးငွေ အတိုးကြီးမားခြင်း။

(ဂ) ထွက်ရှိတဲ့သီးနှံများ ရောင်းချရန်ဈေးကွက်ပျက်ယွင်းမှုများ ဖြစ်ပေါ်ခြင်း။

(ဃ) ရာသီဥတုဖောက်ပြန်မှု မိုးလို/ မိုးနည်း၊ ရေကြီးမှုများကြောင့် သီးနှံများပျက်စီးခြင်း၊ အထွက်နှုန်း ထိခိုက်လျော့နည်းနိုင်ခြင်း။

(င) တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်နိုင်ငံဘက်မှ တင်းကျပ်သော စိစစ်မှုများ ပြုလုပ်၍ အခက်အခဲများ ဖြစ်ပေါ်ခြင်း။

(စ) Sanitary and Phyto Sanitary Measure များအတွက် အခြေခံအဆောက်အအုံ လိုအပ်မှု ရှိခြင်း။

(ဆ) နယ်စပ်မှာ သီးနှံများ ခေတ္တယာယီ သိုလှောင်ရန် အဆင့်မြင့် ဂိုဒေါင်များ မရှိခြင်း။

(ဇ) အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီသော သီးနှံပို့ကုန် အရည်အသွေးဆိုင်ရာ ဓာတ်ခွဲခန်းများ လိုအပ်ခြင်း။

(ဈ) သီးနှံများ သိုလှောင်ရန် ခေတ်မီသိုလှောင်ရုံ စနစ်မရှိသေးခြင်း။

## ကိုဗစ် စီးပွားရေး ကုစားမှုအစီအစဉ်

ယနေ့ နိုင်ငံတော်အစိုးရက ကိုဗစ် စီးပွားရေး ကုစားမှု အစီအစဉ်ကို စနစ်တကျရေးဆွဲချမှတ်ပြီး နိုင်ငံတော် ရန်ပုံငွေ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများရဲ့ ချေးငွေ၊ ထောက်ပံ့ငွေများနဲ့သက်ဆိုင်ရာ ကဏ္ဍအလိုက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြည်သူများ စားနပ်ရိက္ခာဖူလုံရေးနဲ့ အာဟာရပြည့်ဝရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးမျိုးစေ့ထုတ်ဧက တစ်သိန်းအတွက် ငွေကျပ် ၁၄ ဒသမ ၉၁ ဘီလီယံ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Cash for Work အစီအစဉ်အရ ရွာပေါင်း၂၅၀၅ ရွာအတွက် ငွေကျပ်၂၅ ဘီလီယံ၊ ကျေးရွာ မတည်ရန်ပုံငွေအစီအစဉ်မှ ရွာပေါင်း ၁၇၁၀ အတွက် ငွေကျပ် ၄၂ ဘီလီယံ၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ၁ ဒသမ ၄၄ ဘီလီယံ၊ စက်မှုလယ်ယာဦးစီးဌာနမှ ၁ ဒသမ ၄၆ ဘီလီယံ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၁ ဒသမ ၁၄ ဘီလီယံ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ၆ ဒသမ ၀၆ ဘီလီယံနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျပ်သန်း ၆၀၀ ကျော် စုစုပေါင်း ၉၂ ဒသမ ၆ ဘီလီယံကျော် ပံ့ပိုးထောက်ပံ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်ခင်ဗျာ။ ဒီအပြင် တောင်သူလယ်သမားများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အထူးချေးငွေ မိုးစပါးတစ်ဧက ငွေကျပ်ငါးသောင်းနှုန်း ထပ်ချေးပေးလို့ တစ်ဧကငွေကျပ် နှစ်သိန်းနှုန်း ချေးပေးတဲ့သဘောဖြစ်ပါတယ်။

ဇယား(၁)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | မိုးစပါးစိုက်ပျိုးပြီးစီးမှု | | | ပဲမျိုးစုံ (မိုး)စိုက်ပျိုးပြီးစီးမှု | | | ဆီထွက်သီးနှံ (မိုး) စိုက်ပျိုးပြီးစီးမှု | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ယခင်နှစ် စိုက်ဧက | ယခုနှစ် | | ယခင်နှစ် စိုက်ဧက | ယခုနှစ် | | ယခင်နှစ် စိုက်ဧက | ယခုနှစ် | |
| | | | လျာထား | စိုက်ပြီး | | လျာထား | စိုက်ပြီး | | လျာထား | စိုက်ပြီး |
| ၁။ | နေပြည်တော် | ၁၇၁၉၆၉ | ၁၆၃၉၆၀ | ၁၄၄၀၈၂ | ၆၅၆၂၆ | ၆၅၁၆၃ | ၃၇၇၅၈ | ၇၀၂၄၅ | ၆၆၅၃၇ | ၇၅၇၇ |
| ၂။ | ကချင် | ၄၇၁၀၂၆ | ၄၅၇၈၄၆ | ၄၉၆၀၉၁ | ၉၉၃၂ | ၁၀၀၉၇ | ၈၃၈၄ | ၅၄၇၅ | ၆၆၀၅ | ၅၄၃၁ |
| ၃။ | ကယား | ၈၁၇၃၁ | ၈၅၈၅၀ | ၇၇၆၄၈ | ၂၂၇၉၅ | ၂၅၁၂၄ | ၁၉၈၉၉ | ၃၄၈၅၃ | ၃၂၇၉၅ | ၃၅၄၉၄ |
| ၄။ | ကရင် | ၄၃၁၁၆၃ | ၄၃၆၀၂၉ | ၂၀၇၃၁၇ | ၅၀၇၃၅ | ၅၀၇၇၅ | ၆၇၈ | ၈၃၄၁ | ၈၇၀၈ | ၇၅၇၆ |
| ၅။ | ချင်း | ၇၇၂၈၇ | ၇၈၉၁၉ | ၆၈၄၄၆ | ၁၃၅၁၉ | ၁၄၉၁၅ | ၁၃၃၄၄ | ၆၇၇၄ | ၆၈၀၅ | ၇၂၀၈ |
| ၆။ | စစ်ကိုင်း | ၁၇၈၄၄၀၂ | ၁၈၂၅၀၀၀ | ၁၃၂၄၂၇၂ | ၁၁၁၉၉၈၈ | ၁၁၄၄၆၂၅ | ၈၁၈၂၄၄ | ၈၀၄၅၇၀ | ၈၂၅၆၀၀ | ၇၀၆၀၁၉ |
| ၇။ | တနင်္သာရီ | ၂၃၀၇၈၃ | ၂၃၀၇၅၁ | ၂၁၃၀၅၄ | ၁၅၃ | ၁၅၅ | ၁၃၁ | ၆၁၁ | ၆၇၈ | ၅၈၉ |
| ၈။ | ပဲခူး | ၂၆၉၂၉၃၁ | ၂၇၂၃၅၈၃ | ၂၆၄၆၁၄၀ | ၃၆၈၉၂ | ၃၆၁၉၈ | ၃၂၆၈၂ | ၁၇၆၁၉၇ | ၁၇၁၇၅၆ | ၁၈၄၁၂၄ |
| ၉။ | မကွေး | ၆၃၀၃၃၁ | ၆၃၆၉၄၃ | ၃၉၅၇၂၃ | ၆၈၉၉၄၅ | ၈၈၁၈၁၂ | ၄၃၄၄၉၇ | ၁၆၀၉၄၀၀ | ၁၆၂၄၁၈၁ | ၁၄၅၅၅၈၉ |
| ၁၀။ | မန္တလေး | ၅၂၄၁၃ | ၅၈၀၂၄၉ | ၃၂၇၅၉၀ | ၇၅၂၇၆ | ၈၆၂၅၂၀ | ၆၀၀၂၁၂ | ၁၃၄၈၆၆၆ | ၁၃၁၈၄၆၁ | ၁၂၇၀၉၀၉ |
| ၁၁။ | မွန် | ၆၈၅၀၀၈ | ၆၉၁၇၀၀ | ၆၆၅၃၈၁ | - | - | - | ၂၁၃၇ | ၃၀၆၅ | ၁၃၃၈ |
| ၁၂။ | ရခိုင် | ၁၀၀၅၅၆၂ | ၁၀၂၃၄၂ | ၉၄၅၀၁၂ | ၁၄၃၇ | ၁၆၁၁ | ၉၃၂ | ၅၁၄ | ၄၆၃၀ | ၄၇၉၈ |
| ၁၃။ | ရန်ကုန် | ၁၁၆၈၅၉၇ | ၁၁၈၁၂၃၂ | ၉၆၀၀၃၃ | - | - | - | ၈၀ | ၇၈ | ၄၅ |
| ၁၄။ | ရှမ်း | ၁၂၆၇၃၁၁ | ၁၂၆၇၀၃၅ | ၁၁၂၁၄၈၃ | ၂၃၈၃၆၅ | ၂၄၅၁၇၁ | ၂၁၄၂၁ | ၁၄၆၆၂၇ | ၁၅၅၀၁၂ | ၁၄၉၂၅ |
| ၁၅။ | ဧရာဝတီ | ၃၇၅၆၁၃၈ | ၃၇၅၅၈၀၅ | ၃၆၄၇၄၅၆ | ၃၁၄၁ | ၄၁၆၁ | ၃၂၁၂ | ၂၃၅၅၁ | ၂၃၅၅၀ | ၂၃၁၂၅ |
| ပြည်ထောင်စုချုပ် | | ၁၄၉၇၆၆၅၂ | ၁၅၁၃၈၃၄၄ | ၁၃၂၃၉၇၂၈ | ၂၀၀၄၈၀၄ | ၃၃၄၂၃၂၇ | ၂၈၄၁၉၄ | ၄၂၄၂၇၄၁ | ၄၂၄၈၄၆၁ | ၃၉၂၆၇၇၄ |
| စိုက်ပျိုးပြီးစီးမှုရာခိုင်နှုန်း | | | | ၈၇.၅% | | | ၆၅% | | | ၉၂.၄% |

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ဟင်းခတ်အမွှေးအကြိုင် စတဲ့သီးနှံစိုက်ဧကဟာ နှစ်စဉ်ဧက ၅၂ သန်းကျော် စိုက်ပျိုးလေ့ရှိပါတယ်။ ယခု ၂၀၂၀- ၂၀၂၁ ခုနှစ် မိုးစပါး၊ ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံများ စိုက်ပျိုးမှုကို ဇယား(၁)အတိုင်း တင်ပြအပ်ပါတယ်။ ကိန်းဂဏန်းများဟာ ၂-၉-၂၀၂၀ ရက်အထိ စိုက်ပျိုးပြီးစီးမှုများဖြစ်သလို ဆက်လက်စိုက်ပျိုးနေဆဲ ဖြစ်ပါတယ်။

ယခုနှစ်မိုးဦးရာသီမှာ မိုးရွာသွန်းမှုလျော့နည်းလို့၊ COVID ကလည်း ဖြစ်နေလို့၊ လယ်ယာလုပ်သားကလည်း ရှားပါးလို့ စတဲ့အကြောင်းပြချက်များနဲ့ တောင်သူဦးကြီးအများစုဟာ မိုးစပါးစိုက်ပျိုးရာမှာ အခြောက်ကြဲခြင်း၊ အစိုကြဲခြင်း၊ တိုက်ရိုက်အစေ့ချစိုက်ခြင်း၊ ပျိုးထောင်ပြီး ရွှေ့ပြောင်းစိုက်ခြင်း၊ ကောက်စိုက်စက်အသုံးပြုစိုက်ပျိုးခြင်းစတဲ့ စိုက်နည်းစနစ်အမျိုးမျိုးရှိတဲ့အနက် အခြောက်ကြဲခြင်း၊ အစိုကြဲခြင်း၊ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းစနစ်ဟာ စိုက်ဧကအားလုံးရဲ့ ၆၅ ရာခိုင်နှုန်းရှိကြောင်း လေ့လာသုံးသပ် တွေ့ရှိရပါတယ်။ ဒါကြောင့် ဆန်ကုန်သည်ကြီးများက အထွက်နှုန်း ကျဆင်းလျော့နည်းမှာကို စိုးရိမ်ကြပါတယ်။

## သီးနှံများ ပြည်ပတင်ပို့မှု

ကမ္ဘာပေါ်မှာ ကိုဗစ်- ၁၉ ကြောင့် စားနပ်ရိက္ခာရှားပါးမှု၊ ငတ်မွတ်မှုများနဲ့ ကြုံတွေ့နိုင်တာတွေကို ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်(WFP) က လူဦးရေ ၂၆၅ သန်းခန့် စားနပ်ရိက္ခာ မလုံလောက်မှု၊ ငတ်မွတ်မှုနဲ့ ကြုံတွေ့နိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ ယခုနှစ် ကိုဗစ်ကာလမှာ ကျွန်တော်တို့နိုင်ငံက ဆန်ကို ပြည်ပတင်ပို့ရောင်းချမှု ၄-၉-၂၀၂၀ ရက်နေ့အထိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်း ဇယားအရ ဆန်တန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် တန်ချိန်လေးသိန်းကျော် ပိုမိုတင်ပို့ရောင်းချခဲ့တာ တွေ့ရှိရပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ရဲ့ ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာစတဲ့ လယ်ယာထွက်ကုန်များ ပြည်ပတင်ပို့မှုကို ဇယား(၂)ပါ အတိုင်း တင်ပြအပ်ပါတယ်။

ဒါကြောင့် ဈေးကွက်မှာ Supply နဲ့ Demand ရောင်းလိုအားနဲ့ ဝယ်လိုအားအပေါ် မူတည်ပြီး ဈေးနှုန်း ဆိုတာဖြစ်တည်တာမို့ တောင်သူဦးကြီးများကို လက်တစ်ကမ်းမှာရှိတဲ့ အခွင့်အလမ်းကို အကျိုးအမြတ်ရအောင် ဖန်တီးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့အတူ အောက်ဖော်ပြပါ မိုးစပါးအထွက်နှုန်း တိုးတက်ရေးနည်းလမ်းများကို ဂရုပြုဆောင်ရွက်ဖို့ အထူးတိုက်တွန်းအပ်ပါတယ်။

(က) စပါးစိုက်ခင်းအတွင်းရှိ ပေါင်းမြက်စင်အောင် လူဖြင့်လည်းကောင်း၊ ပေါင်းသတ်ဆေး အသုံးပြု၍ လည်းကောင်း ပေါင်းရှင်းပါ။

(ခ) စပါးခင်းအတွင်း အစိုဓာတ်လုံလောက်မှု ရှိအောင် နံနက်/ညနေ တစ်နေ့နှစ်ကြိမ် ရေစိမ့်ပေါက်၊ ပုစွန်ပေါက်များမှ ရေစိမ့်ယိုမှု မရှိအောင် စစ်ဆေးပါ။

(ဂ) စပါးအထွက်နှုန်း တိုးတက်ရေးအတွက် ဌာနမှထောက်ခံထားသော ဓာတ်မြေဩဇာ နှုန်း ထားများအတိုင်း အချိုးညီ အချိန်ကိုက် ထည့်သွင်းပါ။

(ဃ) စပါးအရွက်တိုင်းကတ် (LCC) အသုံးပြု၍ နိုက်ထရိုဂျင်ဓာတ်မြေဩဇာ လိုအပ်ချက်ကို စစ်ဆေး၍ လိုအပ်ပါက အချိန်မီကျွေးပေးပါ။

ဇယား(၂)

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် | ကာလတူ (၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၄ ရက်နေ့ထိ) | | |
|---|---|---|---|---|---|---|
| | | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် |
| ၁။ | ဆန်နှင့် ဆန်ကွဲ | US $ | ၇၀၉.၆၉၂ | ၇၆၄.၄၂၈ | ၆၆၀.၃၆၈ | ၁၀၄.၀၆ |
| | | တန်ချိန် | ၂၃၅၅၉၀၀.၄၄၈ | ၂၅၀၁၂၅၇.၄၆၇ | ၂၁၈၈၂၈၃.၈၄၂ | ၃၁၂၉၇၃.၆၂၅ |
| | (က) ဆန် | US $ | ၅၇၂.၅၁ | ၅၁၀.၇၁၅ | ၅၃၆.၁၈၁ | -၂၅.၄၆၆ |
| | | တန်ချိန် | ၁၈၃၆၆၁၅.၉၄၈ | ၁၅၆၇၀၅၉.၈၇၇ | ၁၇၂၁၂၉၄.၄၈၂ | -၁၅၄၂၃၄.၆၀၅ |
| | (ခ) ဆန်ကွဲ | US $ | ၁၃၇.၁၈၂ | ၂၅၃.၇၁၃ | ၁၂၄.၁၈၇ | ၁၂၉.၅၂၆ |
| | | တန်ချိန် | ၅၁၉၂၈၄.၅ | ၉၃၄၁၉၇.၅၉ | ၄၆၆၉၈၉.၃၆ | ၄၆၇၂၀၈.၂၃ |
| ၂။ | ပဲအမျိုးမျိုး | US $ | ၁၀၂၆.၃၀၆ | ၁၁၅၂.၃၆၈ | ၉၄၃.၇၈၈ | ၂၀၈.၅၈ |
| | | တန်ချိန် | ၁၆၄၀၀၆၁.၆၂၆ | ၁၅၅၂၇၆၃.၁၆၆ | ၁၅၀၅၀၀၄.၃၀၂ | ၄၇၇၅၈.၈၆၄ |
| ၃။ | ပြောင်း | US $ | ၂၇၇.၀၈ | ၃၆၇.၄၇၃ | ၂၆၉.၃၆၅ | ၉၈.၁၀၈ |
| | | တန်ချိန် | ၁၅၃၁၀၇၀.၆၉၇ | ၂၂၁၇၆၀၇.၆၉၅ | ၁၄၈၃၇၄၂.၁၀၉ | ၇၃၃၈၆၅.၅၈၆ |
| ၄။ | နှမ်း | US $ | ၁၉၃.၆၂၃ | ၂၄၃.၄၆၇ | ၁၆၉.၂၉၉ | ၇၄.၁၆၈ |
| | | တန်ချိန် | ၁၁၆၇၄၃.၀၆၃ | ၁၅၁၄၈၆.၁၈၄ | ၁၀၃၀၄၁.၂၃၈ | ၄၈၄၄၄.၉၄၆ |
| ၅။ | ရော်ဘာစိမ်း | US $ | ၂၅၇.၇၅၂ | ၂၃၇.၉၉၂ | ၂၄၈.၄၀၅ | -၁၀.၄၁၃ |
| | | တန်ချိန် | ၂၀၀၄၁၈.၁၄၂ | ၁၉၆၅၃၂.၃၇၄ | ၁၉၃၅၉၀.၈၆၂ | ၂၉၄၁.၅၁၂ |

(င) ပုလဲဓာတ်မြေဩဇာကို အပင်ပွားစီးချိန်နှင့် အနံ့မထွက်မီ ငါးရက်အလိုတွင် ၂၅ ကီလို (အိတ်ဝက်) နှုန်းစီနှင့် မှိုကပ်ချိန်တွင် ပိုတက်ရှ်မြေဩဇာကို တစ်ဧက ၁/ ၄ အိတ်နှုန်းမဖြစ်မနေ ထည့်ပေးပါ။

(စ) ပိုးမွှားရောဂါကျရောက်မှု ရှိ/ မရှိ ကွင်းဆင်းကင်းထောက်မှတ်တမ်းကောက်ပြီး လိုအပ်ပါက ပိုးသတ်ဆေးပက်ဖျန်း ကာကွယ်နှိမ်နင်းပါ။

(ဆ) စိုက်ခင်းအတွင်း ရေအလေအလွင့်မရှိအောင် ထိန်းသိမ်းပါ။ အောင်ရေထိန်းပါ။ (ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုကို အထူးသတိပြုပါ)။

(ဇ) စပါးနှံ ၈၅ ရာခိုင်နှုန်းခန့် ရင့်မှည့်ချိန် (မောင်းညိုချိန်)တွင် အလေအလွင့်မရှိအောင် ရိတ်ခြွေစက် အသုံးပြု၍ ရိတ်သိမ်းပါ။

(ဈ) ရိတ်သိမ်းချိန်တွင် ကြုံတွေ့ရတတ်သော အခါလွန်မိုးရွာသွန်းလျှင် စပါးခင်းမှ ရေကို မြန်မြန်ထွက်အောင် ရေထုတ်ပါ။ စိမ့်မြောင်း၊ ပတ်မြောင်းများ ဖောက်ထားပါ။

(ည) ဆန်အရည်အသွေး ကောင်းမွန်အောင် အခြောက်ခံစက်(သို့မဟုတ်) တလင်းမှာ နေလှန်း၍ စပါးအစိုဓာတ် (၁၃-၁၄)ရာခိုင်နှုန်းရအောင် အခြောက်ခံပါ။

လယ်သမားအများစုဟာ မိုးစပါးရိတ်ပြီးရင် ပဲတီစိမ်း၊ မတ်ပဲသီးနှံတွေကို သီးထပ်စိုက်ပျိုးကြတာမို့ အနားက ဝယ်လိုအားများတဲ့ အိန္ဒိယရဲ့ လိုအပ်ချက်၊ တရုတ်ရဲ့ လိုအပ်ချက်နဲ့ GAP ပဲတွေကို EU နိုင်ငံများက ဝယ်လိုအားတွေ ရှိနေတာကြောင့် ပဲမျိုးစုံသီးနှံကိုလည်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)စနစ် လိုက်နာကျင့်သုံးပြီး စိုက်ကြဖို့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့ လယ်သမားတွေ ကိုဗစ်-၁၉ ရောဂါကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားချက်၊ ဒေသန္တရ စည်းမျဉ်း စည်းကမ်းများကို လိုက်နာရင်း မိမိရဲ့မိုးစပါးအထွက်နှုန်းမလျော့နည်းစေဘဲ အထွက်တိုးဖို့၊ ပဲသီးထပ်တွေ GAP စနစ် ကျင့်သုံးပြီး စိုက်ကြဖို့၊ ဒီနှစ် မိုးနည်းလို့ ရေကို အကျိုးရှိအောင် သုံးစွဲထိန်းသိမ်းဖို့နဲ့အခက်အခဲ၊ အဟန့်အတား၊ စိန်ခေါ်မှုများထဲက အခွင့်အလမ်းကို အမိအရ လှမ်းကိုင်ပြီး တောင်သူဝင်ငွေ တိုးတက်ရေး၊ ပြည်ပပို့ကုန် ပိုမိုတင်ပို့နိုင်ရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းကြပါစို့လို့ တိုက်တွန်းရေးသားတင်ပြလိုက်ရပါတယ်။ ။

# အထူးဝမ်းနည်းကြေကွဲခြင်း

မဟာသဒ္ဓမ္မဇောတိကဓဇ ဦးလှမြင့်(ကဗျာဆရာကြီး မောင်ပန်းမွှေး) အသက်(၈၁)နှစ်သည် ၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၅နာရီတွင် ရုပ်နှင့်နာမ်ကွဲကွာသွားပါသဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) အနေဖြင့် အကြီးမားဆုံး ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပြီး အထူးဝမ်းနည်းကြေကွဲရပါသည်။

အာရုဗုဒ္ဓဘာသာ အဖွဲ့ကြီး ပေါ်ပေါက်လာစေရန် အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သလို အသင်းကြီးမှ ထုတ်ဝေသည့် သာသနာ့ အလင်းဂျာနယ်တွင် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့ခြင်း၊ သာသနာတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းကြောင်းများ ပြန်လည်ဖော်ထုတ်ပေးခဲ့ခြင်းအပြင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခတစ်ဦး၏ အတွေ့အကြုံများနှင့် ဘာသာရေးကျင့်ကြံအားထုတ်ခဲ့သည့် အသိပညာ အတွေ့အကြုံများကို အခြေခံပြီး ဘာသာရေးနှင့်ဆိုင်သော စာပေများ စာအုပ်စာတမ်းများ များစွာ ရေးသားခဲ့သည့်အတွက် ထေရဝါဒ ဗုဒ္ဓဘာသာ၊ သာသနာအတွက် တန်ဖိုးမဖြတ်နိုင်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပါသည်။

ဦးလှမြင့် (ကဗျာဆရာကြီး မောင်ပန်းမွှေး) သည် ရုပ်နှင့်နာမ် ကွဲကွာသွားသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)မှ ဝမ်းနည်းကြေကွဲစွာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် (တောင်) သစ်ထုတ်ရေးဒေသ တောထုတ်/ကားတိုက်ပို့ဆောင်ခြင်းအတွက် ၂၀၂၀-၂၀၂၁ခုနှစ် သစ်ထုတ်ရာသီထွက်ရှိလာမည့် သစ်များကို အငှားကားဖြင့် သယ်ယူပို့ဆောင်ခြင်းအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ သာမန်အသုံးစရိတ်ဖြင့် ဝန်ဆောင်မှုရယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | Lot No | ခရီးစဉ် | | သစ်တန် | မှတ်ချက် |
|---|---|---|---|---|---|
| | | မှ | သို့ | | |
| ၁။ | Lot-1/NPT | ထုံးကြီးတောင်ကြိုးဝိုင်း အကွက် (၁၁) | ကင်းသာ | ၁၅၀၀ | တောထုတ်/ ကားတိုက် |
| ၂။ | Lot-2/NPT | ထုံးကြီးတောင်ကြိုးဝိုင်း အကွက် (၁၂) | ကင်းသာ | ၁၉၀၀ | တောထုတ်/ ကားတိုက် |
| | | စုစုပေါင်း | | ၃၄၀၀ | |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
- (က) **တင်ဒါလျှောက်လွှာ ရောင်းချရမည့်ရက်** - ၁၈-၉-၂၀၂၀ရက်မှ ၁၉-၁၀-၂၀၂၀ရက်အထိ
- (ခ) **တင်ဒါပိတ်မည့်ရက်** - ၂၀-၁၀-၂၀၂၀ရက် ညနေ ၁၆း၀၀နာရီ
- (ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂၂-၁၀-၂၀၂၀ရက် နံနက် ၁၀နာရီ
- (ဃ) **လျှောက်လွှာရောင်းချမည့်နေရာ** - မြန်မာ့သစ်လုပ်ငန်း၊ ပြည်ထောင်စုနယ်မြေ၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပျဉ်းမနားမြို့

၃။ လ အလိုက် သယ်ယူပို့ဆောင်ရမည့် သစ်တန်ပမာဏနှင့် တင်ဒါစည်းကမ်းချက်များအား တင်ဒါလျှောက်လွှာဝယ်ယူမည့်နေရာတွင် တစ်ပါတည်းထုတ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက
- (က) မြန်မာ့သစ်လုပ်ငန်းဝက်ဆိုက် - www.mte.com.mm
- (ခ) ဒုတိယထွေထွေမန်နေဂျာ(ရုံး) ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားမြို့ - ဖုန်း-၀၉-၂၀၂၁၃၂၈

၅။ သစ်ထုတ်ရေး၏ တောတွင်းလုပ်ငန်းသဘာဝအရ Lot တစ်ခုချင်းစီအတွက် ကားတိုက်မိုင်နှင့် သစ်တန် အတိုး/အလျှော့ရှိနိုင်ပါ သည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## အများသိရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဂျယာလပ်ချမီး ၉/မမန(နိုင်)၀၂၃၈၃၈ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့နေ ၏လွှဲအပ်ညွှန် ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဂျယာလပ်ချမီးပါ (၃)ဦးအမည်ပေါက်ပိုင်ဆိုင်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး( ၃)၊ အကွက်နံပါတ် (၃/က)၊ ဦးပိုင်အမှတ်(၅)၊ မြေယာအနံပါတ်(၄၃)၊ မြေရေိယာ(၂ဒသမ၁၂၉)မှ ခွဲ၍ ဦးပိုင်(၃/က)၊ ဦးပိုင်နံပါတ်(၅-ဈ)၊ မြေယာနံပါတ်(၄၃-အိုင်)၊ မြေရေိယာ(၀ဒသမ၀၇၃)ဂရန်အမှုနံပါတ် ၉၀၇/၁၉၉၆-၉၇မြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ဒေါ်ဂျယာလပ်ချမီး၏ပိုင်ဆိုင်မှု မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအားလုံး၊ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအားလုံးအား မြေးများဖြစ်သော ကိုဝေလင်းအောင် ၉/ပဥလ(နိုင်)၀၆၄၅၅၀၊ မကေမျိုးသွယ် ၉/ပဥလ(နိုင်) ၀၉၃၈၈၄၊ မသိမ့်သိမ့်ကျော်၊ မမီမီလင်းတို့အား တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အပြီးအပိုင်လွှဲပြောင်းပေးအပ်တော့မည်ဖြစ်သောကြောင့် ယင်းလွှဲပြောင်းခြင်းနှင့် ပတ်သက်ပြီး ကန့်ကွက်မည့်သူများရှိပါက ယနေ့မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၁၄ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါ က ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းယုမွန်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၀၆၀၁)**
**အမှတ်(၄၉/စ)၊( စ)ရပ်ကွက်၊ ဟော်ကုန်း၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၅၆၅၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁ကံဘဲ့၊ လူနေရပ်ကွက်အမှတ်-မိကျောင်းကန် အပိုင်း(၂)၊ မြေကွက်အမှတ်-၃/၅၊ ဧရိယာ ၁၂၀၀ စတုရန်းပေ (၀ဒသမ၀၂၇)ကေ၊ အလျား ၆၀ ပေ x အနံ ၂၀ ပေ အကျယ်အဝန်းရှိသော ဒေါ်တင်နွဲ့အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၂)ရပ်ကွက်၊ သီရိရတနရိပ်သာ၊ ရတနာလမ်းသွယ်၊ အမှတ်(၃/၅)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား လက်ရှိထားပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်လင်း ၁၂/သဃက(ဧည့်) ၀၀၀၁၅၃ထံမှ အပြီးအပိုင် ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်အားပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နွယ်နီအောင်(LL.B,LL.M,D.I.R)** | **ဒေါ်ခိုင်ခိုင်ထွန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၈)** | **အထက်တန်းရှေ့နေ(စဉ်-၄၆၉၆၄)** |
| **အမှတ်(၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅လမ်း၊** | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** |
| **ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈** | |

## စာချုပ်စာတမ်းမူကြမ်းအား ကန့်ကွက်တင်ပြနိုင်ရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၃၄)**
**ပြည်မြို့နယ်တရားမရုံးတော်၌**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၆၀**

ဦးစည်သူ **တရားနိုင်** နှင့် ဦးတင်လှ **တရားရှုံး**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ အောင်ဆန်း၊ ပြည်သာယာရပ်ကွက်၊ တိုင်းလျှပ်စစ်ရုံးဝင်းနေ တရားရှုံး ဦးတင်လှ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

အထက်ဖော်ပြပါအမှုတွင် ဒီကရီအနိုင်ရသူက နောက်တွင် မူကြမ်းအဖြစ်ပူးတွဲပါရှိသည့်အောက်တွင် သီးခြားဖော်ပြထားသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်းသည့် မြေနှင့်အဆောက်အအုံအပြီးအပိုင် အရောင်းအဝယ်စာချုပ်စာတမ်းကို ရုံးတော်က သင်၏ကိုယ်စားချုပ်ဆိုပေးနိုင်ရန် ၁၉-၈-၂၀၂၀ရက်တွင် ဤရုံးတော်သို့ လျှောက်လွှာတင်သွင်းလာသည်ဖြစ်၍ ဆိုခဲ့သည့်လျှောက်လွှာကို ကြားနာရန် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်သို့ ချိန်းဆိုထားရှိရာ သင်က အဆိုပါနေ့ရက်တွင် ရုံးတော်သို့ လာရောက်၍ ဆိုခဲ့သည့် စာချုပ်မူကြမ်းကို တစ်စုံတစ်ရာ ရေးသားကန့်ကွက်ချက်များ တင်သွင်းလိုပါက တင်သွင်းနိုင်ရန် အကြောင်းကြားလိုက်သည်။

**ပစ္စည်းစာရင်း**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ နဝင်းတိုးချဲ့ ကွက်သစ်(၈)လမ်း၊ အမှတ်(၂/၁၈)၊ ဦးပိုင်အမှတ်-၁၈၊ ဧရိယာ ၀ဒသမ၀၅၅ကေ ကျယ်ဝန်းသည့် မြေကွက်

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နေဦး)**
**မြို့နယ်တရားသူကြီး**
**ပြည်မြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

BIO SYSTEM (BIO SYS) CO.,LTD. ၏ သွင်းကုန်ကြေငြာလွှာ (၉)စောင်

၁။ (ID No. 100055724900)
၂။ (ID No. 100055779130)
၃။ (ID No. 104892)
၄။ (ID No. 100040635111)
၅။ (ID No. 100041409900)
၆။ (ID No. 100035472241)
၇။ (ID No. 100051244160)
၈။ (ID No. 100028154110)
၉။ (ID No. 100076446520) မှာ ပျောက်ဆုံးသွားပါကြောင်း။

BIO SYSTEM (BIO SYS) CO.,LTD.
ဖုန်း - ၀၁-၃၆၈၇၉၃၂

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးတင်အုန်း ၁၂/ဒဂန(နိုင်) ၀၀၂၄၆၅၊ ဒေါ်အေးအေးသောင်း ၁၂/ဒဂန(နိုင်)၀၀၉၀၉၀တို့၏ လွှဲအပ်ညွှန်ကြားချက်နှင့်အညီ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးတင်အုန်း၊ ဒေါ်အေးအေးသောင်းတို့၏သား မောင်ဝေယံနိုင် ၁၂/ဒဂန (နိုင်)၀၃၃၂၄၇သည် မိဘများ၏ ပြောဆိုဆုံးမမှုများကို မနာခံဘဲ မိဘတို့အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘတို့၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုလုပ်ခြင်းနှင့် မိဘမောင်နှမများ သဘောမတူသော အမျိုးသမီးနှင့် မိမိသဘောဆန္ဒအလျောက် လက်ထပ်သွားပါသောကြောင့် (၁၀-၉-၂၀၂၀) ရက်မှစ၍ မောင်ဝေယံနိုင်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင် မောင်ဝေယံနိုင်နှင့်တကွ ၎င်းဇနီး၊ သားသမီးတို့သည် ဦးတင်အုန်း၊ ဒေါ်အေးအေးသောင်းတို့နှင့် မသက်ဆိုင်ပါကြောင်းနှင့် ၎င်းတို့နှင့်ပတ်သက်သော ကိစ္စအဝဝကို ဦးတင်အုန်း၊ ဒေါ်အေးအေးသောင်းတို့မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင်အုန်း၊ ဒေါ်အေးအေးသောင်းနှင့် မိသားစုဝင်များအား လူမှုကွန်ရက် (Social Network) Facebook စာမျက်နှာများတွင် ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြောဆိုရေးသားစော်ကားခြင်းများရှိပါက မည်သူကိုမဆို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရည်မွန်အောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၁၂)**
**အမှတ်(၈၃/၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၈၈၂၈၈၃၁၈**

## အများသိစေရန်ကြေညာခြင်း

တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်ရှိ အထက (ခွဲ) ဗိုလ်မင်းရောင်ကျောင်းမှ စိုက်ပျိုးရေးအထက်တန်းကျောင်းစီမံကိန်းအတွက်ဟု အကြောင်းပြပြီး (၁၉၈၃)ခုနှစ်တွင် ကွင်းအမှတ် (၁၃၁၉)ကွင်း၊ ကွင်းအမည်(ဗိုလ်မင်းရောင်ကွင်း)တွင် မြေရေိယာ ၃၄ဒသမ၃၀ကေအား သိမ်းဆည်းခဲ့ပြီး အဆိုပါသိမ်းဆည်းသွားသော လယ်ယာမြေများတွင် ဦးပိုင်အမှတ် (၅၄)၊ ကွင်းအမည်(ဗိုလ်မင်းရောင်) ကွင်းအတွင်းမှ ဦးသိန်းဌေး (ဘ)ဦးအောင်ရှိန်၏ဘိုးဘွားပိုင်လယ်ယာမြေ (၁၃)ကေ၊ ဦးပိုင်အမှတ် (၃၉)၊ ကွင်းအမည်(ဗိုလ်မင်း ရောင်) ကွင်းအတွင်းမှ ဒေါ်တင်တင်အုန်း(ဘ)ဦးမောင်ပု၏မိဘများပိုင် လယ်ယာမြေ ၄ဒသမ၀၀ကေ၊ ဦးပိုင်အမှတ် (၄၉)၊ ကွင်းအမည် (ဗိုလ်မင်းရောင်) ကွင်းအတွင်းမှ ဦးမျိုးသူရိန်ဝင်း၏အဘိုးအဘွားများဖြစ်ကြသော ဦးကျော်ထူး-ဒေါ်ရွှေတို့ပိုင်ဆိုင်ခဲ့သည့် လယ်ယာမြေ ၂ဒသမ၀၀ကေ၊ ဦးပိုင်အမှတ် (၄၉-ဃ)၊ ကွင်းအမည်(ဗိုလ်မင်းရောင်)ကွင်းအတွင်းမှ ဦးကျော်ဝင်း၏အဘိုးအဘွားများပိုင်ဆိုင်သော လယ်ယာမြေ ၁ဒသမ၆၀ကေတို့အား သိမ်းဆည်းခံလယ်ယာမြေများအတွင်း ပါဝင်သွားခဲ့ပါသည်။ အထက်ပါတောင်သူများမှ ၂၀၁၀ ခုနှစ် နောက်ပိုင်းတွင် သိမ်းဆည်းခံလယ်ယာမြေများကို ပြန်လည်စွန့်လွှတ်ရန် သက်ဆိုင်ရာဌာနများသို့ အဆင့်ဆင့်တင်ပြခဲ့ရာ (၂၀၁၄) ခုနှစ် သုံးလပိုင်းခန့်က တောင်သူများမှ ၎င်းတို့၏ လယ်ယာမြေများအား ပြန်လည်လက်ရောက်ရရှိပြီး စဉ်ဆက်မပျက် လက်ရှိထားပိုင် ဆိုင်ခဲ့ကြပါသည်။ ထိုသို့လုပ်ကိုင်လာရင်း ၁၅-၅-၂၀၂၀ ရက်တွင် အထက(ခွဲ) ဗိုလ်မင်းရောင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် မြို့နယ်ပညာရေးမှူး၊ ကျောင်းကော်မတီဥက္ကဋ္ဌတို့ ဦးဆောင်၍ ခြံစည်းရိုးကာရံခြင်းများ ဆောင်ရွက်ခဲ့ကြရာ တောင်သူများမှ တားမြစ်ခဲ့သော်လည်း အတင်းအဓမ္မ ဝင်ရောက်ကာရံသဖြင့် လယ်ယာမြေများအား လက်လွှတ်ဆုံးရှုံးခဲ့ရပြီး သီးနှံပင်များပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ထို့အတွက်ကြောင့် အတင်းအဓမ္မ ဝင်ရောက်ကာရံထားသော ခြံစည်းရိုးအား ဖျက်သိမ်းပေးရန် သက်ဆိုင်ရာဌာနနှင့် တာဝန်ရှိသူများ သိရှိနိုင်ရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဌေး၊ ဒေါ်တင်တင်အုန်း၊ ဦးမျိုးသူရိန်ဝင်း၊ ဦးကျော်ဝင်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးယုယချစ်(အထက်တန်းရှေ့နေ)**
**အမှတ် (ဒ-၃၂၆၀၁)၊ ရတီ (၉)လမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၂၀၇၃၄၆၈၃၊ ၄၂၀၇၃၄၆၈၄**

## (၉-၉-၂၀၂၀)ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာပါ အမွေဆိုင်ပစ္စည်းများဖြစ်ကြောင်း အများသိစေရန် ကြေညာချက်အား ပြန်လည်ဖြေရှင်းအသိပေးခြင်း

၁။ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃၂)လမ်း၊ အမှတ်(၅၅)၊ မြေညီထပ်နေ ဦးမောင်ကောက်နှင့် ဒေါ်ကြည်(ခ)ဒေါ်ခွေးမတို့၏ သားများ ဖြစ်သော(၁)ဦးအောင်သန်း ၁၂/ပဘတ(နိုင်)၀၀၅၀၃၄၊ (၂)ဦးမောင်မောင်ဦး ၁၂/ပဘတ(နိုင်) ၀၁၈၃၆၁တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ ဦးမောင်ကောက်နှင့် ဒေါ်ကြည်တို့၏သား/သမီးများမှာ (၁)ဒေါ်နွဲ့နွဲ့ရီ ၁၂/ကတတ(နိုင်) ၀၂၃၃၀၃၊ (၂) ဒေါ်ဝင်းဝင်း ၁၂/ကတတ(နိုင်)၀၂၈၀၆၅၊ (၃) ဦးအောင်ဝင်း ၁၄/ရကန(နိုင်) ၀၈၃၄၉၈၊ (၄) ဒေါ်ယဉ်ယဉ်ကြည် ၁၂/ကတတ(နိုင်)၀၂၃၆၅၈၊ (၅)ဒေါ်ခင်သီ ၁၄/ရကန (နိုင်)၀၈၁၀၈၃၊ (၆) ဒေါ်ခင်ကြည် ၁၂/ပဘတ(နိုင်) ၀၀၄၂၄၀(ကွယ်လွန်)၊ (၇)ဦးအောင်သန်း ၁၂/ပဘတ(နိုင်)၀၀၅၀၃၄၊ (၈) ဦးခင်မောင်သန့် ၁၂/ပဘတ(နိုင်)၀၃၀၂၈၆၊ (၉) ဦးမောင်မောင်ဦး ၁၂/ပဘတ(နိုင်)၀၁၈၃၆၁တို့ဖြစ်ပါသည်။

၃။ ဖခင် ဦးမောင်ကောက်သည် (၁၅-၇-၁၉၆၈)ရက်ကလည်းကောင်း၊ မိခင် ဒေါ်ကြည် (ခ) ဒေါ်ခွေးမသည် ၆-၈-၂၀၂၀ရက်ကလည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသည်။

၄။ ဖခင် ဦးမောင်ကောက် ကွယ်လွန်ပြီးနောက် မိခင် ဒေါ်ကြည်မှ သား/သမီး (၉)ဦးအား ကြိုးစားရှာဖွေ၊ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ရာ၊ အသက်အရွယ်ရရှိလာပါ၍ ၂၀၀၀ပြည့်နှစ်တွင် ဦးစွာမိသားစုစီမံမှုကို ဆောင်ရွက်ခဲ့ပါသည်။ (၁၇-၅-၂၀၀၀) ရက်စွဲဖြင့် အမှတ်(၅၅)၊ မြေညီထပ်၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ တိုက်ခန်းအား မိခင် ဒေါ်ကြည်မှ သမီး ဒေါ်ခင်ကြည်အား မေတ္တာဖြင့်အပိုင်ပေးစာချုပ်ချုပ်ဆို၍ ပေးအပ်ခဲ့ပါသည်။

၅။ (၄-၄-၂၀၀၂)ရက်စွဲဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ကျောင်းကြီးတိုက်လမ်းရှိ ဦးပိုင် ၇၁၊ မြေကွက်အမှတ်(၅၅)မြေ မြေပေါ်ရှိ နှစ်ထပ်အိမ်တစ်လုံးနှင့် ကျပ်ငွေဆယ်သိန်းတိတိကို မိခင်ဒေါ်ကြည်မှ သားဦးအောင်ဝင်းအား အမွေပေးစာချုပ်ချုပ်ဆို၍ ပေးအပ်ခဲ့ပါသည်။

၆။ (၈-၉-၂၀၀၈)ရက်စွဲဖြင့် မိခင် ဒေါ်ကြည်မှ သား/သမီး (၉)ဦးအား မိသားစုစီမံချက်ဖြင့် အမွေအသီးသီးကို စာချုပ်ချုပ်ဆိုကာ ပေးအပ်ခဲ့ပါသည်။

၇။ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ငါးသိုင်းချောင်းမြို့၊ ကုန်သည်လမ်း၊ အမှတ်(၇)(ခ)၊ အကွက်အမှတ် ၂(အေ) ဈေးပိုင်း၊ ဦးပိုင်အမှတ်(၁၀)ဟုခေါ်တွင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအား (၈-၉-၂၀၀၈)ရက်စွဲဖြင့် ဒေါ်ကြည်မှ သားဖြစ်သူများ ဦးအောင်သန်း၊ ဦးခင်မောင်သန့်၊ ဦးမောင်မောင်ဦး (၃)ဦးအား စာချုပ်ချုပ်ဆို၍ ပေးအပ်ခဲ့ပါသည်။

၈။ အမှတ်(၅၁)၊ စတုတ္ထအလွှာ၊ ၄၁လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ တိုက်ခန်းမှာ ဦးမောင်မောင်ဦး အမည်ပေါက် ဦးမောင်မောင်ဦး ကိုယ်တိုင် ပိုင်ဆိုင်သောတိုက်ခန်းဖြစ်ပါသည်။

၉။ အမှတ်(၈၄၃)၊ မြေညီထပ်၊ သမာဓိလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ တိုက်ခန်းမှာ ဒေါ်ခင်ကြည် အမည်ပေါက် ဒေါ်ခင်ကြည် ကိုယ်တိုင်ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။

၁၀။ (၂၅-၇-၂၀၁၉)ရက်စွဲဖြင့် အမှတ်(၅၅)၊ မြေညီထပ်၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ တိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်ကြည်မှ မောင်တော်စပ်သူ ဦးအောင်သန်းအား မေတ္တာဖြင့် အပိုင်ပေးစာချုပ်ချုပ်ဆို၍ ပေးအပ်ခဲ့ပါသည်။

၁၁။ အထက်ဖော်ပြပါ ပစ္စည်းများကို လွှဲအပ်ညွှန်ကြားသူများဖြစ်သော ဦးအောင်သန်း၊ ဦးမောင်မောင်ဦးတို့နှစ်ဦး၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ မွမ်းမံခြင်း၊ မတရားကျူးကျော်ခြင်းနှင့် မိမိရရှိလက်ခံထားသည့် အမွေပိုင်ဆိုင်မှုကို ကျော်လွန်၍ အမွေပိုင်ဆိုင်မှုရှိပါသည်ဟုပြောဆို၊ ပြုမူခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါ က ပြုလုပ်သူနှင့်ပါဝင်ပတ်သက်သူတို့အပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေရှင်းအသိပေးအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | **လွှဲအပ်ညွှန်ကြားခံရသူ-** |
| **၁။ ဦးအောင်သန်း** | **ဦးသန်းလှိုင်(ဥပဒေဘွဲ့)** |
| **၂။ ဦးမောင်မောင်ဦး** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၆)(၈-၂-၂၀၀၅)** |
| | **အမှတ်(၉/၁၁)၊ မြေညီ၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊** |
| | **ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၆၉၂၇** |

## သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ**

၁။ (၁၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည(၈:၀၀)နာရီအတွင်း COVID-19 ဓာတ်ခွဲ စစ်ဆေးချက်များအရ-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၅၂)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) ဓာတ်ခွဲနမူနာ (ပထမအသုတ်)ဓာတ်ခွဲနမူနာ (၂၅၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၄၃၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၅၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၈၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၁၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တာချီလိတ်မြို့မှ ဓာတ်ခွဲနမူနာ (၁၇) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၁၀) ခုနှင့်
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၇၀) ခု

စုစုပေါင်း (၁,၇၃၀)ခု အား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄၈) ဦး တွေ့ရှိရပါသည်။

၂။ (၁၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၄,၀၄၃) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များအနက် စုစုပေါင်း (၉၄၄) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၄။ (၁၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ထပ်မံသေဆုံးသူ (၃) ဦးရှိသည့်အတွက် ယနေ့ နံနက် (၈:၀၀) နာရီမှ ည (၈:၀၀)နာရီအထိ သေဆုံးသူစုစုပေါင်း (၁၄) ဦးရှိပါသည်။ (သေဆုံးသူ (၁၁) ဦး၏ အချက်အလက်များအား မွန်းလွဲ (၃:၀၀)နာရီသတင်းတွင် ဖော်ပြပြီးဖြစ်ပါသည်။)

*စာမျက်နှာ ၂၃ ကော်လံ ၁* ●

## ဗမာပြည်သူ့ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် စက်တင်ဘာ ၁၇

ဗမာပြည်သူ့ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆၊ ၁၇ နှင့် ၁၈ တို့တွင် ဖော်ပြပါရှိပါသည်။ **မြန်မာ့အလင်း**

## မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၊ မြန်မာအမျိုးသားကွန်ဂရက်ပါတီနှင့် တအာင်း(ပလောင်)အမျိုးသားပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၁၇

မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၊ မြန်မာအမျိုးသားကွန်ဂရက်ပါတီနှင့် တအာင်း(ပလောင်)အမျိုးသားပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၈ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၉ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။ **သတင်းစဉ်**

## ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၁၇

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို စက်တင်ဘာ ၁၉ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာများ၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသတုံ့ပြန်ရေးကဏ္ဍအားလုံး၌ YRTA က နေ့စဉ် ၂၄ နာရီကာလပတ်လုံး ပါဝင်ဆောင်ရွက်ပေးနေ

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသတုံ့ပြန်ရေးကဏ္ဍအားလုံး၌ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)အနေဖြင့် နေ့စဉ် ၂၄ နာရီကာလပတ်လုံး ပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကုသရေးပိုင်းတွင် အဓိကဆောင်ရွက်ပေးလျက်ရှိသော ဆရာဝန်၊ ဆရာမများနှင့် သူနာပြုများ၊ လူမှုကူညီရေးအဖွဲ့အစည်းများအား သွားလာရေးအဆင်ပြေချောမွေ့စေရေး နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

### သယ်ယူပို့ဆောင်ပေး

နေ့စဉ် ကျန်းမာရေးဝန်ထမ်းများ နေထိုင်ရာဒေသမှ တာဝန်ကျရာဆေးရုံများသို့ သွားရောက်နိုင်ရေးအတွက် YRTA ယာဉ် အစီးရေ ၃၀ ခန့်ဖြင့် အကြိုအပို့ဆောင်ရွက်ပေးလျက်ရှိပြီး လူမှုကူညီရေးအသင်းအဖွဲ့ဝင်များအား စုရပ်နှင့် အသွားအလာကန့်သတ်စောင့်ကြည့်ရာနေရာများသို့ အသွားအပြန်အတွက် YRTA ယာဉ် အစီးရေ ၁၅ စီးခန့်ဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ◆



ကမာရွတ်မြို့နယ်အတွင်းရှိ အသွားအလာကန့်သတ်ထိန်းချုပ်သည့် နေရာများသို့ YRTA မှ ယာဉ်များဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - လင်းညွန့်

## ရီးရဲမက်ဒရစ် ကစားသမားနှစ်ဦးကို ခေါ်ယူရန် စပါးအသင်း နီးစပ်လာ

ဆာဂျီယိုရီဂူလွန်သည် ရီးရဲမက်ဒရစ်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ရေးအတွက် ဆေးစစ်မှုခံယူရန် စပါးအသင်း၏ လေ့ကျင့်ရေးကွင်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ စပါးအသင်းသည် အဆိုပါကစားသမားကို ခေါ်ယူရန် ပေါင် ၂၅ သန်းခန့် ကုန်ကျဖွယ်ရှိကြောင်း သိရသည်။





စပါးအသင်းက ခေါ်ယူလိုသည့် ရီးရဲမက်ဒရစ်မှ ဆာဂျီယိုရီဂူလွန်နှင့် ဂါရက်ဘေးလ်။

ရီးရဲမက်ဒရစ်အသင်းအနေဖြင့် အဆိုပါ အသက် ၂၃ နှစ်အရွယ် ခံစစ်ကစားသမားကို ပေါင် ၃၆ သန်း ဝန်းကျင်ဖြင့် ပြန်လည်ခေါ်ယူခွင့်ရှိကြောင်း သိရသည်။ စပါးအသင်းသည် တနင်္ဂနွေနေ့တွင် ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်အတွက် အချိန်မီအမည်စာရင်းတင်သွင်းနိုင်ရန်အတွက် အပြောင်းအရွှေ့ကို မြန်မြန်အပြီးသတ်လိုနေသည်။ ရီဂူလွန်သည် ဩဂုတ် ၂၁ ရက်တွင် ဆီဗီလာအသင်းနှင့်အတူ ယူရိုပါလိဂ်ဖလားကို ဆွတ်ခူးရရှိထားသူဖြစ်သည်။

သို့သော်လည်း စက်တင်ဘာ ၆ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပြိုင်ပွဲ၌ စပိန်အသင်းက ယူကရိန်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်၌ စပိန်အသင်းတွင် ပွဲချိန်ပြည့် ပါဝင်ကစားခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ■